
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

ရွှေဂူရှင်မ ........................................ ၅
စုန်းရွာကြီး ........................................ ၄၃
တောင်ပုလဲကျွန်း ........................................ ၈၉
တမ္ဘွေရှင်သွား ........................................ ၁၂၉

www.burmeseclassic.com

www.burmeseclassic.com



# ရွှေဂူရှင်မ

**ကျုပ်**က မြို့မှာ ရောက်နေတာဗျ။

မြို့မှာ ရောက်နေတာလို့ ပြောတာထက် မြို့မှာ သောင်တင်နေတာလို့ပြောရင် ပိုမှန်လိမ့်မယ်ဗျ။ ဒီလိုဗျို့။ ကျုပ်က ဘကြီး

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



ကို တစ်နှစ် တစ်ခါ လာပြီးကန်တော့နေကျလေဗျာ။ အခုလည်း ဘကြီးကို ကန်တော့ဖို့ လာတာပဲဗျ။ ဘကြီးကို ကန်တော့ပြီး မြို့မှာ တစ်ည အိပ်လိုက်တာဗျို့။ ကျုပ်အိပ်တဲ့ညမှာပဲ ကျုပ်ဘကြီး လေထဖြတ်တာ။

ညတစ်နာရီထိုးလောက်ကြီးဗျ။ ဘကြီးက အိပ်ရာထဲက နေ ဝူးဝူးဝါးဝါးတွေ အော်နေတာနဲ့ ကျုပ် နိုးသွားပြီး ပြေးကြည့်တော့ ပါးတစ်ခြမ်းရွဲ့ပြီး ပါးစပ်ပါ ရွဲ့ရွဲ့ကြီး ဖြစ်နေတာဗျို့။ စကားပြောလို့ လုံးဝမရတော့ဘဲ ဝူးဝါး ဝူးဝါး ဖြစ်နေတာဗျ။ ဒါပေမဲ့ ဘကြီးက သတိတော့ မလစ်ဘူး။ သူ့အိပ်ရာဘေးက စားပွဲပေါ်ကိုချည်း လက်ညှိုးထိုးပြနေတာ။ ကျုပ် လှည့်ကြည့်လိုက်တော့ ငှက်ပျောဖူးပုလင်း နှစ်ပုလင်း တင်ထားတာ တွေ့တယ်။ ပုလင်းထဲမှာ ဝါဝါအရည်တွေ တွေ့တယ်ဗျ။

ဒီတော့မှ ကျုပ် သတိရသွားတာဗျ။ ဘကြီးအိမ်မှာ လာနေပြီး မကျောင်းတက်တုန်းက ဘကြီး လေငန်းဆေးဖော်ဖော်ပြီး လူတွေကိုပေးတာ သွားပြီးသတိရလိုက်တာဗျို့။ အဲဒီတုန်းက ဘကြီး ပြောတာကို ချက်ချင်းသတိရသွားပြီး စားပွဲပေါ်က ငှက်ပျောဖူးပုလင်းကြီးကို ဆွဲယူလိုက်တယ်။ ပုလင်းကို ကပျာကယာ ဖွင့်ပြီး စားပွဲပေါ်မှာ အဆင်သင့်တွေ့တဲ့ဇွန်းနဲ့ ဘကြီးပါးစပ်ထဲကို ဆေးရည်တွေ ခပ်ဖြည်းဖြည်း ထည့်ပေးလိုက်တယ်။ ဆေးရည်



www.burmeseclassic.com

www.burmeseclassic.com


နှစ်ဖွန်းတိုက်ပြီးတော့ ဘကြီးရဲ့ ရွံ့နေတဲ့ပါးကို ဆေးရည်နဲ့ နာနာ ပွတ်ပြီး ပြန်ဆွဲချပေးတာဗျ။

စွမ်းလိုက်တဲ့ ဆေးဗျာ။ လွတ်စွမ်းတာဗျ။ ကျုပ်က ဆေး လိမ်းလိုက်၊ ဆွဲချလိုက် လုပ်ပေးလိုက်တာ ဘကြီးရဲ့ပါးက တဖြည်းဖြည်း ပြန်တည့်လာရောဗျာ။ ဆယ့်ငါးမိနစ်လောက်ကြာ တော့ လုံးလုံးပြန်တည့်သွားရောဗျို့။ ဘကြီးရဲ့ ရွံ့နေတဲ့ ပါးစပ်ရော ရွံ့နေတဲ့ မျက်နှာတစ်ခြမ်းပါ ပြန်တည့်သွားတာဗျို့။ ဘကြီးက စကားလည်း ပြောနိုင်သွားပြီဗျ။ ဒါကတော့ ဆေးရည်ကို ပါးစပ် ကနေ တိုက်လိုက်လို့ ထင်တယ်ဗျ။

ကျုပ်က ဘကြီးရဲ့ လက်မောင်းတွေရော၊ ကျောကုန်းရော ကိုယ်တစ်ခြမ်းလုံးကို ဆေးရည်နဲ့ ခပ်ရွှဲရွှဲလိမ်းပြီး နှိပ်ပေးရတာပေါ့ ဗျာ။ တစ်နာရီလောက်ကြာတော့ အင်္ကျီထူထူဝတ်ပေးပြီး စောင်ခြုံ ပေးထားလိုက်တယ်။

"တာတေ၊ မင်း မြင်ပြီမို့လား၊ ဘကြီးဆေးအစွမ်းကို"

"ဟုတ်ပ ဘကြီးရာ၊ ဘကြီးဆေးက လွတ်စွမ်းတာ ကျုပ် ကိုယ်တွေ့ပဲလေဗျာ"

"မင်း ဒီမှာ ကျောင်းလာတက်နေတုန်းက ဒီဆေးဖော် တာ နှစ်ခါ သုံးခါ တွေ့ဖူးတယ်မို့လား"

"တွေ့ဖူးတယ်လေ ဘကြီးရဲ့၊ ကျုပ်ပဲ ရှောက်ဘီလူးတွေ



www.burmeseclassic.com

www.burmeseclassic.com


အရည်ညှစ်ပေးတာလေ''

''ဩော်…အေး၊ အေး၊ ဟုတ်သားပဲ တာတေရဲ့ မင်းပဲ ရှောက်သီးတွေ အရည်ညှစ်ပေးတာ''

ဘကြီးဖော်တဲ့ ဆေးကို ကျုပ် မှတ်မိတယ်ဗျ။ ရှောက်ဘီလူးတွေ တောကို မှာရတယ်ဗျို့။ ရှောက်ဘီလူးဆိုတာ သံပုရာသီးသာသာလောက်ရှိတဲ့ ရှောက်သီးလေဗျာ။ အခွံထူထူမှာ အထွတ် အထွတ်တွေ ထွက်နေတဲ့ ရှောက်သီးလေ။

အဲဒီရှောက်ဘီလူးအရည် တစ်ပုလင်းရအောင် ညှစ်ရတယ်ဗျ။ တစ်ပုလင်းဆိုတာ ငှက်ပျောဖူးပုလင်းကို ပြောတာလေဗျာ။ ရှောက်ရည်တစ်ပုလင်း ရအောင်က တော်တော်ကို ညှစ်ရတာဗျ။ ရှောက်သီးက သံပုရာသီးသာသာလေး ရှိတာလေဗျာ။

ရှောက်ရည်တစ်ပုလင်းနဲ့ ထန်းလျက်အရက်၊ ခေါင်ရေ သန့်သန့်တစ်ပုလင်း ရောရသဗျ။ ထန်းလျက်အရက်ဆိုတာ တောအရက်ကို ပြောတာလေဗျာ။ အဲဒီနှစ်ပုလင်းစာကို ကြွေရည်သုတ် ဇလုံထဲမှာ ထည့်ရတယ်။ တစ်ခါတလေတော့လည်း မြေအိုးနဲ့ ကျိုရသဗျ။ အဲဒီနှစ်ပုလင်းစာကို တစ်ပုလင်းစာကျန်အောင် ကျိုရတယ်။ တစ်ပုလင်းစာ ကျန်ပြီဆိုတော့မှ အဆင်သင့်ဝယ်ထားတဲ့ ငါးလင်ဗန်းသည်းခြေ အစိုဖြစ်ဖြစ်၊ အခြောက်ဖြစ်ဖြစ် လေးခု ငါးခုလောက် ထည့်ကျိုရတယ်။ ငါးလင်ဗန်းသည်းခြေ ထည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ အရည်ကို ဝါညိုညိုကြီး ဖြစ်လာရောဗျ။ ပြီးရင် ကုလားအော်သီးလို့ ခေါ်တဲ့ အာဝါးသီးရဲ့အလယ်က အူတိုင်သုံးခု ထုတ်ပြီး ထည့်ကျိုရတယ်။ ရေတ်သီးရဲ့ အူတိုင်မှာက ရေတ်စေ့ လေးတွေ ပါတာပေါ့ဗျာ။ အဲဒီအရည်ကို အအေးခံပြီး ငှက်ပျောဖူး ပုလင်းနဲ့ ထည့်ထားရတယ်။ တစ်ယောက်ယောက် လေဖြတ်လို့ ဘကြီးကို လာခေါ်ရင် ဘယ်အချိန်ဖြစ်ဖြစ် သူ့ဆေးပုလင်းကြီးကို ဆွဲပြီး လိုက်တော့တာပဲဗျ။

ဘကြီးက တဖြည်းဖြည်း နွေးလာပြီး အိပ်ပျော်သွား တယ်ဗျ။ ကျုပ်ကတော့ ပြန်မအိပ်တော့ဘဲ ဘကြီးကို စောင့်နေရ တာပေါ့ဗျာ။ နောက်နေ့မနက်ရောက်တော့ ဆရာဝန်နဲ့တော့ ပြရ တာပေါ့ဗျာ။ ရွာကို လူကြုံနဲ့ အကြောင်းကြားတော့ အမေနဲ့ အဘလည်း လိုက်ချလာကြတာပေါ့။

ဒါနဲ့ပဲ ကျုပ်လည်း မြို့မှာ သောင်တင်နေတော့တာဗျ။ ဘကြီး တော်တော်လေး ကောင်းလာတော့ ကျုပ်လည်း ပျင်းပျင်း ရှိတာနဲ့ မြို့ထဲက ကျောင်းနေဘက် သူငယ်ချင်းတွေဆီ လျှောက် လည်ရတာပေါ့ဗျာ။

"ဟေ့ တပည့်၊ အဲဒီရွှေမန်းကျည်းတောင့်တွေကို မထိနဲ့ မကိုင်နဲ့ ကြားလား။ လျှောက် လျှောက် တည့်တည့်လျှောက်၊ ငါ့နောက်က သိပ်မခွာနဲ့၊ ကပ်လျှောက် တပည့်။ ကပ်လျှောက်။



www.burmeseclassic.com

www.burmeseclassic.com


ဟော့ကောင် တပည့် မင်း ဘာမှမကြောက်နဲ့ ဘီလူးကောင်ကြီး လာနေပြီ၊ လာနေပြီ။ ငါ လုပ်လိုက်မယ်၊ မကြောက်နဲ့ တပည့် မကြောက်နဲ့၊ ငါ့ဆေးတောင်ဝှေးနဲ့ ရမ်းလိုက်မယ်”

အသံပြာပြာကြီးနဲ့ အော်ပြောတာဗျ။ လူတွေလည်း အံ့လို့။ ကျုပ် ချက်ချင်းသွားပြီး ကြည့်လိုက်တယ်။ ရသေ့ကြီးတစ်ပါးဗျ။ ဆံပင်ကြီး ဖားလျားချလို့။ သင်္ကန်းညိုညိုကြီးကလည်း စုတ်ပြတ်သတ်လို့ဗျာ။ လက်ထဲမှာ သစ်ကိုင်းခြောက်တစ်ချောင်း ကိုင်ထားတယ်။

“ဟာ…ရသေ့ အရူးကြီးကွ”

ကလေးနှစ်ယောက်က ကျုပ်ကို တိုးပြီး လူ့အုပ်ထဲကို ဝင်သွားတယ်။ ဝိုင်းအုံကြည့်နေတဲ့ လူတွေရဲ့မျက်နှာကို ကျုပ် အကဲခတ်ကြည့်လိုက်တယ်။ လူ့စိတ်ဆိုတာ မျက်နှာမှာ ပေါ်နေတာပဲလေဗျာ။

တချို့ကတော့ ရသေ့အရူးကြီးကို သနားတဲ့စိတ်နဲ့ ကြည့်နေတာဗျ။ တချို့ကျတော့လည်း မျက်နှာက ပြုံးစေ့စေ့နဲ့၊ ရယ်စရာလို့ သဘောထားတာပေါ့ဗျာ။

“ဟား၊ ဟား၊ ဟား ရသေ့ကြီး သိုက်တူးနေတာကွ”

“အေး ဟုတ်မယ်ကွ၊ လက်ထဲက ကိုင်ထားတဲ့ သစ်ကိုင်းခြောက်ကို ဆေးတောင်ဝှေးလို့ သဘောထားပုံရသကွ”


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ကိုစရဲ့၊ အဲဒီဆေးတောင်ဝှေးနဲ့ သိုက်ထဲက ဥစ္စာစောင့် ဘီလူးတွေ၊ သရဲတွေကို ရမ်းပစ်လိုက်၊ ထိုးပစ်လိုက်၊ ရိုက်လိုက် လုပ်နေတာလေဗျာ၊ အတော်လေးတော့ ရယ်စရာကောင်းသွားဗျ။ ဟား၊ ဟား၊ ဟား"

ပြောရင်းနဲ့ ဒီလူ ရယ်ရောဗျ။

"ဟော့ကောင် ဘမှိန်၊ မရယ်နဲ့ကွ၊ မင်း ဝင့်လိုက်နေဦးမယ်၊ ဒါ ရယ်စရာမဟုတ်ဘူးကွ၊ သနားဖို့ကောင်းတာ"

"ဟဲ့ တပည့်၊ မတီးနဲ့၊ မတီးနဲ့၊ အဲဒီမောင်းကို မတီးနဲ့၊ ဟာ ဒီကောင် ပြောနေတဲ့ကြားက မောင်းကို တီးလိုက်ပြီ။ ဟာ ရေတွေ ရေတွေ ဂူနံရံက ရေလုံးကြီးတွေ ပန်းထွက်လာပြီဟ။ ကူးဟေ့၊ ကူး၊ ကူး၊ မသေချင်ရင် လွတ်အောင်ကူးကွ"

ရသေ့အရူးကြီးက ပြောပြောဆိုဆိုနဲ့ ဝမ်းလျားမှောက်ချလိုက်ပြီး သဲထဲမှာ ရေကူးသလို ကူးနေရောဗျာ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ကြည့်နေတဲ့ လူအုပ်ကြီးက ရယ်တော့တာပေါ့ဗျာ။ ဒါပေမဲ့ ရသေ့ကြီးက သူ့ကို လူတွေ အုံကြည့်နေတာကို နည်းနည်းမှ သတိထားမိပုံမရဘူးဗျ။ သဲတောထဲမှာ ရေကူးနေတော့တာပါပဲဗျာ။ ကျုပ်လည်း ဆက်မကြည့်ရက်တော့တာနဲ့ လှည့်ထွက်လာခဲ့တယ်။ ဘယ်ကိုမှလည်း သွားချင်စိတ် မရှိတော့ပါဘူးဗျာ။ ဘကြီး



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုပဲ ကျုပ် ပြန်လာခဲ့တယ်။

ကျုပ် စိတ်မကောင်းဘူးဗျာ။ ရသေ့ကြီး ဦးဘောဂကို ကျုပ် မတွေ့တာ တစ်နှစ်ကျော်ပြီဗျ။ ကျုပ်စိတ်ထဲမှာ သတိတောင် သိပ်မရတော့ပါဘူး။ အခုလို ဗြုန်းကနဲ ပြန်တွေ့လိုက်တော့ ကျုပ် အံ့သြသွားတာပေါ့ဗျာ။ ပြီးတော့ တွေ့ရပုံ တွေ့ရနည်းက လည်း အရူးကြီးအနေနဲ့ တွေ့ရတာဆိုတော့ ကျုပ်စိတ်ထဲမှာ တော် တော်ကို မကောင်းတာဗျာ။

ရသေ့အရူးကြီး ဦးဘောဂကို ဝိုင်းကြည့်ပြီး တဟားဟားနဲ့ ရယ်နေတဲ့ လူတွေကတော့ ဒီရသေ့အရူးကြီးနဲ့ ကျုပ်နဲ့ ပတ်သက်ခဲ့ တာကို ဘယ်သိကြမတုံးဗျာ။ ဒီရသေ့ကြီးက ဘာဖြစ်လို့ ရူးသွား တယ်ဆိုတာလည်း ဘယ်သိကြမှာတုံး။ ကျုပ်ကတော့ သိတာပေါ့ ဗျာ။ ကျုပ်က ဦးဘောဂနဲ့ အတူတူပါသွားခဲ့တဲ့ ကောင်လေဗျာ။

ခင်ဗျားကိုတော့ ဒီအကြောင်း ပြောပြရမှာပေါ့ဗျာ။ ဘာဖြစ်လို့တုံးဆိုတော့ ခင်ဗျားက ကျုပ်ရဲ့ စာဖတ်ပရိသတ်ကိုဗျ။

ကျုပ် သေသေချာချာကို မှတ်မိနေတဲ့ အကြောင်းပါဗျာ။ ဒီတစ်သက်တော့ ကျုပ် ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါဘူး။

ဖြာသိုလကြီးဗျ။ ကျုပ်တို့အညာမှာ လွတ်အေးနေတဲ့ အချိန်ပေါ့ဗျာ။ အဘနဲ့ ကျုပ်နဲ့က ဆောင်းမြေပဲတွေ နှုတ်ပြီး သိမ်းစည်းပြီးလို့ အားနေကြတာ တစ်ပတ်လောက် ရှိပြီဗျ။ နေ့ခင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်ဆိုရင် ဝိုင်းထဲမှာ ပဲလှမ်းရတာလောက်ပဲ အလုပ်ရှိတာပေါ့ဗျာ။

ပြာသိုညတွေဆိုတာ ကျုပ်တို့အညာမှာ ကောင်းဈောင်း အိပ်လို့ ရကြတာမှ မဟုတ်တာဗျာ။ စောင်ခြုံပြီးတော့သာ ကွေး နေရတာ။ မှေးကနဲ ပျော်သွားလိုက်၊ နိုးလာလိုက်၊ ကွေးလိုက်နဲ့ မိုးကိုလင်းရော ကောင်းကောင်းအိပ်ပျော်တာ မဟုတ်ဘူးဗျ။ မနက် ကျတော့လည်း အလုပ်ရှိတော့ ထကြရပြန်တာပါပဲဗျာ။ ကျုပ်တို့ အညာသားတွေနဲ့ အညာနွားတွေကတော့ ဒီလိုပါပဲ။ နွားနဲ့ဖက်ပြီး ကြီးလာတဲ့ ကောင်တွေဆိုတာ ကျုပ်တို့မှ အစစ်ဗျ။ ဒီနွားတွေနဲ့ ကျုပ်တို့နဲ့ အတူတူ ယာထွန်လိုက်ကြ၊ အတူတူ ရေစည်တိုက်လိုက် ကြ၊ အတူတူသွားပြီး ထင်းခုတ်လိုက်ကြ၊ အတူတူသွားပြီး နှမ်း အိတ်၊ ပဲအိတ် တိုက်လိုက်ကြ။ ဟိုရွာ ဒီရွာကို လှည်းနဲ့ အတူတူ သွားလိုက်ကြလေဗျာ။ ခုရက်ကလေးတော့ နည်းနည်းအားတာနဲ့ ကျုပ်က မနက်အစောကြီး မထဘူးဗျ။ အိမ်ရာထဲမှာ ဇိမ်လုပ်ပြီး ကွေးနေတာဗျို့။

"တာတေရေ၊ တာတေ၊ နိုးပြီလားဟေ့"

အို···ဘယ်သူများတုံးဗျာ၊ ဝိုင်းဝကနေ အာပြဲကြီးနဲ့ ကုန်း အော်နေတာ။ ကျုပ်လည်း ခြုံထားတဲ့စောင်တွေကို ခွာချပြီး အိမ် ရှေ့ကို ထွက်ကြည့်လိုက်တယ်။ လှည်းနဲ့လာတာဗျ။ ဝိုင်းဝမှာ လှည်းရင်လို့၊ ကျုပ်ကို လှမ်းအော်နေတာ။ သေသေချာချာ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့မှ ဒါ ဆပ်သမြှောင်က ကိုအောင်ပွားဗျ။ လက်နှစ်ဖက်လုံးမှာ လက်မလေးတွေ ပွားနေတာ။ ဒီလူ ကျုပ်ဆီကို တစ်ခါမှ လာဖူးတာ မဟုတ်ဘူး။ ရွာတွေမှာ အလှူအတန်းရှိမှ ဆုံတတ်တာဗျ။

ဆပ်သမြှောင်ဆိုတာက ကျုပ်တို့ရွာ ထနောင်းကုန်းနဲ့ဆိုရင် တော်တော်လေး လှမ်းသေးတယ်။ ကြားမှာ မီးလောင်ကုန်းတို့၊ ငွေတွင်းကုန်းတို့ ကျော်သွားရသေးတာ။ အဲဒီနှစ်ရွာ ကျော်ပြီးမှ ဆပ်သမြှောင်ကို ရောက်တာဗျ။

"ကိုအောင်ပွား လာလေဗျာ၊ လှည်းကို ဝိုင်းထဲအထိ မောင်းဝင်လိုက်"

ကျုပ်က ပြောပြောဆိုဆိုနဲ့ ဝိုင်းထဲကို ပြေးဆင်းခဲ့တယ်။ ကိုအောင်ပွားကလည်း နွားဖြူကြီးနှစ်ကောင်ဆွဲတဲ့ သူ့လှည်းကို ဝိုင်းထဲမောင်းဝင်လိုက်တယ်။ ကိုအောင်ပွားရဲ့ နွားကြီးတွေက တော်တော်ချောတာဗျ။ အလုံးရော ဒေါက်ရော ဘာမှကို ပြောစရာ မရှိတဲ့ နွားချောကြီးတွေဗျ။

"လာဗျ၊ ကိုအောင်ပွား"

ကိုအောင်ပွားက နွားနှစ်ကောင်ကို လှည်းကနေ ဖြုတ်လိုက်တယ်။ နွားတင်းကုပ် ဒီဘက်ထိပ်မှာ နွားတွေ ချလိုက်တယ်။ ကျုပ်က နွားစာခွက်ထဲကို စဉ်းပြီးသား ပြောင်းရိုးထည့်ပြီး ရေပါ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးလိုက်တယ်။ ကျုပ်တို့အညာမှာက လူကိုတင် ချေ့ခံကြတာ မဟုတ်ဘူးဗျ၊ နွားပါရင် နွားကိုပါ ချေ့ခံကြရတာဗျို့။

ကိုအောင်ပွားကို အမောပြေဖွာဖို့ နဂါးဆေးပေါ့လိပ်ကလေး မီးညှိပြီး တည်လိုက်တယ်။ အမေက လက်ဖက်သုတ်နဲ့ ရေနွေးကြမ်း ချပေးတယ်။ ကိုအောင်ပွားက အဘနဲ့ အမေ့ကို နှုတ်ဆက်တယ်။

"အောင်ပွား မင်းအဘ ကိုဘိုးရင်နဲ့ မင်းအမေ မစွာတို့ နေကောင်းကြရဲ့လားကွ၊ မတွေ့တာ အတော်ကို ကြာနေပြီပေါ့"

"နေကောင်းကြပါတယ် ဘိုးညဏ်၊ ဘိုးညဏ်တို့ အရီးတို့ရော နေကောင်းကြရဲ့လား"

"အေး၊ ကောင်းပါတယ်ကွ၊ နို့ ထနောင်းကုန်းကို အလည်လာတာလား၊ ကိစ္စရှိလို့လား"

"တာတေ့ဆီကို လာတာ ဘိုးညဏ်ရဲ့၊ ကိစ္စတစ်ခု ရှိလို့ဗျ"

"ဩော်…အေး အေး၊ ကဲ ဒါဆို မင်းတို့ညီအစ်ကို နှစ်ယောက် ပြောကြဆိုကြ၊ ဘိုးညဏ်နဲ့ မင်းအရီးက တောင်ပိုင်းက ကိုညိုတို့အိမ်ကို ခဏသွားလိုက်ဦးမယ်၊ ကိုညိုတို့အိမ်မှာ ဘုန်းကြီးဆွမ်းကပ်ရှိလို့ ဖိတ်ထားတာ၊ မသွားလို့ မကောင်းဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အဘနဲ့ အမေ ဝိုင်းက ထွက်သွားကြတယ်။ ကျုပ်လည်း ကိုအောင်ပွားကို မေးလိုက်မိတယ်။

"ကိုအောင်ပွား၊ ကျုပ်ဆီကိုလာတာ ဘာကိစ္စရှိလို့တုံးဗျ"

ကိုအောင်ပွား ဆိုတဲ့လူက ကျုပ်ထက် ဆယ်နှစ်၊ ကိုးနှစ်လောက် ကြီးလိမ့်မယ်ထင်တယ်။ လူပုံက ပိန်ပိန်ရှည်ရှည်ကြီးဗျ။ လက်မနှစ်ဖက်စလုံးမှာ လက်ပွားလေးတွေနဲ့ဗျ။ ဒီလူက လွှတ်သဘောကောင်းတာဗျာ။ ဆပ်သမြှောင်က သာရေး နာရေးဆိုရင် ကိုအောင်ပွား မပါလို့ ပြီးတာမဟုတ်ဘူးဗျ။

"ဒီလို တာတေရေ၊ ငါတို့ ဆပ်သမြှောင် တောင်ကျောင်းက ဆရာတော် ဦးဥတ္တမကို မင်း သိတယ်မို့လား"

"ဟာ သိတာပေါ့ ကိုအောင်ပွားရဲ့"

"အေး၊ ဆရာတော် လွှတ်လို့ ငါလာတာကွ၊ ဆရာတော့်ကျောင်းမှာ ရသေ့နှစ်ပါး ရောက်နေတယ်"

"ရသေ့ ဟုတ်လား၊ ဘယ်က ရသေ့တွေတုံးဗျ"

"ဘယ်က ရသေ့လဲတော့ ငါလည်း မသိဘူးကွ၊ ဆရာတော် ဦးဥတ္တမနဲ့တော့ တော်တော်ရင်းနှီးပုံပဲ၊ ရသေ့ကြီးရဲ့ဘွဲ့က ဦးဘောဂတဲ့ကွ၊ ရသေ့အငယ်လေးရဲ့ဘွဲ့က ကိုသောမတဲ့။ ရသေ့ကြီးက အသက်ငါးဆယ်ကျော်လောက်ရှိမယ်၊ ရသေ့လေးသောမက အသက်နှစ်ဆယ့်ကျော်လောက်ပဲ ရှိမယ်ကွ တာတေရ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ခင်ဗျားတို့ ဆပ်သမြောင်ကို ဘာလာလုပ်တာတုံးဗျ"

"သိုက်တူးမလို့တဲ့ကွ တာတေရ"

"ဘာဗျ၊ သိုက်တူးမလို့ ဟုတ်လား၊ ဘယ်ကသိုက်တုံး"

"ပြဒါးပြာသိုက်လို့ ပြောတာပဲကွ၊ ဘယ်မှာရှိတာတုံးတော့ ငါလည်း မသိဘူး၊ ဒီသိုက်ကို ဖွင့်ဖို့အတွက်က စနေသားတစ်ယောက် လိုနေတယ်တဲ့ကွ"

"ဗျာ၊ စနေသားလိုနေတယ် ဟုတ်လား ကိုအောင်ပွား၊ ခင်ဗျားတို့ ဆပ်သမြောင်မှာ စနေသားတွေ အများကြီးပါဗျာ၊ တင်ကြွေတို့ တင်ငွေတို့ ညီအစ်ကိုလည်း စနေသားတွေပဲဗျ"

"ဟာ မဟုတ်ဘူးကွ၊ လူတိုင်းခေါ်လို့ မရဘူးတဲ့ တာတေရ၊ လွတ်သတ္တိရှိပြီး လွတ်သစ္စာရှိရမှာဆိုပဲကွ။ ဆရာတော်က မင်းအကြောင်း ပြောပြလိုက်တော့ ရသေ့ကြီး ဦးဘောဂက ချက်ချင်းခေါ်ပေးပါလို့ ပြောတာနဲ့ ငါလာခေါ်တာကွ"

ဒါမျိုးတွေက ကျုပ် ကြုံခဲ့ဖူးပါတယ်။ အဘနဲ့ အမေပြန်လာတော့ အကျိုးအကြောင်းပြောပြီး ကိုအောင်ပွားရဲ့ လှည်းနဲ့ ဆပ်သမြောင်ကို ကျုပ် လိုက်ခဲ့တယ်။

ရသေ့ကြီး ဦးဘောဂရဲ့ ဥပမိရုပ်ကို မြင်တော့ ကျုပ် သဘောပေါက်တယ်ဗျ။ ရသေ့ကြီးဟာ တစ်ခုခုကို လုပ်တော့မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် မဆုတ်မနစ် လုပ်မယ့်ရုပ်မျိုးဗျ။ ဒါပေမဲ့ ရသေ့ကြီးရဲ့ မျက်လုံးတွေက နည်းနည်းပြူးနေတယ်။ ဒါဟာ အလိုလောဘကြီးတဲ့သဘောကို ပြတာဗျ။ သူ့တပည့် ရသေ့သောမကတော့ ငယ်လည်း ငယ်တယ်၊ အဲသိဉာဏ်လည်း နည်းမယ့်ပုံပဲဗျ။

"ဒကာလေး တာတေ၊ ကျုပ်ကို ကူညီပါကွယ်"

ရသေ့ကြီး ဦးဘောဂက ကျုပ်ကို အကူအညီတောင်းတာဗျ။ ဆရာတော် ဦးဥတ္တမကလည်း ကျုပ်ကို ကူညီဖို့ ပြောတယ်ဗျ။

"နေပါဦး ဘရသေ့ကြီးရဲ့၊ အခု တူးမယ့်သိုက်က ဘာသိုက်တုံး၊ ဘရသေ့က ဘာကို လိုချင်လို့ တူးမှာတုံး"

ကျုပ်က တည့်တည့်ပဲ မေးလိုက်တယ်ဗျ။

"ဘရသေ့ အခုတူးမယ့်သိုက်က ပြဒါးပြာသိုက်ကွဲ့၊ ဘရသေ့က ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ဘာမှမမက်မောဘူးကွဲ့၊ ပြဒါးပြာပဲ လိုချင်တာ၊ အဲဒီပြဒါးပြာ ရရင် ရွှေလိုချင်ရွှေ၊ ငွေလိုချင်ငွေ ဖြစ်မယ်။ ပြီးတော့ ဘရသေ့ ထွက်ရပ်ကြွလို့ရမယ်၊ ဒကာလေး တာတေ"

ကျုပ် လိုက်ခဲ့ပါ့မယ်လို့ ကတိပေးလိုက်တယ်။ အဲဒီည ဆပ်သမြွှာင် တောင်ကျောင်းမှာ တစ်ညအိပ်ပြီး မနက်စောစော ခရီးထွက်ခဲ့တယ်။ အလယ်ရိုးမပေါ်ကို ကျုပ်တို့ရောက်တော့ ဘရသေ့ကြီးက သူ့ရဲ့ ဆေးတောင်ဝှေးကြီးကို ထောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်ရင်းနဲ့ ရှေ့က ကြွတယ်။ သူ့နောက်က ကျုပ်က လိုက်ရတယ်။ ကျုပ်နောက်ကမှ ရသေ့လေး သောမက လိုက်လာတယ်။ တောထဲရောက်ကတည်းက ရသေ့သောမက ဘုရားဂူဏ်တော်ကို မပြတ်ရွတ်တော့တာပဲဗျ။

ညရောက်တော့ ညောင်ဗင်အကြီးကြီးနှစ်ပင် ပေါက်နေတဲ့ကြားက ကျောက်ဖျာပေါ်မှာ ကျုပ်တို့ အိပ်ကြတယ်။ ကျုပ်တို့ဆိုတာက ကျုပ်နဲ့ ရသေ့သောမရယ်ပေါ့ဗျာ။ ဘရသေ့ကြီးဦးဘောဂကတော့ တစ်ညလုံး ပုတီးထိုင်စိပ်နေတာဗျ။ လက လည်း တစ်တောလုံး၊ တစ်တောင်လုံး လင်းနေအောင်ကို သာနေတာဗျ။

မနက်မိုးလင်းတော့ ရသေ့ကြီးက ကျုပ်နဲ့ ရသေ့သောမကို နှိုးပြီး ကောက်ညှင်းကျည်တောက် အဆာပြေ ကျွေးတယ်။

"မောင်တာတေ၊ ကျုပ်တို့တော့ လာရှာတဲ့နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပြီကွဲ့"

"ဟာ ဟုတ်လား ဘရသေ့၊ ဒါဆိုရင် ရှေ့ဆက်သွားဖို့ မလိုဘူးပေါ့"

"ဟုတ်တယ်ကွဲ့၊ ဒီညောင်ပင်ကြီး နှစ်ပင်အောက်က မောင်တာတေတို့ တစ်ညလုံး တက်အိပ်နေတဲ့ ကျောက်ဖျာကြီးဟာ ပြဒါးပြာသိုက်ကြီးရဲ့ ဝင်ပေါက်ကြီးပဲကွဲ့။ ကဲ အပေါ်က သစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ခြောက်တွေဖယ်ပြီး ကျောက်ဖျာကြီးကို နည်းနည်းလောက် မှုတ်တိုက်ကြည့်စမ်းကွယ်"

ရသေ့သောမနဲ့ ကျုပ်က တောင်ထန်းလက်အခြောက်တစ်ခုစီ ကောက်ယူပြီး ကျောက်ဖျာကြီးပေါ်က သစ်ရွက်ခြောက်တွေကို လှည်းထုတ်ပစ်လိုက်တယ်။ ပြီးတော့မှ ကျောက်ဖျာကြီးပေါ်မှာ သေသေချာချာ လိုက်ကြည့်တော့မှ ထောင့်လေးထောင့်မှာ ဘီလူးရုပ်တွေ တွေ့တော့တာဗျို့။

"ကဲ သေချာပြီ မောင်တာတေရေ၊ သောမနဲ့ မောင်တာတေ နောက်ဆုတ်ကြ၊ နောက်ဆုတ်ကြ၊ ကျုပ် သိုက်တံခါးဖွင့်တော့မယ်"

ရသေ့သောမနဲ့ ကျုပ်နဲ့က ညောင်ပင်ကြီး နှစ်ပင်ရဲ့ပင်စည်ကို ရောက်သွားတဲ့အထိ ဆုတ်လိုက်ကြတယ်။ ရသေ့ကြီးက ပါးစပ်ကနေ မန္တန်တွေ မပြတ်ရွတ်ပြီး လက်ထဲက ဆေးတောင်ဝှေးကြီးနဲ့ ကျောက်ဖျာကို လွှဲရိုက်လိုက်တယ်။

"ဝုန်း"

ဟာ ကျုပ်တို့ရပ်နေတဲ့ မြေကြီးဆိုတာ ဆတ်ဆတ်ခါအောင် တုန်လှုပ်သွားလိုက်တာ ရသေ့သောမခမျာ ဖင်ထိုင်ရက်တောင် လဲကျသွားရောဗျာ။

"ဝုန်း၊ ဂျုန်း၊ ဂျုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဟာ ပွင့်သွားပြီဗျို့။ ကျောက်ဖျာကြီးအလယ်က ကွဲပြီး ရွေ့သွားပြီဗျာ။ ဟာ့ ကျောက်ဖျာအောက်မှာ အောက်ကိုဆင်းတဲ့ ကျောက်လှေကားကြီးဗျ။ ကျုပ် ငုံ့ကြည့်လိုက်တော့ ကျောက်လှေကားကြီးအဆုံးမှာ ကျောက်ဘီလူးရုပ်ကြီး တစ်ရုပ်ဗျ။ အစွယ်ပြူးပြူးနဲ့ မျက်လုံးကြီးတွေ ရဲရဲတောက်နေတာဗျ။ လက်က လေးဖက်။ လက်တိုင်းမှာ ဓားတစ်လက်စီ ကိုင်ထားတာဗျို့။

ဘာမှမပြောမဆိုတော့ဘဲ ရသေ့ကြီးက ဘောက်ဆတ် ဘောက်ဆတ်နဲ့ ရှေ့က ဆင်းသွားတယ်။ ကျုပ်နဲ့ ရသေ့သောမ လည်း ကျောက်လှေကားထစ်တွေအတိုင်း နင်းပြီး ရသေ့ကြီး ဦးဘောဂရဲ့နောက်က လိုက်ကြရတော့တာပေါ့ဗျာ။ ကျောက်လှေကားထစ် ဆယ့်တစ်ထစ် ဆင်းပြီးတာနဲ့ ဆင်စွယ်ရောင်လို ဖွေးနေတဲ့ ကျောက်သားကြမ်းပြင်ကြီးကို ခြေထောက်နဲ့ နင်းမိရောဗျ။ ကျုပ်တို့အားလုံး ကျောက်သားကြမ်းပြင်ကြီးပေါ်ကို ရောက်တာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ လက်လေးဖက်နဲ့ ကျောက်ဘီလူးရုပ်ကြီး က အသက်ဝင်လာတော့တာပဲဗျို့။

"ဝီး၊ ဝီး၊ ဝီး၊ ဝီး"

လက်လေးဖက်မှာ ကိုင်ထားတဲ့ ဓားတွေဟာ ဝင်းကနဲ ဝင်းကနဲနဲ့ အကွက်ကျကျကို လှည့်နေတော့တာဗျာ။ ကျုပ်တို့ လူတွေမှာ လက်နှစ်ဖက်နဲ့ ဓားနှစ်လက်သိုင်းကိုတောင် မှည်း



www.burmeseclassic.com

www.burmeseclassic.com



လှည့်နေရတာဗျ။ ဒီဘီလူးရုပ်ကြီးက အသက်ဝင်လာပြီး လက်လေးဖက်နဲ့ ခါးလေးချောင်းကို လှည့်နေလိုက်တာများဗျာ ဝီကနဲ ဝီကနဲကို ဖြစ်နေတာဗျို့။

ကျုပ်ရော ရသေ့သောမရော ကြောက်လိုက်ကြတာ မပြောပါနဲ့တော့ဗျာ။ ရသေ့ကြီးနောက်မှာ ကပ်နေကြရတော့တာဗျ။ ရသေ့ကြီး ဦးဘောဂကတော့ အေးအေးဆေးဆေးပဲဗျ။ သူ့လက်ထဲက ဆေးတောင်ဝှေးနဲ့ အသက်ဝင်နေတဲ့ ဘီလူးရုပ်ကြီးကို ထိုးမလို လုပ်လိုက်တာဗျ။ ဘီလူးရုပ်ကြီး ချက်ချင်းငြိမ်ကျသွားပြီး နဂိုအတိုင်း ကျောက်ရုပ်ကြီး ပြန်ဖြစ်နေရောဗျ။ ပညာတော်တော်ထက်တဲ့ ရသေ့ကြီးပဲလို့ ကျုပ် တွေးလိုက်မိတယ်။

ရသေ့ကြီးက ရှေ့ဆက်သွားတယ်။ အခန်းကျယ်ကြီးထဲကို ကျုပ်တို့ ဖြတ်ဝင်လိုက်တော့…

"ဟေး ခုတ်ကြဟေ့၊ ခုတ်ကြ၊ တစ်ယောက်မကျန် ခုတ်ဟေ့"

လို့ ညာသံပေးပြီး ပြေးထွက်လာတဲ့ ဓားသမားတွေ ဆယ်ယောက်ကျော်ကျော်လောက် ရှိတယ်ဗျ။

ဓားသမားတွေအားလုံးဟာ အရပ်ထောင်ထောင်မောင်းမောင်းကြီးတွေဗျ။ သျှောင်တစောင်းတွေနဲ့ ပုဝါအနီးတွေ ပေါင်းလို့။ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ကိုင်ထားတဲ့ ဓားရှည်တွေက



www.burmeseclassic.com

www.burmeseclassic.com



အရောင်တလက်လက်ကို ဖြစ်နေတာဗျ။

"ဟိတ်"

ရသေ့ကြီးက သူ့လက်ထဲက ဆေးတောင်ဝှေးကို ဝှေ့ရင်း 'ဟိတ်'လို့ အော်လိုက်တာ ပြေးထွက်လာတဲ့ ဓားသမားတွေဟာ ပြေးလာတဲ့ ပုံစံအတိုင်း ငြိမ်ကျသွားပြီး ကျောက်ရုပ်ကြီးတွေ ဖြစ်ကုန်ရောဗျို့။ ဒီတော့မှ ကျုပ်လည်း အခန်းကျယ်ကြီးကို လှည့်ပတ်ကြည့်လိုက်မိတာဗျ။ ကျောက်သားနံရံကြီးတွေက ဖြူဖွေးပြီး ချောမွေ့နေတာဗျ။ ဒီဂူကြီးဟာ အလယ်ရိုးမတောင်ကြီးထဲမှာ ရှိနေတယ်ဆိုတာတောင် ယုံဖို့ခက်နေတာဗျ။ နန်းတော်တစ်ခုထဲကို ရောက်နေသလို ခံစားမိတယ်။ ဘရသေ့က ကျောက်ရုပ်ဓားသမားတွေကြားကနေ ဖြတ်ပြီး ရှေ့ဆက်သွားတယ်။ ကျုပ်နဲ့ ရသေ့သောမလည်း ဘရသေ့ကြီးနောက်က ကပ်ပြီးလိုက်ကြရတာပေါ့ဗျာ။ တော်တော်လေး သွားမိတော့ ပိတ်ထားတဲ့ နံရံကြီးနဲ့ ကျောက်တံခါးကြီးတစ်ခုကို တွေ့ရောဗျ။ ဘရသေ့က အချိန်မဆိုင်းဘဲ သူ့ရဲ့ ဆေးတောင်ဝှေးနဲ့ ကျောက်တံခါးကြီးကို နှစ်ချက်ဆင့် ထိုးလိုက်တယ်။

"ဒေါက်၊ ဒေါက်၊ ကျွီ၊ ဝုန်း၊ ဝုန်း"

ဟာ ကျောက်တံခါးကြီးက အတွင်းဘက်ကိုလည်ပြီး ပွင့်သွားပြီဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ဘုရသေ့က ပွင့်သွားတဲ့ တံခါးပေါက်ကနေ ဝင်းဝင်သွားတာဗျ။ ကျုပ်တို့လည်း လိုက်ရတာပေါ့ဗျာ။ ဒီအခန်းက ပထမအခန်းနဲ့ အကျယ်အဝန်း အတူတူလောက်ပဲဗျ။ ဒါပေမဲ့ နံရံတွေရော ကြမ်းခင်းရောက ငွေရောင်ဗျ။ ကျောက်သားတော့ ကျောက်သားပဲ၊ ငွေရောင်ကျောက်သားဗျ။ နံရံမှာ ကျောက်ဖယောင်းတိုင်ကြီးတွေ ထွန်းထားတော့ လင်းထိန်နေတာဗျ။ ပထမဖြတ်ခဲ့တဲ့ ဆင်စွယ်ရောင်အခန်းမှာလည်း ဒီလိုကျောက်ဖယောင်းတိုင်တွေ နံရံမှာကပ်ပြီး ထွန်းထားတာပဲဗျ။

ဟော လာပြီဗျို့၊ ထွက်လာပြီ။ အစိမ်းရောင်၊ အဝါရောင်၊ ပိုးသားထမီ၊ အင်္ကျီတွေ ဝတ်ထားတဲ့ နတ်မိမယ်လေးတွေဗျ။ တရွေ့ရွေ့နဲ့ ထွက်လာကြတာ။ သူတို့ ထွက်လာတာနဲ့ ငွေရောင်အခန်းကြီးထဲမှာ မွှေးကြိုင်သွားတာဗျို့။ နတ်မိမယ်လေးတွေ နှစ်ဆယ်လောက် ရှိမယ်။ အားလုံးက လက်အုပ်ကလေးတွေ ချီပြီး ထွက်လာကြတာဗျ။

"မောင်တာတေနဲ့ သောမ သတိထား၊ ဒါတွေဟာ သိုက်နန်းရှင်ရဲ့ မာယာတွေပဲ။ ဘာပဲပြောပြော စကားတစ်ခွန်းမှ ပြန်မပြောကြနဲ့ ကြားလား၊ ငါ့အနောက်မှာ ကပ်နေနော် သောမ။ မောင်တာတေက အတွေ့အကြုံ ရှိခဲ့တော့ စိတ်မပူဘူး"

တရွေ့ရွေ့နဲ့ လျှောက်လာတဲ့ နတ်မိမယ်လေးတွေက



www.burmeseclassic.com

www.burmeseclassic.com


နှစ်စုခွဲလိုက်ကြတယ်ဗျ။ တစ်စုက ကျုပ်တို့ရဲ့ လက်ယာဘက်၊ တစ်စုက ကျုပ်တို့ရဲ့ လက်ဝဲဘက်ကို ကပ်လာတယ်။ အစိမ်းရောင် နတ်မိမယ်လေးတွေက တစ်စု၊ အဝါရောင် နတ်မိမယ်လေးတွေက တစ်စုဗျ။

ဒီတော့မှ ကျုပ် သေသေချာချာ ကြည့်မိတာ၊ ဝတ်ထားတဲ့ အဝတ်စတွေက ပါးပါးလွှာလွှာလေးတွေဗျ။ အတွင်းက နတ်မိမယ်တွေရဲ့ အလှအပကို အထင်းသား မြင်နေရတာဗျို့။ ကျုပ် ရသေ့သောမကို လှည့်ကြည့်လိုက်တော့ ရသေ့သောမက မျက်လုံးကြီးတွေပြူးပြီး နတ်မိမယ်လေးတွေကို လိုက်ကြည့်နေရောဗျ။ ရသေ့သောမရဲ့ အသားတွေလည်း တဆတ်ဆတ်တုန်နေတာဗျို့။ နတ်မိမယ်လေးတွေက သူတို့ရဲ့ ဖွေးနုနေတဲ့ လက်သွယ်သွယ်လေးတွေကို ထိုးပေးပြီး…

"နမတော်ကို ချစ်ကျွမ်းဝင်စေတယ်ဆိုရင် လက်ကလေးကို ကိုင်လိုက်ပါ မောင်တော်၊ ချက်ချင်းပဲ မောင်တော်နဲ့ နမတော် ပန်းမွေ့ယာပေါ်ကို ရောက်သွားမှာပါ။ မောင်တော် စိတ်တိုင်းကျ ပျော်မွေ့နိုင်မှာပါ မောင်တော်၊ နမတော်ရဲ့ လက်ကိုသာ ကိုင်လိုက်ပါ"

ရသေ့ကြီးက မန္တန်တစ်ပုဒ်ကို ရွတ်လိုက်ပြီး…

"ဟိတ်၊ ဖျန်း"


www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်"ကနဲ အော်ပြီး ငွေရောင်ကြမ်းပြင်ကို ဖနောင့်နဲ့ "ဖျန်း"ကနဲ မြည်အောင် ပေါက်လိုက်တာ။

ဟာ၊ ပျောက်သွားပြီဗျို့။ နတ်မိမယ်လေးတွေ ပျောက်သွားပြီ။ ဒီတော့မှ ရသေ့သောမလည်း အတုန်အရီတွေ ရပ်သွားသဗျို့။

ရသေ့ကြီးက ခပ်သုတ်သုတ်ပဲ ရှေ့ဆက်သွားတယ်။ ရှေ့မှာ ကျောက်တံခါးကြီးတစ်ချပ် ပိတ်နေရောဗျာ။

"တောက်"

ရသေ့ကြီးက တောက်တစ်ချက် ခေါက်လိုက်ပြီးတော့ ကျောက်တံခါးကြီးကို ဆေးတောင်ဝှေးနဲ့ နှစ်ချက်ဆင့်ထိုးလိုက်တယ်။

"ဒေါက်၊ ဒေါက်"

မပွင့်ဘူးဗျ။ တံခါးက ပွင့်ဖို့နေနေသာ လှုပ်တောင်မလှုပ်ဘူး။ ရသေ့ကြီးက မန္တန်တစ်ခု ရွတ်တယ်။ ပြီးတော့ သူ့ရဲ့ ဆေးတောင်ဝှေးနဲ့ ကျောက်တံခါးကြီးကို ရိုက်လိုက်တယ်။

"ဒုန်း၊ ဝုန်း၊ ဝုန်း၊ ကျွီ၊ ကျွီ"

ဟော ပွင့်ပြီဗျို့။ ကျောက်တံခါးကြီး ပွင့်သွားပြီ။ ဟာ.. ရွှေရောင်တွေ ဝင်းနေပါလား။

"မောင်တာတေနဲ့ သောမ သတိထားကြ၊ ဒါ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်တဲ့အခန်းပဲ၊ ဒီအခန်းကျော်သွားရင် ကျုပ်လိုချင်တဲ့ ပြဒါးပြာ တွေ့လိမ့်မကွဲ့။ ဒီအခန်းထဲက ပစ္စည်းတွေကို ယူဖို့မပြောနဲ့ ထိတောင် မထိနဲ့ ကြားလား၊ စကားတစ်ခွန်းမှ မပြောနဲ့၊ ဘာ ပစ္စည်းကိုမှ မထိနဲ့၊ ကြားကြလား၊ ကဲ လာ ဝင်မယ်''

ရသေ့ကြီးက သူ့ရဲ့ဆေးတောင်ဝှေးကြီးကို တဒေါက်ဒေါက်ထောက်ပြီး ရှေ့က ဝင်သွားတယ်။ ကျုပ်တို့က သူ့နောက်က လိုက်ရတာပေါ့ဗျာ။

အို···များလိုက်တဲ့ ရတနာတွေဗျာ။ အခန်းကြီးတစ်ခုလုံးက ရွှေရောင်ဗျ။ နံရံတွေရော၊ ကြမ်းခင်းရော ရွှေရောင်ဗျ။ နံရံမှာ ထွန်းထားတဲ့ ကျောက်ဖယောင်းတိုင်ကြီးတွေအားလုံးလည်း ရွှေရောင်ပဲဗျာ။ မီးရောင်အောက်မှာ ဟောင်းလောင်းပွင့်နေတဲ့ ရတနာသေတ္တာတွေဟာ ဘယ်နှလုံးဆိုတာ ရေတောင် မရေနိုင်ပါဘူးဗျာ။ ရွှေရောင်ကြမ်းပြင်ပေါ်မှာ ပုံထားတဲ့ ရတနာတွေ၊ ရွှေမန်းကျည်းတောင့်တွေ၊ ရွှေဒင်္ဂါးပြားတွေ၊ ရွှေရုပ်တုတွေ၊ ရွှေပုတီး၊ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ ရွှေခြေကျင်း၊ ပတ္တမြား၊ မြ၊ နီလာ၊ စိန်၊ သန္တာ၊ ဂေါမုတ်၊ ပုလဲ ရတနာမျိုးစုံက မီးရောင်အောက်မှာ တလက်လက် တဖိတ်ဖိတ်နဲ့ လူတစ်ယောက်ရဲ့ လောဘကို ဖိတ်ခေါ်နေတာပေါ့ဗျာ။

ရတနာပုံကြီးကို ကျော်ဖြတ်ပြီးသွားတော့ ရွှေတံခါးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်လို့ဗျ။ ရွှေသားအစစ်နဲ့ လုပ်ထားတဲ့ တံခါးဗျ။ ရသေ့ကြီးက မန္တန်သုံးလေးပုဒ်ရွတ်ပြီး သူ့ရဲ့ ဒေးတောင်ဖျားနဲ့ ရိုက်လိုက်တယ်။

"ဒုန်း၊ ဝုန်း၊ ဝုန်း"

ဟော ရွှေတံခါးကြီး ပွင့်သွားပြီဗျို့။ ဟာ ပတ္တမြား အရောင်ပါလား။ အခန်းကြီးတစ်ခုလုံး ပတ္တမြားအရောင် တောက်နေပြီး ရဲရဲနီနေတဲ့ အခန်းကြီးဗျ။ နံရံလည်း ပတ္တမြား၊ ကြမ်းခင်းလည်း ပတ္တမြား၊ မျက်နှာကျက်လည်း ပတ္တမြား။ ဟာ သိုက်နန်း ရှင်ပါလား။ အနီရောင်ထမိန်နဲ့ ခါးတောင်အင်္ကျီ ဝတ်ထားတဲ့ အမျိုးသမီးတစ်ယောက် မတ်တတ်စုံရပ်ပြီး ရသေ့ကြီးကို လက်အုပ်ချီထားတယ်။ လှလိုက်တဲ့ မိန်းမဗျာ။ ကျုပ်တစ်သက် မြင်ဖူးသမျှ မိန်းမတွေနဲ့ ဘယ်လိုမှကို မယှဉ်သာအောင်လှတဲ့ မိန်းမဗျာ။ ငွေရောင်အခန်းမှာ တွေ့ခဲ့တဲ့ နတ်မိမယ်တွေ လှတယ်လို့ ထင်ခဲ့တဲ့ အတွေးဟာ ဘယ်ပျောက်သွားမှန်းကို မသိတော့တာပေါ့ဗျာ။ ဆံစွယ်ကို ထုထားတဲ့ ပန်းပုရုပ်ကလေးများလားလို့တောင် ထင်မိရဲ့ဗျာ။ ပြေပြစ်လှတဲ့ နဖူးပြင်ရဲ့အောက်မှာ နက်မှောင်နေတဲ့ မျက်ခုံးနှစ်ခုက ဖင်ယော်တောင်လို ကော့ကော့လေးဗျ။ ဝိုင်းစက်နေတဲ့ မျက်လုံးနှစ်လုံးက မဟူရာလို နက်မှောင်ပြီး ကြယ်ပွင့်လေးတွေလို တလက်လက် တောက်ပနေတယ်။ မျက်ခုံးနှစ်ခုကြားက ဖြောင့်စင်းတဲ့ နှာတံလေးက လေးကိုင်းသဖွယ် နှုတ်ခမ်းကလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com


အပေါ်မှာ အဆုံးသတ်ပြီး နီစွေးစွေး နှုတ်ခမ်းနှစ်မွှာက မပြုံးပေမဲ့ ပြုံးနေသယောင်ယောင်လေးဗျ။ ခန္ဓာကိုယ်ကလည်း မဆူ မကြုံ၊ မနိမ့် မမြင့် အလွန်ကို တင့်တယ်လွန်းလှပါတယ်ဗျာ။ ရေအပြင် ထက်မှာ ငွားငွားစွင့်စွင့် ပွင့်နေတဲ့ ပဒုမ္မာကြာပန်းတစ်ပွင့်ကို ကြည့်နေရသလိုပါပဲဗျာ။

သူရပ်နေတဲ့ အနောက်မှာ ရွှေလှေကားထစ်တွေဗျ။ အားလုံးကိုးထစ်ရှိတယ်။ အဲဒီအပေါ်မှာတော့ ရတနာမျိုးစုံ စီခြယ် ထားတဲ့ ရွှေပလ္လင်လေးဗျ။ အမြင့်က ကျူပ်ရင်စို့လောက် ရှိမယ်။ အဲဒီရွှေပလ္လင်ပေါ်မှာမှ ရွှေကြာပွင့်ကြီးတစ်ပွင့်၊ ရွှေကြာပွင့်ရဲ့ အလယ်က ပန်းဝတ်ဆံနေရာမှာ ရွှေကလပ်တစ်ခုဗျ။ အဲဒီရွှေ ကလပ်ပေါ်မှာ ဖန်ပေါင်းချောင်နဲ့ အုပ်ထားတဲ့ ရွှေကြုတ်ကလေး ဗျ။ နှစ်လက်မလုံးလောက်ရှိပြီး အမြင့်က ခြောက်လက်မလောက် ရှိမယ်။ ရွှေကြုတ်ရဲ့ အပေါ်မှာ ရုပ်ကြွလေးတွေ ဖော်ထားသေး သဗျ။ ရသေ့ကြီးရဲ့ မျက်လုံးတွေက အဲဒီရွှေကြုတ်ကို စိုက်ကြည့် ပြီး မေးလိုက်တယ်။

"သိုက်နန်းရှင် မဟုတ်လား"

"မှန်ပါ့ဘုရား၊ တပည့်တော်မဟာ ဟောဒီရွှေဂူသိုက်နန်း ကြီးရဲ့ သိုက်နန်းရှင်ပါဘုရား"

"အော်၊ အော်၊ ရွှေဂူရှင်မ နန်းကြာမုံ ဆိုတာ ဒကား


www.burmeseclassic.com

www.burmeseclassic.com



လေးပေါ့"

"ဟုတ်ပါတယ်ဘုရား၊ တပည့်တော် ရွှေဂူရှင်မ နန်းကြာမုံပါဘုရား၊ ဒီပြဒါးပြာသိုက်ကို စောင့်ရတဲ့သူပါဘုရား"

ဘရသေ့က ခေါင်းညိတ်ပြလိုက်ပြီး ပြောတယ်ဗျ။

"ဒီမှာ ရွှေဂူရှင်မ နန်းကြာမုံ၊ ဘရသေ့ ထွက်ရပ်လမ်းကို မြန်းကြွဖို့ရာ ဟောဒီပြဒါးပြာရမှ ဖြစ်မှာမို့ ဟောဟိုက ကြာကလပ်ပေါ်မှာ တင်ထားတဲ့ ပြဒါးပြာရွှေကြုတ်ကို အလှူခံပါတယ် ဒကာမလေး"

"ဒီပြဒါးပြာဟာ လှူလို့လည်း မရ၊ ပေးလို့လည်း မရတဲ့ အရာပါဘုရား၊ အထက်က ဘိုးဘိုးကြီးဘုရားတို့ရဲ့ အမိန့်အရ အသက်ပေးပြီး ကာကွယ်ရမှာပါဘုရား၊ တပည့်တော်မ အနူးအညွတ် တောင်းပန်ပါတယ်။ ရွှေ၊ ငွေ၊ ရတနာ၊ ကျောက်သံပတ္တမြားတွေကို အရှင်ဘုရားတို့ ကြိုက်သလောက် ယူသွားပါဘုရား။ ဒီပြဒါးပြာကိုတော့ ပေးဖို့နေနေသာသာ လက်နဲ့တောင် အထိမခံနိုင်ပါဘူးဘုရား၊ တပည့်တော်မကို သနားတယ်ဆိုရင် ဒီကပဲလှည့်ပြီး ပြန်တော်မူပါ ဘရသေ့ကြီးဘုရား"

"ဩော်...ဒီလိုလား၊ ဒီလိုဆိုမှဖြင့် ရအောင် ယူရတော့မှာပေါ့လေ"

ဘရသေ့က သူ့ဆေးတောင်ဝှေးကို ကြမ်းပြင်မှာ ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



ကနဲမြည်အောင် ထောက်လိုက်တယ်ဗျ။ ဒီမှာတင် ပတ္တမြားခန်းဆောင်ရဲ့ ထောင့်လေးထောင့်မှာ ရပ်နေတဲ့ တင်းပုတ်ကိုင် ဘီလူးရုပ်ကြီး လေးရုပ် အသက်ဝင်လာရောဗျို့။ တင်းပုတ်ကြီးတွေကို လက်နှစ်ဖက်နဲ့ စုံကိုင်ပြီး ကျုပ်တို့ဘက်ကို လျှောက်လာရောဗျာ။ ဒီအချိန်မှာ ဘရသေ့က မျက်စိစုံမှိတ်ပြီး မန္တန်ရွတ်နေတာဗျ။ ဘရသေ့က မန္တန်ကို အရပ်လေးမျက်နှာလှည့်ပြီး ရွတ်တာ။ သူ့လက်ထဲမှာ ကိုင်ထားတဲ့ ဆေးတောင်ဝှေးကနေ အခိုးအလျှံတွေ ထွက်လာတာဗျို့။ ကျောက်ဘီလူးရုပ်ကြီး လေးကောင်က တရွေ့ရွေ့နဲ့ ကပ်လာကြတာ ကျုပ်တို့နဲ့ ဆယ်ပေလောက်ပဲ ကွာတော့တာဗျ။

"ဟိတ်"

ဘရသေ့ ထအော်လိုက်တော့ ဘီလူးရုပ်ကြီး လေးရုပ်ဟာ လက်ကြီးတွေ မြှောက်ရက်သားနဲ့ ကျောက်ရုပ်ပြန်ဖြစ်သွားကြရောဗျို့။

"ဟဲ့၊ ဖယ်စမ်း ရွှေဂူရှ မ"

ဘရသေ့က ပြောပြောဆိုဆိုနဲ့ သူ့တောင်ဝှေးနဲ့ ရွှေဂူရှင်မဘက်ကို ဖွေ့လိုက်တာ တောင်ဝှေးက မီးခိုးလုံးကြီး ထွက်သွားပြီး ရွှေဂူရှင်မဟာ နေရာမှာတင် ခွေကျသွားရောဗျို့။ ကျုပ်ဖြင့် ရွှေဂူရှင်မကို သနားလိုက်တာဗျာ။ ပြေးပြီး ပွေ့ထူပေးချင်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို မနည်းထိန်းထားရတယ်။

ဘရသေ့ဇာ ရှေ့ဆက်သွားပြီ။ ကျုပ်လည်း နောက်က ကပ်လိုက်လာတယ်။ ဘရသေ့က ငွေခလုကား ကိုးထစ်ကို စပြီး တက်ပြီဗျ။ တစ်ထစ်၊ နှစ်ထစ်၊ သုံးထစ်၊ လေးထစ်၊ ငါးထစ်။

"စည်းပေါက်သွားပြီဟေ့၊ ဝိုင်းကြဟ၊ ဝိုင်းကြ"

ဂူကြီးတစ်ခုလုံး ဟိန်းထွက်သွားတဲ့ အသံကြီးဗျ။ ကျုပ်လည်း လန့်ပြီး နောက်ကို လှည့်ကြည့်လိုက်တယ်။

"ဟာ"

ရသေ့သောမက ကျုပ်နောက်မှာ ပါမှမလာဘဲ။ သတိမေ့ပြီး လဲကျနေတဲ့ ရွှေဂူရှင်မကို ရသေ့သောမက ပွေ့ထားလို့ပါလား။

"နောင်၊ နောင်၊ နောင်၊ နောင်"

ဟာ ဂူကြီးတစ်ခုလုံး မောင်းတီးသံတွေ ဆူညံပြီး ကျောက်တုံးကြီးတွေ လိမ့်ကျလာတဲ့ အသံတွေလည်း ကြားရတယ်ဗျာ။ လူတစ်ထောင်လောက် ညာသံပေးပြီး ပြေးလာတဲ့ ခြေသံတွေ ကြားနေရတယ်။ ကျုပ်တစ်ကိုယ်လုံးမှာ ကြက်သီးတွေ တဖျန်းဖျန်းထလို့ဗျာ။

"ဝုန်း၊ ဝေါ၊ ဝေါ"

ဟာ ကျောက်နံရံကြီးတွေမှာ အပေါက်ကြီးတွေ ပေါ်လာပြီး ရေလုံးကြီးတွေ ပန်းထွက်လာရောဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ပြေး၊ ပြေး၊ မောင်တာတေး ပြေးတော့၊ တော်တော် မိုက်တဲ့ သောမ၊ ဒင်းကြောင့် ဖြစ်ရတာ။ မောင်တာတေ လွတ်အောင် ပြေးပေတော့"

ကျုပ်လည်း တစ်ကိုယ်လုံး ထူပူပြီး စွတ်ပြေးခဲ့ရတာပေါ့ဗျာ။ ထွက်ပေါက်ကို ရောက်ပြီဗျ။ ကျောက်လှေကားတွေပေါ်ကို ပြေးအတက်မှာ…

"ဝုန်း"

နောက်က ပါလာတဲ့ ရေလုံးကြီးက ကျုပ်ကို ပြေးရိုက်လိုက်တယ်။ ကျုပ် ရေလုံးကြီးနဲ့ ပါသွားရောဗျို့။ ကျုပ် သတိရလာလို့ ကြည့်လိုက်တော့ စမ်းချောင်းကြီးတစ်ခုအောက ကျောက်တုံးကြီးတစ်ခုပေါ်မှာဗျ။ တစ်ကိုယ်လုံးလည်း နာကျင်နေတာပဲဗျာ။ ကျုပ် ဘယ်နေရာရောက်နေမှန်းလည်း မသိဘူး။ သတိမေ့နေတာ ဘယ်လောက်ကြာသွားမှန်းလည်း မသိဘူးဗျ။

စမ်းချောင်းထဲက ရေကို လက်ခုပ်နဲ့ ခပ်သောက်ပြီး နက်နာသစ်လိုက်တယ်။ ပြီးတော့မှ တောထဲကထွက်ဖို့ မှန်းပြီး လျှောက်လာတယ်။ တော်တော်လေး လျှောက်မိတော့ ကျုပ်ရှေ့မှာ တွေ့လိုက်ရတာက ညောင်ပင်ကြီး နှစ်ပင်ဗျ။

"ဟာ"

ကျုပ်တစ်ကိုယ်လုံးမှာ ကြက်သီးတွေ တဖျန်းဖျန်း ထ



www.burmeseclassic.com

www.burmeseclassic.com



သွားတော့တာဗျို့။ ဒါ ရွှေဂူသိုက်ကြီးရဲ့ ဝင်ပေါက်က ညောင်ပင်ကြီးတွေဗျ။ ကျုပ် လျှောက်ရင်းနဲ့ ရွှေဂူသိုက်ကြီးရှိတဲ့နေရာကို ပြန်ရောက်လာတာပဲ။ ကျုပ်လည်း ဘာမှမတွေးတော့ဘဲ နောက်ကို ချာကနဲ လှည့်ထွက်လိုက်တယ်။

"မောင်တာတေ၊ နေပါဦးကွဲ့"

ကြက်သီးတွေ ဖျန်းကနဲထပြီး ဆံပင်တွေပါ ထောင်သွားတယ်လို့ ထင်လိုက်မိတယ်ဗျာ။ ကျုပ်နာမည်ကို ဘယ်သူ ခေါ်လိုက်တာတုံး။ သိုက်ထဲက ကျောက်ဘီလူးကြီးတွေများလားလို့ တွေးမိပြီး ကျုပ်နောက်ကို လှည့်ကြည့်လိုက်တော့ ညောင်ပင်ကြီးတစ်ပင်ရဲ့နောက်က ထွက်လာတဲ့ အဘိုးကြီးတစ်ယောက်ဗျ။ အပေါ်ဖြူ၊ အောက်ဖြူ၊ ပုဝါဖြူ ပေါင်းလို့။ လွယ်အိတ်ကြီးတစ်လုံးလည်း လွယ်ထားတယ်။ လွယ်အိတ်ကတော့ အစိမ်းရောင်ဗျ။

"ဟာ…အဘိုးပါလား"

ဟုတ်တယ်ဗျ။ (မဖဲဝါ မဝင်ရ)မှာ ကျုပ်ပြောပြခဲ့ဖူးတဲ့ ကုန်းတန်းရွာပဟောင်းကြီးက အဘိုးဆရာကြီးဗျ။ ကျုပ်ကို အင်းလက်ကိုင်ပုဝါစည်းပြီး ရွာဟောင်းကြီးအကြောင်းကို ပြခဲ့တာလေဗျာ။ အမေရှင်နှလို့ခေါ်တဲ့ အဘိုးဆရာကြီးလေ။ (ခင်ဗျား မေ့နေရင်တော့ 'မဖဲဝါ မဝင်ရ' ကို ပြန်ပြီး ဖတ်ကြည့်ဗျာ)



www.burmeseclassic.com

www.burmeseclassic.com


"မောင်တာတေ အဘိုးကို မှတ်မိသားပဲ၊ ဘယ့်နှယ်တုံးကွဲ့ မောင်တာတေရဲ့၊ ရသေ့သိုက်ဆရာနဲ့ အဖော်လိုက်ခဲ့တာ တော်တော်မှ ဗဟုသုတ ရရဲ့လား"

"ဟာ မပြောပါနဲ့တော့ အဘိုးရယ်၊ ကျုပ်ဖြင့် ကံကောင်းလို့ မသေတာဗျာ"

"ဟား၊ ဟား၊ ဟား၊ ဟား မင်းကွာ တော်တော်စပ်စုချင်တဲ့ သူငယ်ပဲ၊ ရသေ့သိုက်ဆရာကို ဘယ်လိုများတွေ့ပြီး လိုက်လာတာတုံး"

ကျုပ်က အဘိုးဆရာကြီး အဖေရှင်ကို အကျိုးအကြောင်း ပြောပြလိုက်တော့ အဘိုးက ကျုပ်ကို ခေါင်းတညိတ်ညိတ်နဲ့ ကြည့်တယ်ဗျ။

"ကဲ မောင်တာတေ၊ အဘိုးပြောတာ နားထောင်၊ သိုက်ထဲမှာ ရွှေဂူရှင်မ အခုထိ သတိမရသေးဘူးကွဲ့"

"ဟာ ဟုတ်လား အဘိုး"

"အေး ဟုတ်တယ် မောင်တာတေ၊ သိုက်ဆရာ ရသေ့ရဲ့ ပညာက တော်တော်မြင့်တာကွဲ့၊ ရွှေဂူရှင်မကို ကယ်ဖို့ လူကလေး သိုက်ထဲကို ပြန်ပြီးဝင်မှ ဖြစ်မယ်"

"ဗျာ၊ ကျုပ် သိုက်ကြီးထဲကို ပြန်ဝင်ရမယ် ဟုတ်လား အဘိုး၊ ကျုပ်ကို ကျောက်ဘီလူးကြီးတွေ ဝိုင်းပြီးသတ်ကြမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



အဘိုးရဲ့"

"မသိတော့ပါဘူး မောင်တာတေရယ်၊ ဟောဒီဆေးတောင့်ကို ယူသွား၊ သိုက်ထဲရောက်တော့ ဒီဆေးတောင့်ကို သွေးပြီး မောင်တာတေကိုယ်တိုင် သိုက်နန်းရှင်မရဲ့ မျက်နှာမှာ သနပ်ခါး လိမ်းသလို လိမ်းပေးလိုက်ပေတော့။ ရွှေဝှရှင်မ ကောင်းသွားလိမ့် မယ်ကွဲ့"

"ဖြစ်ပါ့မလား အဘိုးရယ်"

"ဟာ ဖြစ်ပါတယ်ကွဲ့၊ မောင်တာတေအပေါ်ကို ဘာ အန္တရာယ်မှ မကျရောက်စေရပါဘူး၊ ပြီးတော့ မောင်တာတေ လာမှာကို သူတို့ ကြိုသိလို့ စောင့်နေကြပါပြီ။ သူတို့သခင်မ အတွက် သူတို့တွေမှာ မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေကြရရှာတာ ပါကွယ်။ ကိစ္စပြီးရင်သာ ချက်ချင်းပြန်ထွက်လာခဲ့။ ကျုပ် ဒီ ညောင်ပင်ကြီးတွေအောက်ကပဲ စောင့်နေမယ်"

အဘိုးဆရာကြီး အဖေရှင်က သူ့ခေါင်းမှာ ပေါင်းထားတဲ့ ပုဝါအဖြူလေးကို ဖြုတ်ယူပြီး ကျုပ်ခေါင်းမှာ အဘိုးကိုယ်တိုင် ပေါင်းပေးလိုက်တယ်။ ပြီးတော့ ကျုပ်ကို ဆေးတောင့်အပ်တယ်။

"ဝုန်း၊ ဝုန်း၊ ကျွီ၊ ကျွီ"

ဟာ သိုက်တံခါးကြီး ပွင့်သွားပြီဗျို့။ ကျောက်လှေကား ကြီးရှေ့ကို မြင်နေရပြီ။



www.burmeseclassic.com

www.burmeseclassic.com


"ကဲ မောင်တာတေ သွားပေတော့၊ သူတို့ သိုက်တံခါး ဖွင့်ပေးလိုက်ပြီ"

ကျုပ်လည်း ဆေးတောင့်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ကျောက်လှေကားအတိုင်း ဆင်းလာလိုက်တယ်။ ဟိုဇနက တွေ့တဲ့ လက်လေးဖက်ပါတဲ့ ကျောက်ဘီလူးရုပ်ကြီးက ဒီတစ်ခါတော့ လှုပ်တောင် မလှုပ်ဘူးဗျ။

ကျုပ်က ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်ဝင်လိုက်တယ်။ ဆင်စွယ်ရောင်အခန်းကြီးကို ဖြတ်လိုက်တယ်။ ဘယ်သူ့ကိုမှ မတွေ့ဘူးဗျ။

"ဝုန်း၊ ဝုန်း"

ဟာ နောက်တံခါးတစ်ချပ် ပွင့်ပြန်ပြီဗျို့။ ကျုပ် ဝင်လာခဲ့တယ်။ ရွှေရောင်ခန်းမကြီးထဲက ရတနာတွေကြားထဲကို ကျုပ်ရောက်လာတယ်။ နတ်မိမယ်တစ်ယောက်တောင်မှ မတွေ့ဘူးဗျ။ ကျုပ် ဆက်လျှောက်တယ်။

"ဝုန်း၊ ဝုန်း"

နောက်ဆုံး တံခါးကြီး ပွင့်သွားပြီ။ ပတ္တမြားအရောင် ခန်းမကြီးဗျ။ ရွှေလှေကားထစ်တွေနဲ့ ရွှေပလ္လင်၊ ရွှေကြာပွင့်ကြီး ပေါ်က ရွှေကြုတ်နဲ့ ထည့်ထားတဲ့ ပြဒါးပြာ။ ရသေ့ကြီး ဦးဘောဂ သိပ်လိုချင်တဲ့ ပစ္စည်းပေါ့ဗျာ။ ကျုပ်က ပတ္တမြားခန်းမကြီးထဲကို



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်ကြည့်လိုက်တော့ အစိမ်းရောင် တင်းတိန်ကာထားတဲ့ အခန်းတစ်ခန်းကို တွေ့လိုက်တယ်။ အရှေ့မှာ ရပ်နေတဲ့ နတ်မိမယ်လေးတွေ အစိမ်းရောင်နဲ့ ရွှေရောင်အဝတ်တွေနဲ့ဗျ။

ကျုပ်က သူတို့ဘက်ကို လျှောက်သွားလိုက်တယ်။ သူတို့အားလုံး ကြမ်းပြင်ပေါ်မှာ ဒူးတုပ်ထိုင်ပြီး ကျုပ်ကို လက်အုပ်ချီထားကြတယ်။

"ဆေးသွေးဖို့ ပေးပါ"

ကျုပ်ပြောလိုက်တာနဲ့ တင်းတိန်ကိုဖွင့်ပြီး နတ်မိမယ်လေးတစ်ပါး ထွက်လာတယ်။ ရေထည့်ထားတဲ့ ရွှေခွက်တစ်ခုနဲ့ မြကျောက်ပြင်တစ်ချပ် ပေးတယ်။ ကျုပ်က ပတ္တမြားကြမ်းပြင်မှာ ထိုင်ပြီး ဆေးသွေးတယ်။ ရွှေခွက်ထဲက ရေကိုထည့်လိုက် သွေးလိုက်နဲ့ မြကျောက်ပြင်မှာ ဆေးတော်တော်ရလာတော့ ကျုပ်က ဆေးတောင့်ကို ပြန်သိမ်းပြီး မြကျောက်ပြင်ကို ယူတယ်။

ကျုပ်လုပ်သမျှကို မျက်တောင်မခတ်ဘဲ ကြည့်နေတဲ့ နတ်မိမယ်လေးတွေက သူတို့ပါ ထရပ်ပြီး အစိမ်းရောင်ပိုးသားတင်းတိန် ဟိုဘက် ဒီဘက် ကိုင်ပြီး ဖွင့်ပေးကြတယ်။ အတွင်းကို လှမ်းကြည့်လိုက်တော့ ရွှေသလွန်ပေါ်မှာ ဆန့်ဆန့်လေး လဲနေတဲ့ ရွှေဂူရှင်မ နန်းကြာမုံကို တွေ့လိုက်ရတယ်။ တစ်ကိုယ်လုံး ပတ္တမြားရောင် နီရဲနေတဲ့ ထိုင်မသိမ်းနဲ့ ခါးတောင်အင်္ကျီကိုဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်ဗျ။ အခန်းတစ်ခုလုံး မွှေးကြိုင်နေတာပဲဗျို့။ တင်းတိန်ကာထားတဲ့ အခန်းထဲမှာ အစိမ်းရောင်ဝတ်ထားတဲ့ နတ်မိမယ်လေးတွေက ရွှေယပ်တွေကိုင်ပြီး ရွှေဂူရှင်မကို ယပ်ခတ်ပေးနေကြတယ်။

ကျုပ်က ရွှေဂူရှင်မ လဲလျောင်းနေတဲ့ ရွှေသလွန်ဘေးကို ကပ်သွားပြီး မထိရက်သောက်အောင်လှတဲ့ လူလား၊ နတ်လား မသိနိုင်တဲ့ ရွှေဂူရှင်မရဲ့ မျက်နှာလေးပေါ်မှာ အဘိုးဆရာကြီးရဲ့ ဆေးတော်ကို သေသေချာချာ လိမ်းပေးလိုက်တယ်။

ဆေးကုန်အောင် လိမ်းပြီးတာနဲ့ ကျုပ်က လက်ထဲမှာ ကိုင်ထားတဲ့ မြကျောက်ပြင်ကို နတ်မိမယ်လေးတစ်ယောက်ကို လှမ်းပေးလိုက်တယ်။ ဒီအချိန်လေးမှာပဲ…

"ဟာ သခင်မ သတိရလာပြီ"

လို့ ရွှေယပ်ကိုင် နတ်မိမယ်လေးတစ်ပါး ပြောလိုက်တဲ့ အသံကို ကျုပ် ကြားလိုက်တယ်။ နတ်မိမယ်လေးတွေအားလုံး ရွှေသလွန်ဘေးမှာ ဝိုင်းအုံပြီး ကြည့်ကြတယ်။

"ဝမ်းသာလိုက်တာ သခင်မရယ်"

ကျုပ်ကတော့ မလှမ်းမကမ်းမှာပဲ ရပ်ကြည့်နေလိုက်တယ်။

"သခင်မ နေကောင်းပါပြီကွယ်၊ ကဲ ကဲ ညီမတော်တို့



www.burmeseclassic.com

www.burmeseclassic.com


ဖယ်ကြဦးကွဲ၊ သမားတော်လေးကို ကျေးဇူးပြုရပေဦးမယ်”

ရွှေဝူရှင်မက ရွှေသလွန်ညောင်စောင်းမှာ အသာလေး ထထိုင်လိုက်တယ်။ ကျုပ်က ရပ်နေတဲ့ နေရာမှာပဲ ကြံ့ကြံ့ထိုင် လိုက်တယ်။

“အဖေရှင်ရဲ့ကျေးဇူး ကြီးမားလှပါပေတယ်။ ယောဒီက မောင်ငယ် သမားတော်လေးကိုလည်း နန်းကြာမုံ ကျေးဇူးအထူး တင်လှပါတယ်ကွယ်။ ကဲ သမားတော်လေး ကြိုက်တဲ့ ရွှေငွေ ရတနာတွေကို ကြိုက်သလောက် ယူသွားနိုင်ပါတယ်”

“ဟာ ကျုပ် အဲဒါတွေ ဘာကိုမှ မလိုချင်ပါဘူးဗျာ၊ ရွှေဝူရှင်မ ကျန်းမာသွားရင်ပဲ ကျုပ် စိတ်ချမ်းသာလှပါပြီ”

“သမားတော်လေးရဲ့ စိတ်ထား မွန်မြတ်ပါပေတယ်။ ဒါဆိုရင်တော့ ယောဒီ ရွှေကြက်ဖလေးကို လက်ဆောင်အဖြစ် သခင်မ ပေးလိုက်ပါ့မယ်။ ဒါကိုတော့ ယူပါကွယ်”

ရွှေဝူရှင်မက သူ့လက်ဝါးပေါ်မှာ ဘွားကနဲ ပေါ်လာတဲ့ ကြက်ဥလုံးအရွယ်လောက်ရှိတဲ့ ရွှေကြက်ဖရုပ်ကလေးကို ကျုပ်ကို ပေးတယ်”

“အဘိုးဆရာကြီးက ကျုပ်ကို အပြစ်တင်နေပါဦးမယ် ဗျာ”

“ဟာ အပြစ်မတင်စေရပါဘူးကွယ်၊ နန်းကြာမုံ ယောဒီ


www.burmeseclassic.com

www.burmeseclassic.com



ကနေ အဖေရှင်ကို လှမ်းပြီးသျှောက်ထားလိုက်ပါ့မယ်၊ ကဲ ယူပါ မောင်ငယ်"

ကျုပ် ရိုရိုသေသေ သွားပြီးယူလိုက်တယ်။ ပြီးတော့ ကျုပ် ပြန်ဖို့ပြင်တယ်။ အဘိုးဆရာကြီးက ကိစ္စပြီးတာနဲ့ ချက်ချင်း ပြန်ထွက်ခဲ့လို့ မှာလိုက်တယ်လေဗျာ။

ပြဒါးပြာသိုက်ကြီးထဲကနေ ကျုပ် ပြန်ထွက်လာတော့ အဘိုးဆရာကြီးက ညောင်ပင်ကြီးအောက်ကနေ ကျုပ်ကို စောင့် နေတယ်။

ကျုပ်က ခေါင်းက ပုဝါနဲ့ ဆေးတော့်ကို အဘိုးဆရာကြီး ကို ပြန်အပ်လိုက်တယ်။ အဘိုးဆရာကြီးက ကျုပ်ကို ဆပ်သမြောင် သွားတဲ့လမ်းအရောက် လိုက်ပို့ပေးတယ်။ ခဏလေးနဲ့ ဆပ် သမြောင်ကို ပြန်ရောက်လာတယ်။ ကျုပ်တို့ကို မျှော်နေကြတဲ့ ဆရာတော် ဦးဥတ္တမနဲ့ ကိုအောင်ပွားကို တွေ့တယ်။ ကျုပ်က ဖြစ်သမျှအကြောင်းတွေကို လျှောက်ထားလိုက်တယ်။

ဆရာတော်လည်း ဝော်တော်ကို စိတ်မကောင်းဖြစ်သွား တာပေါ့ဗျာ။ ကိုအောင်ပွားက ကျုပ်ကို လှည်းနဲ့ ပြန်ပို့ပါတယ်။ ကျုပ် ခါးပိုက်ထောင်ထဲမှာ ထည့်ထားတဲ့ ရွှေကြက်ဖလေး အကြောင်းကိုတော့ ဆရာတော် ဦးဥတ္တမကိုရော၊ ကိုအောင်ပွားကို ရော ပြောမပြခဲ့ဘူးဗျ။

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com


ထနောင်းကုန်းကို ပြန်ရောက်တော့ ရွှေဂူရှင်မ ပေးလိုက်တဲ့ ရွှေကြက်ဖလေးကို ဘယ်သူမှ မသိအောင် ကျုပ်ရဲ့ သံသေတ္တာထဲမှာ အသာကလေး သိမ်းထားလိုက်တယ်။

တာတေ

□□□


www.burmeseclassic.com

www.burmeseclassic.com



# စုန်းရွာကြီး

**ဆ**ရာတော့်ကျောင်းက ကျောင်းသားလေး တောကျော်လာခေါ်တာဗျို့။

"ကိုကြီးတာတေကို ဆရာတော် ခေါ်ခိုင်းလို့ဗျ"

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



"ဟေ…ဟုတ်လားကွ တောကျော်၊ အေး အေး ငါလာခဲ့မယ်၊ မင်းပြန်နှင့်တော့"

"ဟာ မဟုတ်ဘူးဗျ၊ ကိုကြီးတာတောကို တစ်ပါတည်းခေါ်ခဲ့ရမယ်လို့ ဆရာတော်က မှာလိုက်တာ"

"ဟ…ဒီလိုလားကွ၊ တောကျော်ရ၊ ကဲ ဒါဆိုရင် ခုပဲသွားကြတာပေါ့ကွာ"

ဟုတ်တယ်ဗျ။ ကျုပ်ဆရာတော်အကြောင်း ကျုပ်က သိပြီးသားပါဗျာ။ ဆရာတော်က တော်တော်ကြာတို့၊ နောက်မှတို့ ဆိုတာတွေ နည်းနည်းမှ ကြိုက်တာမဟုတ်ဘူးဗျ။ တောကျော်ပြောတာ ဟုတ်တယ်။

အသားမည်းမည်း၊ အရပ်ပုပု၊ မျက်လုံးပြူးပြူးနဲ့ တောကျော်ဆိုတဲ့ ကောင်က လမ်းလျှောက်တော့ လွှတ်သွက်တာဗျ။ ကျုပ်ရှေ့က သွားနေလိုက်တာ လှစ်လှစ် လှစ်လှစ်ကို ဖြစ်နေတာဗျ။ ကျုပ်မှာ ဒီကောင့်ကိုမှီအောင် မနည်းကို လိုက်နေရတာဗျို့။

ဆရာတော့်ကျောင်းကိုရောက်တော့ ရှေးဟောင်းလက်ရာပွတ်လုံးတိုင်ကြီးတွေနဲ့ ကနုတ်ပန်းတွေ ဖော်ထားတဲ့ ကျွန်းလှေကားကြီးကနေ ကျောင်းကြီးအပေါ်ထပ်ကို တက်ခဲ့တယ်။

ဟာ၊ ကျုပ်မျက်လုံးကိုတောင် ကျုပ် မယုံနိုင်အောင် ဖြစ်သွားမိတယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဆရာ"

ကျုပ် ဘယ်လိုမှကို မျှော်လင့်မထားတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတာဗျာ။ ကျုပ်ဆရာ နွံဖလေဗျာ။ ဆရာစိုင်းနွံဖပေါ့။ ဆရာနဲ့ ကျုပ်နဲ့ အဆက်အသွယ်ပြတ်နေတာ တော်တော်ကိုကြာပြီဗျ။

ဆရာနွံဖက နဂိုပုံစံအတိုင်းပါပဲဗျာ။ တည်ငြိမ်အေးဆေးတဲ့ မျက်လုံးတွေနဲ့ ကျုပ်ကိုကြည့်ပြီး ပြုံးပြနေတယ်။ ဆရာနွံဖရဲ့ ဒီအကြည့်နဲ့ ဒီအပြုံးကို ကျုပ် ဘယ်တော့မှ မမေ့ခဲ့ပါဘူးဗျာ။

"ဘာတေ၊ မင်း တော်တော်အံ့ဩသွားသလား"

ဆရာတော်ကလည်း ပြုံးပြုံးကြီးလုပ်ပြီး မေးတာဗျ။

"မှန်ပါ့ဘုရား၊ တပည့်တော် တော်တော်ကို အံ့ဩသွားတာပါဘုရား"

"အေးကွဲ့၊ ဒကာကြီးနွံဖ ကျောင်းပေါ်ကို တက်လာတော့ ဘုန်းကြီးလည်း တော်တော်အံ့ဩသွားတာ၊ ရုတ်တရက် ဘာပြောရမှန်းကို မသိတာကွ၊ ဆရာနွံဖက ဆရာတော် ကျန်းမာရဲ့လားဘုရားလို့ နှုတ်ဆက်လိုက်တော့မှ 'ဟာ ဒကာကြီး' ဆိုပြီး ပြန်နှုတ်ဆက်ရတာပေါ့"

ဆရာစိုင်းနွံဖက သူသောက်နေတဲ့ ဆေးတံလေးကို ဆေးလိပ်ခွက်ထဲကို ထည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မောင်တာတေရေ၊ ကျုပ်လည်း ဆိုင်းမဆင့် ဗုံမဆင့်ကို လာခဲ့ရတာပေ့၊ ကျုပ်ရဲ့ဆရာ ပထမံဆရာပွားကြီးက ကျုပ်ကို ကိစ္စတစ်ခု ခိုင်းတာနဲ့ မောင်တာတေကို ခေါ်ဖို့ လာတာကွဲ့၊ နို့ မောင်တာတေ အလုပ်တွေ ဘာတွေ များနေသလား"

"ဟာ ဒီအချိန်က အညာသားတွေ အားတဲ့အချိန်ပေါ့ ဒကာကြီးရ"

ဆရာတော်က ဝင်ပြောတာဗျ။ ကျုပ်ဆရာနွံဖက ကျုပ်ကို အားနာသလိုကြည့်ပြီး မေးတာဗျို့။

"ကျုပ် အားနေပါတယ်ဗျ၊ ပဲတွေ၊ နှမ်းတွေလည်း အားလုံးသိမ်းဆည်းပေးပြီးပါပြီ ဆရာ"

"ဒါဆိုရင်တော့ ကျုပ်နဲ့ လိုက်ခဲ့ပေတော့ မောင်တာတေရေ"

"စိတ်ချ ဆရာ၊ ကျုပ် လိုက်ခဲ့မှာပါ၊ ဒါထက် ဆရာက ဘယ်ကိုသွားမှာတုံး"

"ကျုပ်သွားမှာကတော့ အင်မတန်မှ ထူးဆန်းတဲ့ ရွာကြီးတစ်ရွာကို သွားမှာကွဲ့၊ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီရွာကြီးမှာနေတဲ့ လူတွေဟာ ကလေးကစပြီး စုန်းပညာတတ်ကြသကွဲ့။ တစ်ရွာလုံး စုန်းတွေချည်းပဲ မောင်တာတေရဲ့"

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



"အို…ဒါဆိုရင် အခု ဒကာနဲ့ဖ သွားမယ့်ရွာက စုန်းရွာကြီးပေါ့"

ဆရာတော်ကလည်း အံ့သြပြီး မေးတယ်ဗျ။

"မှန်ပါ့ဘုရား၊ အဲဒီရွာမှာ ဘုန်းကြီးကျောင်းတို့ ဘုရားတို့ ဘာမှမရှိဘူးဘုရား၊ လူသေရင်လည်း သရဏဂုံ လုံးဝမတင်ဘူးဘုရား"

ဆရာတော်က ခေါင်းလေး ညိတ်ညိတ်လုပ်ပြီး ပြောသဗျ။

"ဩော်…ဒကာကြီးရယ်၊ တစ်ရွာလုံး စုန်းတွေပါဆိုမှတော့ ဘယ်မှာ သရဏဂုံတင်မှာတုံး၊ နေပါဦး ဒကာကြီးရဲ့၊ ဒကာကြီးက အဲဒီရွာကို ဘာသွားလုပ်ရမှာတုံး၊ ဒီရွာကြီးတစ်ရွာလုံးမှာရှိတဲ့ စုန်းတွေကိုတော့ ဒကာကြီးတစ်ယောက်တည်းနဲ့ နှိမ်နင်းလို့ ရလိမ့်မယ်လို့တော့ ဘုန်းကြီး မထင်ဘူးကွဲ့"

"တစ်ရွာလုံးက စုန်းတွေကို နှိမ်နင်းဖို့ မဟုတ်ပါဘူးဘုရား၊ အဲဒီရွာမှာရှိတဲ့ စုန်းမတစ်ယောက်ရဲ့ ခေါင်းပြတ်ကြီးကို သွားပြီးယူဖို့ပါဘုရား"

"ဟေ"

"ဗျာ"

ဆရာတော်ကလည်း အံ့သြပြီး 'ဟေ' ကနဲ အော်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



သဗျ။ ကျုပ်ကလည်း လန့်ပြီး 'ဗျာ'လို့ အော်လိုက်မိတယ်။ ဆရာနံ့ဖက ကျုပ်ဘက်ကို လှည့်ပြီးကြည့်တယ်။ ဆေးလိပ်ခွက်ထဲမှာ ထည့်ထားတဲ့ သူ့ရဲ့ ဆေးတံကိုယူပြီး ဆေးပြာတွေ ခေါက်ချတယ်။ ပြီးတော့ ဗာဂျီးနီးယား ဆေးမှုန့်တစ်ဆုံ ထပ်သိပ်ပြီး မီးခတ်ငုံပြီး သုံးလေးဖွာ ဖွာပစ်လိုက်တယ်။ ဆရာနံ့ဖက ဟိုတုန်းက ဆေးလိပ်တို့ ဆေးတံတို့ မသောက်ဘူးဗျ။ ဒီတစ်ခါတွေ့တော့မှ ဆေးတံဖွာနေတာ တွေ့ရတာ။ ဒါလည်း သိပ်ရွှဲရွှဲလန်းလန်း ဟုတ်ပုံမပေါ်ပါဘူးဗျာ။ ကျုပ်စိတ်ထင်တော့ တစ်ခုခုကို စူးစူးစိုက်စိုက် တွေးတဲ့အခါမျိုးမှာ ဆေးတံလေးဖွာပြီး တွေးတဲ့ပုံဗျ။ ကျုပ်နဲ့ ဆရာတော်ကလည်း ဆရာနံ့ဖ ပြောမှာကို စောင့်နေကြတာပေါ့ဗျာ။

"ဒီလိုကွဲ့ မောင်တာတေရဲ့၊ ဒီရွာကြီးရဲ့ နာမည်က ဖန်ခါးကုန်းလို့ ခေါ်တယ်၊ ဖန်ခါးပင်တွေ ထူးထူးခြားခြားပေါက်တဲ့ ရွာကြီးကွ၊ ရွာထဲက အိမ်တိုင်း ဝိုင်းတိုင်းမှာ ဖန်ခါးပင်တွေ ပေါက်တယ်။ ဘယ်အချိန် ဘယ်အခါက စပြီး စုန်းအတတ်ကို တတ်လာကြတယ်ဆိုတာတော့ ကျုပ်လည်း မသိဘူးကွဲ့၊ ဒါပေမဲ့ ကလေးတွေက စပြီးတော့ စုန်းတတ်ကြတာတော့ အမှန်ပဲကွဲ့၊ သူတို့ရွာထဲကို တခြားက ပညာသည် ဝင်လာရင် ရွာဦးက ကုက္ကိုနတ်ကြီးရဲ့ နတ်ကွန်းမှာ ဝင်ပြီးခွင့်တောင်းရတယ်ဆိုပဲ။ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com


ခွင့်တောင်းပြီးမှ ရွာထဲကို ဝင်လာရင် ဘာမှမလုပ်ကြဘူးတဲ့ကွဲ့။ ကဝေနတ်ကြီးဆီမှာ ခွင့်မတောင်းဘဲ ဝင်လာလို့ကတော့ ပညာပြိုင်ပြီးမှ ရွာကထွက်ရတယ်ဆိုပဲ။ အဲဒီလို ပညာပြိုင်ရင်လည်း သူတို့ကို နိုင်တဲ့လူက ခပ်ရှားရှားတဲ့ မောင်တာ့တောရေ"

"နို့…ရွာက တော်တော်ကြီးသလား ဆရာ"

"ဟာ…အတော်ကြီးတာကွ၊ အိမ်ခြေလေးရာလောက်ရှိတယ်ဆိုပဲ၊ အသက်မွေးဝမ်းကြောင်းပြုတာကတော့ တောင်သူအလုပ်၊ ခြံစိုက်တဲ့အလုပ်၊ တိရစ္ဆာန်မွေးမြူတဲ့အလုပ်ပဲ လုပ်ကြတာပါ။ တချို့လည်း အရောင်းအဝယ် ကုန်သည်ပေါ့ကွယ်"

"နေပါဦး ဒကာနွံဖရဲ့၊ စုန်းမခေါင်းပြတ်ကြီးအကြောင်း ပြောစမ်းပါဦးဗျ"

ဆရာတော်က စုန်းမခေါင်းပြတ်ကြီးကို တော်တော်စိတ်ဝင်စားနေပုံပဲဗျ။ ဆရာနွံဖက လက်ထဲက ဆေးတံကို ပြာခံခွက်ထဲ ထည့်ထားလိုက်တယ်။

"ဒါက ဒီလိုဘုရား၊ စုန်းတွေမှာ စုန်းမည်းနဲ့ စုန်းဖြူဆိုပြီး နှစ်မျိုးရှိတာဘုရား"

"သြော်…စုန်းမည်းနဲ့ စုန်းဖြူ ဟုတ်လား ဒကာကြီး"

"ဟုတ်တယ် ဘုရား၊ စုန်းတော့ စုန်းပဲဘုရား၊ ဒါပေမဲ့ ညာစခန်း တက်ပုံခြင်း မတူဘူးဘုရား။ စုန်းဖြူတွေက လူ့ကို


www.burmeseclassic.com

www.burmeseclassic.com


မပြုစားရဘူး၊ ဒုက္ခမပေးရဘူး၊ ဆေးဝါးကုကြတယ်။ စုန်းမည်းတွေ ပြုစားထားတာကို သူတို့ပညာနဲ့ ကုသပေးကြတယ်"

"သြော်...ဒီလိုတော့လည်း ဟုတ်သားလား ဒကာကြီးရဲ့"

"မှန်ပါ့ဘုရား၊ ဒါပေမဲ့ သူတို့တတ်တဲ့ ပညာကလည်း စုန်းပညာပါပဲဘုရား၊ ပညာရင့်လာတဲ့အခါမှာ စက်တွေလွှတ်နိုင်တယ်၊ ကြိုးတွေဆင်နိုင်တယ်၊ တချို့စုန်းပြူးတွေဟာ ကဝေတွေလိုပဲ ကောင်းကင်ကြိုးတွေ စက်တွေကိုတောင် ဆင်နိုင်တယ်ဘုရား"

"သြော်၊ သြော်၊ စုန်းမည်းဆိုတာကရော ဒကာကြီး"

"စုန်းမည်းတွေကတော့ အရှင်ဘုရားတို့ ကြားဖူး၊ သိဖူးတဲ့အတိုင်းပေါ့ဘုရား၊ လူတွေကို ပြုစားကြ၊ ဒုက္ခပေးကြ၊ ရူးအောင်၊ သေအောင်၊ စီးပွားပျက်အောင် မိသားစုတွေ ကွဲကွာအောင် အမျိုးမျိုး ဒုက္ခပေးတတ်ကြတယ်ဘုရား။ ကံတွေ ကျိုးပေါက်ကြတယ်။ သူများလင်၊ သူများမယားကိုလည်း မရှောင်ကြဘူးဘုရား။ ဆေးတွေဝါးတွေ အသုံးပြုပြီး ရအောင်လုယူတတ်ကြတယ်။ စုန်းမည်းတွေ အသုံးပြုတဲ့ ဆေးဝါးဆိုတာတွေကလည်း တော်တော်ကို ယုတ်ညံ့တဲ့အရာတွေနဲ့ ဖော်စပ်ကြတာဘုရား"

"နို့ နေပါဦး ဒကာကြီးရဲ့၊ စုန်းမည်းတွေနဲ့ စုန်းပြူးတွေ



www.burmeseclassic.com

www.burmeseclassic.com



က တည့်ရော တည့်ကြရဲ့လားဗျ"

"ဟာ··ဘယ်တည့်လိမ့်မတုံး ဆရာတော်ရဲ့၊ ဘဝရည်မှန်းချက်ချင်းက တူမှမတူကြတာဘုရား"

"ဟော·· ဟုတ်လား၊ ဒါဆို စုန်းဖြူတွေရဲ့ ဘဝရည်ရွယ်ချက်က ဘာတုံးဗျ"

"စုန်းဖြူတွေရဲ့ ဘဝရည်ရွယ်ချက်က လူတွေကို ဆေးဝါးကုသပြီး အသက်ရှည်အောင်၊ အနာမဲ့အောင် လုပ်ပေးကြတာဘုရား။ အဲဒီလိုလုပ်ရင်းနဲ့ သူတို့ရဲ့ စုန်းပညာကျင့်စဉ်တွေကို အဆင့်ဆင့် ကျင့်ကြံကြတယ်။ ကျင့်စဉ်တွေအားလုံး အောင်မြင်သွားရင် သူတို့လည်း ထွက်ရပ်ပေါက်သလို အသက်တွေ ထောင်နဲ့ချီပြီး နေနိုင်ကြတယ်ဘုရား"

"ဟာ ဟုတ်လား ဒကာကြီးရဲ့"

"ဟုတ်တယ် ဘုရား၊ စုန်းမည်းတွေကတော့ ပညာပြိုင်ကြ တိုက်ကြခိုက်ကြနဲ့ သေကုန်ကြတာ များပါတယ်ဘုရား၊ ကဝေအဆင့်ကိုရောက်အောင် ကူးနိုင်ရင်တော့ တစ်ယောက်တလေ အသက်ရှည်ချင်လည်း ရှည်နိုင်တာပေါ့ဘုရား"

"ဒကာကြီး ပြောသလိုဆိုရင် စုန်းမည်းနဲ့ စုန်းဖြူဟာတွေ့တာနဲ့ တိုက်ကြခိုက်ကြလိမ့်မယ်ထင်တယ်"

"ဟာ ဒီလိုတော့ မဟုတ်ဘူးဘုရား၊ သူတို့မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့စည်းကမ်းချက်တွေ ရှိတာပဲဘုရား၊ အဲဒီစည်းတွေကို စောင့်ကြရတယ်။ ကိုယ့်စည်းကို အကြိမ်ကြိမ်လာပြီး ကျူးလွန်နေတယ်ဆိုရင်တော့ စုန်းဖြူကပဲဖြစ်ဖြစ်၊ စုန်းမည်းကပဲဖြစ်ဖြစ် ပညာနဲ့လုပ်လွှတ်လိုက်မှာပဲဘုရား။ တစ်ခါတည်း အသေမလုပ်ရင်တောင်မှ မှတ်လောက်သားလောက်ရှိအောင်တော့ လုပ်လိုက်မှာပဲဘုရား။ ပညာနိမ့်တဲ့သူကတော့ ခံရမှာပေါ့ဘုရား။ ဒါကြောင့် စုန်းတွေဟာ ပညာကို မြင့်သထက်မြင့်အောင် အမြဲတမ်း အားထုတ်ကြတာပေါ့ဘုရား၊ အဆင့်တွေ အမြဲတက်နေကြတာဘုရား"

"သြော်…ဒီဒကာတွေ၊ ဒကာမတွေနှယ်၊ ဒုက္ခကြီးလိုက်ကြတာနော်၊ သူတို့မို့ အပါယ်လားမှာ မကြောက်တယ်ဒကာကြီးနဲ့ဖရယ်"

"အကုသိုလ်တရားကြီးက လုံးလုံးဖုံးလွှမ်းသွားပြီဆိုရင်လူတွေဟာ တိရစ္ဆာန်နဲ့ မခြားတော့ဘူးဘုရား၊ ငရဲကျမှာလည်းမကြောက်၊ အပါယ်လားမှာလည်း မကြောက်တော့ဘူးဘုရား"

"ဆရာ ခုနကပြောတဲ့ စုန်းမခေါင်းပြတ်ကြီးက စုန်းဖြူမကြီးရဲ့ ခေါင်းလား၊ စုန်းမည်းမကြီးရဲ့ ခေါင်းလား ဆရာ"

ကျုပ်ကလည်း သိချင်တာကို ဝင်ပြီးမေးမိရောဗျို့။

"စုန်းဖြူမကြီးရဲ့ ခေါင်းပြတ်ကြီးကွဲ့ မောင်တာတေရဲ့"

"ဟာ ဘယ်လိုဖြစ်ရတာတုံးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကလည်း စိတ်မကောင်းတဲ့ အသံနဲ့ မေးရော ဗျို့။

"ဒီလိုဆရာတော်ရဲ့၊ တစ်ရက်မှာ ဖန်ခါးကုန်းက စုန်းမ လေးယောက် တပည့်တော်ရဲ့ ဆရာပထမံဆရာပွားကြီးဆီကို ရောက်လာပြီး ပညာတွေ စွန့်ကြတယ်ဘုရား"

"ဟာ ဟုတ်လား ဒကာကြီး၊ အဲဒါ စုန်းမည်းတွေလား၊ စုန်းဖြူတွေလားဗျ"

"စုန်းဖြူတွေဘုရား၊ သူတို့လည်း ဖန်ခါးကုန်းကနေ အသက်လုပြီး ပြေးခဲ့ရတာတဲ့ဘုရား၊ သူတို့ပြောပြလို့ တပည့်တော် တို့ ဒီအကြောင်းတွေ သိရတာပါဘုရား"

"ဟင် ဘယ်လိုများတုံး ဒကာနွံဖရဲ့"

"ဖန်ခါးကုန်းက စုန်းဖြူမကြီးရဲ့ နာမည်က မမယ်ဖံတဲ့ ဘုရား၊ စုန်းမည်းတွေထဲမှာ အမြင့်ဆုံး ပညာသည်စုန်းမကြီးက မမယ်ဗျောတဲ့။ မယ်ဗျောရော မယ်ဖံရော အသက်ငါးဆယ်ကျော် အရွယ်တွေတဲ့ဘုရား။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ဘာ ပြဿနာမှ မရှိအောင် နေကြတာဆိုပဲ။ ဖန်ခါးကုန်းမှာက အားလုံး စုန်းမည်းတွေချည်းဆိုတော့ အားလုံးက မယ်ဗျောလူတွေချည်းပေါ့ ဘုရား။ မယ်ဖံရဲ့ တပည့်ဆိုလို့ ဆရာပွားကြီးဆီကို ထွက်ပြေးလာ တဲ့ မအို၊ မပျို၊ မပို၊ မစို ဆိုတဲ့ ပညာသည်မ လေးယောက်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



အသက်နှစ်ဆယ်လောက်ရှိတဲ့ မမယ်ဖဲရဲ့သမီး မမင်းယုဆိုတာ ရယ်ပဲ ရှိတာဆိုပဲ။ တစ်ရက်ကျတော့ မယ်ဗျောရဲ့ သမီးမယ်သိန်းဟာ သူကို့ရွာကို ပဲတွေ နှမ်းတွေ လာဝယ်တဲ့ ပခုက္ကူက ကုန်သည်ရာစ်ယောက်ကို သဘောကျပြီး သူ့အမေကို ဆေးခတ်ပေးဖို့ ပူစာတယ်ဆိုပဲ။ သမီးအလိုကို သိပ်လိုက်တဲ့ ပညာသည်မမယ်ဗျောက သူ့သမီးအလိုကျ ဆေးဝါးတွေ စီစဉ်ပေးပြီး ဆေးခတ်လိုက်တော့ မြို့ကလာတဲ့ ကုန်သည်က မယ်သိန်းကို တန်းတန်းစွဲဖြစ်ရောတဲ့ဘုရား။ ပခုက္ကူပြန်ရောက်တယ်ဆိုရင်ပဲ ငါ့ကို မယ်သိန်းဆီ ပို့ပေးပါချည်း အော်တော့တာတဲ့ဘုရား။ ဒီကုန်သည်မှာကလည်း သားမယားရှိတာဆိုတော့ မိဘ ညီကိုမောင်နှမတွေက ဒီလူကို အခန်းထဲ ပိတ်လှောင်ထားပြီး အခြေအနေကို စုံစမ်းကြရတော့တာပေါ့ဘုရား။ နောက်ဆုံးတော့ ဖန်ခါးကုန်းက ဆေးမိလာတယ်ဆိုတာ သိသွားတာပေါ့ဘုရား။ ဒါနဲ့ ဖန်ခါးကုန်းက မမယ်ဖဲကို ပခုက္ကူပင့်ပြီး ကုခိုင်းကြရတော့တာပေါ့ဘုရား။ မမယ်ဗျောရဲ့ ပညာကို ဖျက်နိုင်တာက မမယ်ဖဲပဲ ရှိတယ်ဆိုတာကို သိနေကြတာကိုဘုရား"

ဒါနဲ့ မမယ်ဖဲ ကုသပေးလိုက်တော့ ပခုက္ကူက ပဲကုန်သည်လည်း ကောင်းသွားတော့တာပေါ့ဘုရား။ ဒီမှာတင် ကုန်သည်မိသားစုက မမယ်ဖဲကို ကျေးရူးတင်လွန်းလို့ဆိုပြီး မမယ်ဖဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ရွှေတစ်ဆင်စာ၊ မမယ်ဖံရဲ့ သမီးလေး မမင်းယုအတွက် ရွှေတစ်ဆင်စာနဲ့ သုံးဖို့စွဲဖို့ ပိုက်ဆံလည်း တော်တော်များများ ကန်တော့တယ်ဆိုပဲ။

ဒီသတင်းကို မမယ်ဖျောတို့ သားအမိကြားတော့ ဆွေ့ဆွေ့ခုန်အောင် ဒေါသူပုန်ထတော့တာပေါ့ဘုရား။

"ဟဲ့ မယ်ဖံ၊ ညည်းဟာ ငါ့အလုပ်ထဲကို ဝင်ရှုပ်တယ်၊ ညည်းကစပြီး စည်းဖောက်တာ၊ ညည်းနဲ့ ကျုပ်နဲ့ ပညာပြိုင်ကြမယ်၊ တစ်ယောက်နဲ့တစ်ယောက် အသေသတ်ကြေး"

လို့ ပြောပြီး မမယ်ဖျောက စိန်ခေါ်တာတဲ့ဘုရား။

"မဟုတ်သေးဘူး မယ်ဖျော၊ ညည်းမှားနေပြီ၊ ဟိုသူငယ်က သူ့မှာ သားမယားတွေနဲ့ အသိုက်အမြုံကြီးဟဲ့၊ ဒါမျိုးတော့ နင်တို့ ရှောင်သင့်တာပေါ့၊ ကယ်သင့်တယ်ထင်လို့ ငါကယ်တာပါအေ"

လို့ မမယ်ဖံက ပြောပြပေမယ့် မမယ်ဖျောတို့ သားအမိက ဘယ်လိုမှ နားမဝင်ဘဲ ပညာပြိုင်ဖို့ချည်း ပြောတာတဲ့။ ဒါနဲ့ပဲ နောက်ဆုံးတော့ ပညာပြိုင်ကြတော့တာတဲ့ဘုရား။ ရွာလယ်က မြေကွက်လပ်ကြီးမှာ မမယ်ဖံက တစ်ဖက်၊ မမယ်ဖျောက တစ်ဖက်နေပြီး ပညာပြိုင်ကြသတဲ့ဘုရား။ မမယ်ဖံဘက်မှာက သူ့တပည့်မ လေးယောက်နဲ့ သူ့သမီး မမင်းယုလေးပဲ ရှိတာတဲ့



www.burmeseclassic.com

www.burmeseclassic.com



မယ်ဗျောဘက်မှာက တစ်ရွာလုံးရှိတာဆိုပဲဘုရား။

မယ်ဗျောက စက်တွေစပြီးလွှတ်ရောတဲ့။ မယ်ဗျောရဲ့ မျက်စိတွေ၊ ပါးစပ်တွေ၊ နှာခေါင်းပေါက်တွေ၊ နားပေါက်တွေက နေ အနီရောင်၊ အစိမ်းရောင်၊ အပြာရောင်စက်တွေ ထွက်လာတာ တဲ့ဘုရား။

"ဟာ၊ တစ်ခါတည်း အသေသတ်မယ့်သဘောပဲ ဒကာ ကြီးရဲ့"

"မှန်ပါဘုရား၊ သူများတွေ ပညာပြိုင်ကြသလို တစ်ဆင့် ပြီးတစ်ဆင့် တက်ကြတာ မဟုတ်ဘူးတဲ့ဘုရား။ တစ်ခါတည်း ရှိသမျှ အစွမ်းတွေကို တစ်ပြိုင်နက်တည်းထုတ်ပြီး တစ်ချက် တည်းနဲ့ အသေသတ်ဖို့ မယ်ဗျောက လုပ်တာဘုရား"

မမယ်ဖဲကလည်း သူ့ပညာကို အစဉ်အတိုင်း တက်လို့ မရတော့ဘဲ စက်တွေထုတ်ရတော့တာတဲ့ဘုရား။ ဒါပေမဲ့ မမယ်ဖဲ ထုတ်တဲ့ စက်က အဖြူရောင် တလက်လက် တောက်နေတဲ့ စက်တစ်မျိုးတည်း ထုတ်တာတဲ့ဘုရား။

မမယ်ဖဲရဲ့ လက်ဖဝါးနှစ်ဖက်၊ ပခုံးနှစ်ဖက်၊ နဖူးရဲ့ အလယ်တည့်တည့်ကနေ အဖြူရောင်စက်တွေ ထွက်လာပြီး မယ်ဗျောရဲ့ ရောင်စုံစက်တွေကို ကာထားတာတဲ့ဘုရား။

မယ်ဗျောရဲ့စက်တွေ ရှေ့ကို နည်းနည်းမှကို ထိုးလို့မရ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးတဲ့ဘုရား။ မယ်ဗျောက သူ့စက်တွေကို ထိန်းထားရင်းနဲ့ ချွေးသီးချွေးပေါက်တွေ ကျလာရောတဲ့ဘုရား။ မမယ်ဇံကတော့ အေးအေးဆေးဆေးပဲတဲ့။ တဖြည်းဖြည်းနဲ့ မယ်ဗျောကြီး အသားတွေ တဆတ်ဆတ်တုန်လာအောင်ကို တောင့်ခံနေရတာတဲ့ဘုရား။ ဒီမှာတင် မယ်ဗျောရဲ့သမီး မယ်သိန်းက ရွာထဲက ထမီခြုံအဆင့်ရှိတဲ့ ယောကျ်ားပညာသည်သုံးယောက်ကို အတင်းဝင်လုနိုင်းရောတဲ့ဘုရား။ ဟိုလူတွေက ပထမတော့ ငြင်းသေးတာတဲ့။

"ဟဲ့ မယ်သိန်းရဲ့၊ နင် စည်းမဖောက်နဲ့၊ ဒါ တစ်ယောက်ချင်း ပညာပြိုင်နေတာလေ"

လို့ ပြောကြပေမယ့် ဒီလူသုံးယောက်က မယ်ဗျောရဲ့ အမျိုးတွေဆိုတော့...

"ရှင်တို့ဟာ ကိုယ့်ဆွေကိုယ့်မျိုး ကိုယ့်သွေးသားကို တောင်မှ သံယောဇဉ် မရှိကြဘူး။ ရှင်တို့ အလကားလူတွေပဲ၊ ရှင်တို့ မှတ်ထား၊ ကျုပ်အမေ နိုင်ရင်သာ စုန်းဖြူမကြီးကို အသေသတ်ချင်သတ်မှာ၊ စုန်းဖြူမကြီး နိုင်ရင် ကျုပ်အမေကို သတ်မှာမဟုတ်ဘူး။ ဒီပွဲပြီးသွားရင်တော့ ရှင်တို့အသက်ကို ဖက်နဲ့လုံအောင် ထုပ်ထားကြပေတော့။ ကျုပ်ကိုယ်တိုင် အမေ့ကို ပြောပြီး ရှင်တို့ကို သတ်ခိုင်းမယ်"

မယ်သိန်းက ဒီလိုချိန်းချောက်တော့ ထမီခြုံသုံးယောက်



www.burmeseclassic.com

www.burmeseclassic.com


လည်း ကြောက်သွားရောတဲ့ဘုရား။ ထမီခြုံဆိုတာ နည်းတဲ့အဆင့်မှ မဟုတ်တာ။ အဲဒီသုံးယောက်က ပြိုင်ပွဲထဲကို ပြေးဝင်လာပြီး မယ်ဗျောဘက်က ကူတော့တာတဲ့ဘုရား။ ဒီမှာတင် ရှုံးခါနီးနေတဲ့ မယ်ဗျောက အသာစီးပြန်ရလာရောတဲ့။ မမယ်ဖံလည်း စည်းဖောက်တဲ့ ထမီခြုံသုံးယောက်ကို ရင်ညွန့်တည့်တည့်ကနေ အဖြူရောင်စက်တန်းတစ်ခုထုတ်ပြီး လွှတ်လိုက်တာ သုံးကောင်လုံး 'ဘိုင်း'ကနဲ လဲပြီး မြေကြီးမှာ ဆန့်ငင် ဆန့်ငင် ဖြစ်နေရောတဲ့ ဘုရား။ ဒီမှာတင် မမယ်ဖံရဲ့ အာရုံက နည်းနည်းလွင့်ပါးသွားတာပေါ့ဘုရား။ ဒါကို ချက်ကောင်းစောင့်နေတဲ့ မယ်ဗျောက သူ့စက်ကို ရှိသမျှပညာအားနဲ့ ထိုးသွင်းလိုက်တာမှာ စက်တွေ ပေါက်ဝင်သွားပြီး မမယ်ဖံ မြေကြီးပေါ်ကို ပက်လက်လန်ပြီး လဲကျသွားသတဲ့ဘုရား။ ဒီမှာတင် မယ်ဗျောက သူ့ရဲ့ အနီရောင်စက်နဲ့ မမယ်ဖံရဲ့ခေါင်းကို ဖျတ်ကနဲ ဖြတ်ပစ်လိုက်ရောတဲ့ဘုရား။

မမယ်ဖံ ခေါင်းပြတ်ထွက်သွားတာနဲ့ မယ်ဗျောက ပြေးသွားပြီး ခေါင်းပြတ်ကြီးကို ဆံပင်ကနေ ကိုင်မြှောက်လိုက်သတဲ့။

"ငါ နိုင်ပြီဟေ့၊ ငါ နိုင်ပြီ၊ မယ်ဖံ့ခေါင်းကို ငါ ရပြီဟေ့"

လို့ အသံနက်ကြီးနဲ့အော်တော့တာတဲ့ဘုရား။ မမယ်ဖံရဲ့ စက်နဲ့ ထိသွားတဲ့ ထမီခြုံသုံးယောက်ကတော့ သုံးယောက်စလုံး


www.burmeseclassic.com

www.burmeseclassic.com



သေနေပြီတဲ့ဘုရား။ ဒီမှာတင် ရွာထဲက စုန်းမည်းတွေဟာ အိမ်တွေထဲက ပြေးထွက်လာပြီး အော်ကြဟစ်ကြနဲ့ အောင်ပွဲခံကြတော့တာတဲ့ဘုရား။ ဒီအချိန်လေးကို အခွင့်ကောင်းယူပြီး မအိုတို့ ညီအစ်မလေးယောက်က မမင်းယုလေးလက်ကိုဆွဲပြီး ရွာထဲကနေ ထွက်ပြေးခဲ့ကြရတာတဲ့ဘုရား။

ဒါတောင်မှ မယ်ဗျောတပည့် စုန်းမည်းတွေက သူတို့ကို သတ်ပစ်ဖို့ လိုက်ရှာကြလို့ တောထဲမှာ ဆယ်ရက်လောက် ပုန်းနေခဲ့ကြရသေးသတဲ့။

နောက်ဆုံး သူတို့တွေ ပခုက္ကူကို ရောက်လာတော့ မအိုတို့ ညီအစ်မတွေက တော်တော်ကို စိတ်ကုန်သွားကြပြီး သူတို့ ပညာကို ဆရာပွားကြီးဆီမှာ လှူဖို့ တိုင်ပင်ကြသတဲ့။ ဒီမှာတင် မမယ်ဖဲရဲ့တပည့် မမင်းယုကလေးက…

'ဒေါ်လေးတို့ လှူချင်ရင် လှူလိုက်ကြပါ၊ ကျွန်မတော့ မလှူနိုင်ဘူး၊ မလှူနိုင်ရုံတင်မကဘူး။ မယ်ဗျောကို နိုင်မယ့် ပညာစခန်းကို ရောက်အောင် ဆက်တက်ပြီး ကျွန်မအမေအတွက် ကလဲ့စားချေပြီးမှပဲ ကျွန်မ အေးအေးနေနိုင်မယ်။ ကဲ ဒီနေရာကပဲ ဒေါ်လေးတို့ လေးယောက်နဲ့ ကျွန်မနဲ့ လမ်းခွဲကြရအောင်'

လို့ ပြောပြီး မမင်းယုက ယောနယ်ဘက်ကို တက်သွားရောတဲ့ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ရော ကျုပ်ရော ဆရာနွံဖ ပြောပြတဲ့ မမယ်ဓံ အကြောင်းကို စိတ်ဝင်တစား နားထောင်နေကြတာဗျို့။ ဆရာနွံဖ စကားဆုံးလို့ ခေးတံလေး ပြန်ကောက်ပြီး ဖွာတော့မှ ဆရာတော်က မေးတာဗျ။

"နေဦး ဒကာနွံဖရဲ့၊ အဲဒီအဖြစ်အပျက်က ဘယ်လောက်ကြာပြီတုံး"

"အနှစ် နှစ်ဆယ် ရှိပြီဘုရား"

"ဟာ ဒါဆိုရင် မယ်ဓံရဲ့ ခေါင်းပြတ်ကြီးက ရှိဦးမလား"

"ရှိတယ်ဘုရား၊ မမယ်ဓံက လူသက် သေသွားပေမယ့် ပညာသက်က မသေဘူးဘုရား၊ အဲဒီခေါင်းပြတ်က အခုအထိ အသက်ရှိနေတယ်၊ ပုပ်ခြင်း သိုးခြင်း လုံးဝမရှိဘူးဘုရား။ မျက်တောင်ပုံမှန်ခတ်နေတုန်းတဲ့ဘုရား။ တစ်ခါတလေ ပါးစပ်ဟပြီး စကားတွေထုတ်နိုင်တယ်"

"ဟာ ထူးဆန်းလိုက်တာ ဒကာကြီးရယ်၊ ဒီပညာတွေလည်း တော်တော်ကို အံ့သြဖို့ကောင်းတာပါလားဗျာ"

"ဟုတ်တယ်ဘုရား၊ မယ်ဖျောက မမယ်ဓံရဲ့ ခေါင်းပြတ်ကြီးကို သူ့အိမ်မှာ သေသေချာချာ သိမ်းထားပြီးတော့ မမယ်ဓံဆီက ပညာတွေကို ယူဖို့ အမြဲကြိုးစားနေတာတဲ့ဘုရား။ အခုဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ပညာတချို့တစ်ဝက်ကိုတောင် ရနေပြီဆိုပဲ။ မမယ်ဖွံ့ခမျာ အနှစ်နှစ်ဆယ်လုံးလုံး ဘဝကျူးလို့မရဘဲ မယ်ဗျော ဖမ်းဆီးခံထားရတာဘုရား။ နောက်တစ်ခုက မမယ်ဖွံ့ရဲ့ ပညာတွေကိုသာ မယ်ဗျောကြီး အကုန်ရသွားခဲ့ရင် မယ်ဗျောကို နိုင်ဖို့ နှိမ်နင်းဖို့ဆိုတာ မလွယ်တော့ဘူးဘုရား။

ဒါကြောင့် မယ်ဗျောကို နှိမ်နင်းပြီး မမယ်ဖွံ့ရဲ့ ခေါင်းပြတ်ကြီးကို တပည့်တော် ရအောင်ယူရမယ်ဘုရား။ ပြီးရင် မမယ်ဖွံ့ရဲ့ ပညာသက်ကို နှုတ်ယူပြီး ဘဝကျူးနိုင်အောင် လုပ်ပေးရမှာပါဘုရား"

"သာဓုဗျာ၊ သာဓု၊ သာဓု၊ ဒကာမကြီး မယ်ဖွံ့ခမျာ သနားစရာပါဗျာ။ အနှစ် ၂၀ လုံးလုံး ဘဝမကျူးနိုင်အောင်ဖြစ်ပြီး အနှိပ်စက်ခံရသလို ဖြစ်နေတဲ့ဘဝကနေ လွတ်မြောက်သွားစေချင်လိုက်တာဗျာ။ ဆရာနွံဖ အောင်မြင်ပါစေလို့ ဆရာတော် ဆုတောင်းပေးနေပါ့မယ်ဗျာ"

"ဆရာတော် ပေးတဲ့ဆုနဲ့ ပြည့်ရပါစေဘုရား"

လို့ ပြောပြီး ဆရာစိုင်းနွံဖက ဆရာတော်ကို ရှိခိုးတယ်ဗျ။

ဖန်ခါးကုန်းလို့ခေါ်တဲ့ စုန်းရွာကြီးကို ဆရာစိုင်းနွံဖနဲ့ ကျုပ်နဲ့ နှစ်ယောက်တည်း လာခဲ့ကြတာဗျ။ ဒီရွာကို ကား ဒါရိုက်ပေါက်တာ မဟုတ်ဘူးဗျ။ ကားလမ်းရှိတဲ့ရွာကို အရင်စီးကြရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီရွာက မန်းကျည်းကန်လို့ ခေါ်တယ်။ ရွာထိပ်မှာ သောက်ရေကန်ကြီးတစ်ကန် ရှိတယ်ဗျ။ ကန်ပေါင်မှာ မန်းကျည်းပင်တွေပတ်ပြီး စိုက်ထားတာ လူတစ်ဖက်သောက်ရှိတဲ့ အပင်တွေချည်းပဲ။ ဒါကိုကြည့်ရုံနဲ့ ဒီကန်ရဲ့ သက်တမ်းကို မှန်းကြည့်နိုင်တာပေါ့ဗျာ။

မန်းကျည်းကန်ရောက်တော့ ဆရာနံ့ဖဟာ ဖန်ခါးကုန်းကို လှည်းငှားတယ်။ လိုက်မယ့်သူ တစ်ယောက်မှ မရှိဘူးဗျ။

"ဆရာရယ်၊ စုန်းရွာကြီးကို လိုက်ပို့မယ့်သူကို ဘယ်လိုမှ ရှာလို့မရနိုင်ပါဘူးဗျာ၊ ဖြစ်နိုင်ရင် ဆရာတို့လည်း မသွားကြပါနဲ့ဗျာ"

ရွာထဲက အသက်ကြီးကြီး လူကြီးတစ်ယောက်က ဆရာနံ့ဖကို တားတယ်ဗျ။

"မသွားလို့ မဖြစ်ဘူးဗျ၊ ကျုပ်တို့မှာ အရေးကြီးတဲ့ကိစ္စ ရှိလို့ သွားရမှာ၊ ပို့ပေးမယ့်သူ မရှိလည်း ကျုပ်တို့ ဆရာတပည့် ခြေလျင်သွားကြရုံပဲပေါ့ဗျာ"

"ရော် ခက်တော့တာပဲဗျာ၊ ဆရာတို့ ခြေလျင်သွားလို့တော့ တော်တော်နဲ့ ရောက်မှာမဟုတ်ဘူးဗျ။ လမ်းကလည်း မသိတဲ့အပြင် လမ်းမှာ အနှောင့်အယှက်ကလည်း မျိုးစုံတွေဦးမှာဗျ။ ကဲ ကဲ ကျုပ် မေးစမ်းကြည့်ပါဦးမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မန်းကျည်းကန်ရွာသားကြီးက ရွာလယ်လမ်းအတိုင်း သွားပြီး လူတစ်ယောက် ခေါ်လာတယ်ဗျ။

"ဒီမှာ ဆရာတို့၊ ဟောဒါ ကျုပ်တူ မောင်စင့်တဲ့ဗျ၊ ဆရာတို့ကို သူ့လှည်းနဲ့ လိုက်ပို့လိမ့်မယ်။ ဒါပေမဲ့ သူလည်း ဖန်ခါကုန်းအထိတော့ မလိုက်ရဲဘူးဗျ၊ ဖန်ခါးကုန်း ဒီဘက်က စုံ့မြေနှားအထိ လိုက်ပို့လိမ့်မယ်။ ဒါဆိုရင် ဆရာတို့ သိပ်မလိုတော့ ဘူးဗျ၊ တောအုပ်ကို ဖြတ်ချလိုက်ရင် ဖန်ခါးကုန်းကိုရောက်ရော၊ လှည်းခတော့ ဆရာတို့ ကြည့်ရှုပေးခဲ့ပေါ့ဗျာ"

"ဟာ ဝမ်းသာလိုက်တာဗျာ၊ အဲဒီလောက် ရောက်သွား ရင် တော်ပါပြီဗျာ၊ ဟိုဘက်ကို ကျုပ်တို့ဘာသာ သွားလိုက်ပါ့ မယ်၊ လှည်းခလည်း တောင်းသလောက် ပေးမှာပါ"

"ကဲ ငစင့်၊ မင်းလှည်းကောက်ပြီး လိုက်သွားတော့"

မန်းကျည်းကန်ရွာသားကြီးက သူ့တူ ကိုစင့် ဆိုတဲ့လူကို လှည်းကောက်ခိုင်းလိုက်တယ်။ ကိုစင့်ဆိုတဲ့လူကိုတွေ့တော့ ကျုပ် ယယ်ယယ်က ဖတ်ဖူးတဲ့ ပုဂံရာဇဝင်ထဲက ငရမန်ကို ငှက်သံပေးပြီး အဆိပ်မြားနဲ့ပစ်ပြီး မျက်လုံးကန်းအောင်လုပ်တဲ့ မုဆိုးငစင်ကို သတိရသွားသေးတာဗျ။

ကိုစင့်ဆိုတဲ့လူက လုပ်တာကိုင်တာ သွက်သားဗျ။ လှည်း ကောက်တာ ဘာမှမကြာလိုက်ဘူး။ ရွာလမ်းကို လှည်းရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရှောဗျို့။

ဆရာနှံဖကတော့ လှည်းပေါ်ရောက်ကတည်းက ပုတီး စိပ်တော့တာပဲဗျ။ ကျုပ်ကတော့ ကိုစင့်နဲ့ စကားတွေ ပြောတော့ တာပေါ့။ တောသားချင်းဆိုတော့လည်း တွေ့တာနဲ့ ရင်းနှီးတော့ တာဗျ။

"ကိုစင့်ရဲ့၊ ကျုပ်တို့ အခုသွားမယ့် ဖန်ခါးကုန်းရွာကို စုန်းရွာကြီးလို့ ခေါ်ကြတာဆို၊ ဘာကြောင့်တုံးဗျ"

"ဟကောင်ရ၊ အဲ အဲ နေပါဦး မင်းနာမည်က ဘယ်သူ တဲ့တုံး"

"ကျုပ်နာမည် တာတေတဲ့ဗျ"

"အေး အေး မောင်တာတေရဲ့၊ ဖန်ခါးကုန်းတစ်ရွာလုံး လူမှန်သမျှ စုန်းချည်းပဲကွ၊ ကလေး လူကြီး အကုန်လုံး စုန်းတတ် တယ်။ ဒါကြောင့် စုန်းရွာကြီးလို့ ခေါ်ကြတာပေါ့ကွ"

"ဟာ…ဟုတ်ရဲ့လားဗျ၊ လူကြီးတွေ စုန်းတတ်တာတော့ ထားပါတော့ဗျာ။ ကလေးတွေက အငယ်လေးတွေပဲ ရှိသေးတာ ဘယ်လိုကြောင့် စုန်းတတ်တာတုံးဗျ"

"ဟော…မောင်တာတေ၊ မင်း စဉ်းစားကြည့်လေကွာ၊ ဖအေလည်း စုန်း၊ မအေလည်း စုန်းဆိုတော့ ဒီကလေးတွေ မွေးကတည်းက ဝမ်းတွင်းစုန်းလေး ဖြစ်နေမှာပေါ့ကွ၊ ကြီးလာ



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ဖအေနဲ့ မအေက သူတို့ပညာတွေကို သင်ပေးကြမှာ ပေါ့"

"အင်း…ဒါလည်း ဟုတ်တာပဲဗျ။ နေပါဦး ကိုစင့်ရဲ့၊ အဲဒီရွာမှာ စာသင်ကျောင်းလေး ဘာလေး မရှိဘူးလားဗျ"

"မောင်တာတောရေ ဖန်ခါးကုန်းမှာ စာသင်ကျောင်းရှိဖို့ နေနေသာသာ ဘုန်းကြီးကျောင်းလည်းမရှိ၊ ဘုရားလည်းမရှိ၊ အိမ်တိုင်းမှာ ဘုရားစင်လည်း မရှိဘူးကွ"

"ဟာ ဒီလိုဆိုရင် ဒီရွာကလူတွေ သေရင် သရဏဂုံ ဘယ်လိုတင်တုံးဗျ"

"ဟား၊ ဟား၊ ဟား၊ ဟား မင်း တော်တော်အတွေး ခေါင်တာကိုကွဲ့ မောင်တာတောရဲ့၊ စုန်းသေပါတယ်ဆိုမှ ဘယ်သူ က သရဏဂုံတင်မှာတုံး။ အသက်ရှင်နေတုန်းကလည်း တစ်ဘဝ လုံး ဘုရား၊ တရား၊ သံဃာကို ရှိခိုးကြတာမှ မဟုတ်တာ"

"ဪ…ဟုတ်သားဗျ၊ ကျုပ် ဒါကို မတွေးမိတာဗျို့"

နေထန်းတစ်ဖျားလောက်အရောက်မှာ တမာပင်တန်း အလေးကို ကျုပ်တို့လှည်း ရောက်လာတယ်။ ကိုစင့်က လှည်းကို ရပ်လိုက်တယ်။

"ကဲ…ကျုပ်တော့ ဒီအထဲပဲ ပို့နိုင်မယ်ဗျို့၊ ဟိုရှေ့က ဆပ်ပြာပင်လေးတွေ ကျိုးတိုးကျဲတဲ ပေါက်နေတဲ့ ကွင်းပြောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ကြီးကိုတော့ မဖြတ်လေနဲ့၊ အဲဒါ စုံ့လို့ခေါ်တယ်။ လူမပြော နဲ့ သစ်ရွက်ကျရင်တောင် မလွတ်ဘူး၊ အောက်က ဆွဲသွားတာ၊ ကျုပ်တို့ရွာသားတွေလည်း ဒီစုံ့ကြီးထဲကို ညဘက် လမ်းမှားပြီး ရောက်သွားကြတာ စုံ့ကျပြီး တစ်ယောက်မကျန် သေကုန်တာဗျ"

ဆရာနန့်ဖက ကိုစင့်ကို လှည်းခ ငါးဆယ်ပေးတယ်။

ကိုစင့်က ဝမ်းသာအားရနဲ့ယူပြီး ပြန်သွားတယ်။

ဆရာနန့်ဖနဲ့ ကျုပ်နဲ့ ခရီးဆက်ခဲ့ကြတယ်။ ကိုစင်ပြောတဲ့ စုံ့ဆိုတာကြီးကို ဘေးကပတ်ပြီး လျှောက်ကြရတာဗျ။

ဒီတုန်းမှာပဲ အဝေးက ပျံလာတဲ့ ကျီးကန်းတစ်ကောင်ဟာ အတောင်ညောင်းလို့ ထင်ပါရဲ့ဗျာ။ စုံ့မြေပေါ်ကို ဆင်းပြီး နား လိုက်တယ်။ ကျုပ်နဲ့ ဆရာနန့်ဖလည်း ဇီးပင်ပုလေးနောက်ကကွယ် ပြီး ကျီးကန်း ဘာဖြစ်မလဲဆိုတာ သိချင်လို့ ကြည့်နေကြတာဗျ။

ဟာ၊ ကျီးကန်းနားတဲ့ အောက်က မြေကြီးက ကျီးကန်း ကို ဆွဲတော့တာဗျို့။ ကျီးကန်းက ဒီတော့မှ မြေကြီးကို ငုံ့ကြည့်ပြီး ပျံဖို့ပြင်တယ်။ ဒါပေမဲ့ သူ ရုန်းလို့မရတော့ဘူးဗျ။

"အား၊ အား၊ အား၊ ဖလပ်၊ ဖလပ်၊ ဖလပ်"

တောကျီးကန်းကြီးက တအာအာနဲ့ အော်ပြီး အတောင်ကို ဖလပ် ဖလပ်နဲ့ ခတ်ရင်း ရုန်းတော့တာပေါ့ဗျာ။ ခဏလေးပဲဗျ။ တောကျီးကန်းကြီးအော်ရင်း ဟစ်ရင်း ပျောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဖြင့် ကြက်သီးတွေ တဖျန်းဖျန်း ထသွားလိုက်တာဗျာ၊ လူတစ်ယောက်ရဲ့ အလေးချိန်လောက် ဆိုရင်တော့ ဘယ်လောက်များ ဆွဲမယ်ဆိုတာ မတွေးရဲလောက်အောင်ပါပဲဗျာ။

“ဆရာ ဒါ ဘယ်လိုဖြစ်တာတုံး”

ကျုပ်က ဆရာနံ့ဖကို မေးကြည့်လိုက်တယ်။

“ဒါ စုံ့မြေလို့ ခေါ်တယ် မောင်တာတေရဲ့၊ အောက်ကနေ ဆွဲချတတ်တယ်၊ မြင်းနဲ့ ဖြတ်ပြေးရင်တောင် မလွတ်ဘူးလို့ ပြောကြတယ်ကွဲ့”

စုံ့မြေကို သတိထားပြီး ကျုပ်တို့ ကွင်းလျှောက်ကြရတာပေါ့ဗျာ။ စုံ့မြေကျော်သွားတော့ တောစပ်ကို ရောက်တယ်။ ကိုစင်ပြောလိုက်တဲ့ ဖန်ခါးကုန်းကိုသွားတဲ့ ခြေလမ်းကလေးရှိတယ်ဆိုတာ ကျုပ်တို့ လိုက်ရှာကြတယ်။ ဟော တွေ့ပြီဗျို့။ ဒီလမ်းလေးက လူတွေ အမြဲတမ်း ဖြတ်သွားလေ့ရှိတဲ့ ခြေသွားလမ်းလေးဗျ။

ဆရာနံ့ဖက ရမ်းမသွားဘဲ အာရုံခံကြည့်တယ်။ စိတ်ချရပြီဆိုတော့မှ ရှေ့ကသွားတယ်။ ကျုပ်က ဆရာနံ့ဖနောက်ကကပ်ပြီးလိုက်ရတာပေါ့ဗျာ။ တစ်နေရာရောက်တော့ ဆရာနံ့ဖကတုံ့ကနဲ ရပ်လိုက်တယ်ဗျ။ ကျုပ်လည်း ရပ်လိုက်ရတာပေါ့ဗျာ။ ခြေသွားလမ်းလေးဘေးက သစ်ပင်ကြီးတစ်ပင်ရဲ့ ကိုင်းတက်ကြီးဟာ လူ့လက်ကြီးလိုပဲ ကွေးကျလာပြီး ကျုပ်တို့ သွားမယ့်လမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားတယ်ဗျို့။ ဆရာနွံဖက သစ်ကိုင်းကြီးကို လက်ညှိုးနဲ့ထိုးပြီး ပါးစပ်က တစ်ခုခုကို ရွတ်လိုက်တယ်။

"ဝုန်း"

လမ်းပိတ်ထားတဲ့ သစ်ကိုင်းကြီးက အပေါ်ကို 'ဝုန်း'ကနဲ တက်သွားတယ်ဗျ။ ကျုပ်တို့ ဆရာတပည့်လည်း တောထဲကို ဆက်လျှောက်လာတယ်ဗျ။

"ဟေ့ မယ်ဇက်၊ ဟေ့ မယ်ဇက်"

"ဟာ ဆရာ၊ ဒီတောထဲမှာ လူတွေရှိတာပဲဗျ၊ ယောကျ်ားက မိန်းမကို လှမ်းခေါ်နေတဲ့အသံဗျ"

"မောင်တာတေ မဟုတ်ဘူး၊ အဲဒါ လူမဟုတ်ဘူး၊ ငှက်ကွဲ့၊ လူသံနဲ့ အလွန်တူတယ်"

ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ ဒီငှက်မျိုးရှိမှန်း ကျုပ်ဖြင့် ကြားတောင် မကြားဖူးပါဘူးဗျာ။

"ဟေ့ မယ်ဇက်၊ ဟေ့ မယ်ဇက်"

ဟုတ်ပါ့ဗျာ၊ ငှက်က အော်ရင်းနဲ့ မြောက်ဘက်ကို ပျံသွားတာဗျို့။ ဆရာနွံဖနဲ့ ကျုပ်နဲ့ ခရီးဆက်ခဲ့ကြတာ နာရီဝက်လောက်ရှိပြီဗျ။

"ဟာ ရှေ့မှာ ချောင်းလေးပါလား ဆရာ"

"မပူပါနဲ့ မောင်တာတေရယ်၊ ချောင်းရှိရင် တံတားရှိ



www.burmeseclassic.com

www.burmeseclassic.com



မယ်ကွဲ့၊ ဟော ဟိုကျောက်တုံးကြီးတွေဘက်မှာ တွေ့လား၊ ဝါး တံတားလေးကွဲ့၊ အသေအချာထိုးထားတဲ့ တံတားကွဲ့၊ လာ အဲဒီ တံတားကို သွားကြစို့”

ကျုပ်က ချောင်းရေကို ကြည့်လိုက်တယ်။ ရေက ကြည် ပြီး စိမ်းနေတာဗျ။ ရေအောက်မှာ ကူးနေတဲ့ ငါးလေးတွေကို တောင် တွေ့နေရတယ်။ ဟာ ရွှေငါးလေးတွေဗျို့။ မြီးတွေမှာ မှန်ပုံးနဲ့ အလှမွေးတဲ့ ငါးမျိုးလေးတွေဗျ။ ကျုပ်ဖြင့် ရေကိုကြည့်ပြီး မျက်နှာသင်းသစ်ချင်တဲ့စိတ်ပေါက်လာသဗျို့။

ဒါနဲ့ ကျုပ် ရေစပ်ကို ဆင်းလိုက်တယ်။ ကျုပ် ချောင်း ကလေးဆီကို ဆင်းသွားတာ ဆရာနံ့ဖက လှမ်းမြင်လိုက်ပြီး...

“ဟေ့ မောင်တာတေ မသွားနဲ့၊ အဲဒီရေကို မထိနဲ့၊ လာ လာ ဒီကိုလာ”

ဆရာနံ့ဖက ဝါးတံတားလေးနားတောင် ရောက်နေပြီဗျ။

ကျုပ်က ဆရာနံ့ဖ ပြောတဲ့အတိုင်း သူ့ဆီကို သွားလိုက် တယ်။ ဆရာနံ့ဖက ကျုပ်ကို လက်ညှိုးထိုးပြတယ်ဗျ။

“မောင်တာတေ ကြည့်စမ်း၊ ဟိုဘက်မှာ တောင်တွေမို့ လား၊ ဒီဘက်က တဖြည်းဖြည်း နိမ့်သွားတဲ့ အနိမ့်ပိုင်းမို့လား၊ ရေကို ကြည့်လိုက်စမ်း၊ ဘယ်ဘက်ကို စီးနေတုံး”

ဒီတော့မှ ကျုပ်က ရေတွေစီးနေတာကို သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



သတိထားပြီး ကြည့်မိတာဗျ။

"ဟာ ဟုတ်သားပဲ ဆရာ၊ ရေတွေက ဘယ်လိုဖြစ်လို့ နိမ့်ရာကနေ မြင့်ရာကို စီးနေတာတုံး ဆရာ၊ ထူးဆန်းလှချေလား ဗျ"

"အေး ဟုတ်တယ်၊ ဒါမျိုးကို ရေပြန်ချောင်းလို့ ခေါ်တယ်ကွဲ့၊ ကျုပ်တို့ ဒီနယ်မြေကို ဝင်လာကတည်းက လူရော၊ ငှက်ရော ဘာမှမချန်ဘဲသတ်တဲ့ စုံ့မြေတွေ မြင်ခဲ့တယ်။ ပြီးတော့ ဟိုသစ်ပင်ကြီး တွေ့ခဲ့တယ်မို့လား။ အဲဒါ သွေးစားပင်ကွဲ့၊ ကျုပ်တို့သာ သတိမရှိဘဲ အဲဒီသစ်ကိုင်းကြီးအောက်ကနေ ငုံ့ဝင်ပြီး ဟိုဘက်ကို ဖြတ်သွားမယ်ဆိုရင် ကျုပ်တို့ကို သစ်ကိုင်းကြီးက ထုသတ်ပြီး ဆွဲယူသွားမှာကွဲ့၊ ပြီးရင် ကျုပ်တို့သွေးကို အဲဒီသစ်ပင်က စုတ်ယူတော့မှာ။ အခုတွေ့တဲ့ ချောင်းကလည်း ရေပြန်ချောင်းလို့ခေါ်တယ်။ ဒီရေဟာ အင်မတန် အဆိပ်ပြင်းတာကွဲ့၊ လူ့အသားနဲ့ ထိမိရင် တဖြည်းဖြည်းနဲ့ အကွက်ကြီးတွေထပြီး ညှိပုပ်လာလိမ့်မယ်"

"ဗျာ၊ ဒီလောက်တောင်ပဲလားဗျာ"

"ဟုတ်တယ် မောင်တာတေ၊ ဒီစုန်းရွာကြီးရဲ့ အနီးဝန်းကျင်မှာ ဒီလို ကျက်သရေမရှိတဲ့ ယုတ်ညံ့တဲ့ အရာတွေ ရှိနေတတ်တာ မဆန်းပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝါးတံတားလေးကိုကူးပြီး နောက်ထပ်နာရီဝက်လောက် သွားမိတဲ့အခါ ဆရာနန့်ဖက တဲ့ကနဲ ရပ်လိုက်တယ်ဗျ။ ကျုပ်လည်း နောက်ကနေ ရပ်လိုက်ရတာပေါ့ဗျာ။

"မောင်တာတေ ဟိုမှာ တွေ့ပြီကွဲ့၊ ကျုပ်တို့လာတဲ့ ဖန်ခါးကုန်း ရွာကြီး"

ကျုပ်တို့က တောင်ကုန်းကြီးပေါ်မှာ၊ ရွာက တောင်ခြေက မြေပြန့်ကြီးမှာ။ ယာမြေတွေဆိုတာလည်း မျက်စိတစ်ဆုံးပဲဗျာ။ ရွာထဲက အိမ်တွေကလည်း သွပ်ဖွေးဖွေးနဲ့ အိမ်ကြီးအိမ်ကောင်းတွေ များတယ်ဗျ။ ဒီရွာကြီးမှာနေတဲ့ ရွာသားတွေဟာ အိမ်နဲ့ယာနဲ့ ပြည့်စုံကြရဲ့သားနဲ့ ဘယ်လိုကြောင့် စုန်းတွေဖြစ်နေရတယ်ဆိုတာကို ကျုပ် မတွေးတတ်တော့ပါဘူးဗျာ။

ရွာထဲ မဝင်ခင်မှာ ဆရာနန့်ဖနဲ့ ကျုပ်နဲ့ ပါလာတဲ့ ဆတ်သားခြောက်မီးဖုတ်ကလေးကို ကောက်ညှင်းကျည်တောက်ကလေးနဲ့ အဆာပြေစားကြတယ်ဗျ။ ပြီးတော့မှ ဆရာနန့်ဖက သူ့လွယ်အိတ်ကြီးထဲက ငှက်ပျောသီး ထုတ်ပြီး တစ်ယောက် တစ်လုံးစီ စားလိုက်ကြတယ်။

"မောင်တာတေရေ၊ ဒီငှက်ပျောသီးက ကျုပ်ဆရာ ပထမံဆရာပွားကြီး ပေးလိုက်တာကွဲ့၊ ကျုပ်လွယ်အိတ်ထဲမှာ ထည့်ထားတာ ဆယ်ရက်မကတော့ဘူး။ ငှက်ပျောသီးက ပိုပြီးတော့လည်း



www.burmeseclassic.com

www.burmeseclassic.com


မှည့်မလာဘူးကွဲ့၊ ပုပ်လည်း ပုပ်မသွားဘူး။ ဆရာပွားကြီး မှာ လိုက်တာက ဒီငှက်ပျောသီးကို ရွာထဲဝင်ကာနီးမှ စားရမှာတဲ့ကွ၊ ဒါကြောင့် အခုမှ ကျွေးရတာ၊ နောက် သုံးရက်လောက်အထိ တော့ မင်းဗိုက်ဆာမှာ မဟုတ်တော့ဘူးကွဲ့"

"ဟာ ဟုတ်လား ဆရာ"

ကျုပ်တို့နှစ်ယောက် တောင်ပေါ်ကဆင်းတဲ့ ခြေသွားလမ်း လေးအတိုင်း ဆင်းလာခဲ့ပြီး ရွာဝင်ပေါက်ကြီးဆီကို ရောက်လာခဲ့ တယ်။ ရွာထိပ်က ကဝေနတ်စင်ကိုသွားပြီး ဆရာနံ့ဖက အမိန့် ပြန်တယ်။ ပြီးတော့ ကဝေနတ်ကြီးကို ချုပ်ပစ်ခဲ့တယ်။

ဒီအချိန်မှာပဲ ကျုပ်တို့နဲ့ မလှမ်းမကမ်းမှာ လဒကြီး သုံးကောင် ဝဲနေတာ တွေ့လိုက်တယ်ဗျ။

"ဆရာ ဟိုမှာ လဒကြီးတွေ"

"ကျုပ် တွေ့တယ် မောင်တာတေ၊ ဒါ ဒီရွာထဲက စုန်းမကြီးတွေပဲကွဲ့၊ ကျုပ်တို့ရောက်မှာကို ကြိုသိနေပုံပဲ၊ ဒီပုံစံ ဆိုရင်တော့ ရွာထဲကို တန်းမဝင်သေးဘဲ ဒီနေရာကပဲ အခြေအနေ စောင့်ကြည့်ရင် ကောင်းမယ်ကွဲ့"

ကျုပ်နဲ့ ဆရာနံ့ဖ လူနှစ်ဖက်စာလောက်ရှိတဲ့ မန်းကျည်း ပင်ကြီးအောက်မှာ မတ်တတ်ပဲ ရပ်နေလိုက်ကြတယ်။ ဆရာနံ့ဖ ကတော့ မန္တန်တွေ ရွတ်ပြီး သူ့ပညာတွေ နိုးထားလိုက်ပြီဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ဒီတုန်းမှာပဲ ရွာထဲကနေ ခွေးနက်ကြီးတစ်ကောင် ထွက်လာတယ်ဗျ။ ကျုပ်တို့ကို သေသေချာချာကြည့်ပြီး မာန်ဖီနေတယ်ဗျို့။ ကျုပ် သေသေချာချာကြည့်တော့ ခွေးနက်ကြီးက သာမန်ခွေးတွေထက် နည်းနည်းပိုကြီးနေတယ်ဗျ။

"ဟီး၊ ဟီး၊ ဟီး၊ ဂီး၊ ဂီး"

မာန်ဖီနေတဲ့ ခွေးနက်ကြီးက အစွယ်ကြီးတွေ ဖွေးနေတာဗျို့။ ဆရာနွံဖက ခွေးနက်ကြီးကို သေသေချာချာ ကြည့်ပြီးမှ တောက်တစ်ချက် ခေါက်လိုက်တာဗျ။ ကျုပ်တောင် လန့်ပြီး တုန်သွားတယ်။

"တောက်"

ဆရာနွံဖလည်း တောက်ခေါက်လိုက်ရော ခွေးနက်ကြီးက မြေကြီးပေါ်ကို ဘုန်းကနဲ လဲကျသွားတာဗျို့။

ဟာ လူးနေပြီ ဗျို့၊ ခွေးနက်ကြီး မြေကြီးပေါ်မှာ လူးနေပြီ။ ဟင် ခွေး၊ ခွေး မဟုတ်ဘူးဗျ။ လူ၊ လူ၊ လူကြီး ဟုတ်ပါ့ဗျာ။ မြေကြီးမှာ လူးနေတဲ့ ခွေးနက်ကြီးက ထမိကြီးတစ်ထည် ခြုံထားတဲ့ လူမည်းမည်းကြီး ဖြစ်နေရောဗျာ။

အဲဒီလူက ထမိကြီး ခြုံရက်သားနဲ့ ဆရာနွံဖကို ကြည့်နေတယ်။ လူကတော့ ကုန်းကုန်းကြီး လုပ်နေတုန်းဗျ။

"မင်း ဘယ်သူတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ထမီခြုံ မောင်နက်ပါဗျာ"

"အေး…နေက်၊ မင်းရဲ့ ထမီခြုံပညာတွေ ငါ အားလုံး သိမ်းလိုက်ပြီ ကြားလား"

"ဟုတ် ဟုတ်ကဲ့ပါဗျာ၊ ကျုပ် အသက်ကိုတော့ ချမ်းသာပေးပါဗျာ"

"စိတ်ချ၊ မင်းကို ငါ မသတ်ဘူး၊ ဒါပေမဲ့ ငါမေးတာ တွေကိုတော့ မင်းမှန်မှန်ဖြေရမယ်"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာ၊ ကျုပ်ဖြေပါ့မယ်"

"ဒီရွာက စုန်းမကြီး မယ်ဗျော၊ ရှိသလား"

"ရှိ ရှိပါတယ် ဆရာ၊ သူ့အိမ်မှာပါ"

"မယ်ဗျောက ဘယ်အရွယ်ရှိပြီတုံးကွဲ့"

"အသက် ရှစ်ဆယ်လောက် ရှိပါပြီဆရာ၊ ဒါပေမဲ့ အလွန်မှ နုပျိုပါတယ်၊ အသက်ငါးဆယ်ကျော်လောက်ပဲ ထင်ရပါ တယ်"

"သူ့သမီး မယ်သိန်းရော ရှိသလား နေက်"

"ရှိ၊ ရှိပါတယ် ဆရာ၊ သူ့သမီးက အသက် ငါးဆယ် ကျော်လောက် ရှိပါပြီ"

"နေဦး နေက်၊ မယ်ဗျော ပညာက တော်တော်ထင် သလားကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ထက်၊ ထက်ပါတယ် ဆရာ၊ မယ်ဖုံကြီးရဲ့ ခေါင်းပြတ်ကို ယူထားပြီး သူ့ပညာအဆင့်ကို တက်အောင် အမြဲလုပ်နေတော့ သူ့နဂိုပညာရော မယ်ဖုံရဲ့ပညာပါပေါင်းပြီး တော်တော်ကို အစွမ်းထက်နေပါတယ် ဆရာ၊ တစ်ရွာလုံးလည်း သူတို့နိုင်းသမျှကို ကျွန်တွေလို လုပ်ပေးနေကြရပါတယ်ဗျာ။ စိတ်မထင်ရင် မထင်သလို သတ်ပစ်တာဗျ။ သူ့ကို ဘယ်သူမှလည်း မယှဉ်နိုင်တော့ မော်တောင်မကြည့်ဝံ့ပါဘူးဗျာ"

"အခုလည်း မင်းကို သူ လွှတ်လိုက်တာပဲမို့လား"

"ဟုတ်ပါတယ် ဆရာ၊ ကျုပ်ကို ခွေးနက်ပုံပြောင်းပြီး သူလွှတ်လိုက်တာပါ"

"ကဲ ငနက်၊ ဒါဆိုရင် မင်းကို ငါ နဂိုပုံစံ ပြန်ပြောင်းပေးမယ်၊ ငါတို့ကို ရွာလယ်က မယ်ဗျောနဲ့ မယ်ဖုံ ပညာပြိုင်တဲ့ မြေကွက်လပ်ကို ခေါ်သွားပါ၊ ပြီးရင် မယ်ဗျောကို ပြောလိုက်၊ မယ်ဖုံရဲ့ ခေါင်းပြတ်ကိုယူပြီး မြေကွက်လပ်ကို လာခဲ့ပါလို့၊ ငါ စောင့်နေမယ်လို့ ပြောလိုက် ကြားလား"

"ဟုတ်၊ ဟုတ်ကဲ့ပါ ဆရာ"

"တောက်"

ဆရာနန္ဒဖက ထမီခြုံမောင်နက်ကို လက်ညှိုးနဲ့ထိုးပြီး တောက်တစ်ချက် ခေါက်လိုက်တာ၊ မောင်နက် မြေကြီးမှာ လှိမ့်



www.burmeseclassic.com

www.burmeseclassic.com



နေရောဗျို့။ ဟော ဟော ထမိခြုံကြီးက ခွေးနက်ကြီး ပြန်ဖြစ်သွားပြီဗျို့။

ခွေးနက်ကြီးက ကျုပ်တို့ကို လှည့်ကြည့် လှည့်ကြည့်နဲ့ ရှေ့ကသွားတယ်။ ကျုပ်နဲ့ ဆရာနှံ့ဖနဲ့က ရွာထဲဝင်ပြီး သူ့နောက်က လိုက်တယ်။

ရွာလယ်က မြေကွက်လပ်ကြီးကိုရောက်တော့ ဆရာနှံ့ဖက ခပ်သုတ်သုတ်ပဲ မြေကွက်လပ်ကြီးကို ပတ်ပြီး မန္တန်ရွတ်တယ်ဗျ။ စည်းချတာပေါ့ဗျာ။

"ဒီနေရာမှာ မယ်ဇံကို သူသတ်ခဲ့တာကွဲ့၊ ကျုပ် ပထမံ စည်းချထားပြီးပြီ။ ဒီစည်းဝိုင်းထဲကို ဝင်တဲ့စုန်းဟာ ဘယ်တော့မှ စုန်းအနေနဲ့ ပြန်ထွက်လို့ မရတော့ဘူးကွဲ့၊ သူ့ရဲ့ စုန်းပညာကို အကုန်လုံးစွန့်ပြီးမှ ထွက်လို့ရမယ်။ ဒါမှမဟုတ်ရင်လည်း သေပြီးမှ ဝိညာဉ်ဘဝနဲ့ ထွက်ရုံပဲပေါ့ကွယ်"

မြေကွက်လပ်ကြီးက တော်တော်ကျယ်တာဗျ။ ဆရာနှံ့ဖ ပြောသလိုဆိုရင် ဒီထဲဝင်လာတဲ့ စုန်းတွေကတော့ သွားပြီပေါ့ဗျာ။

သိပ်မကြာခင်မှာ မိုးချုပ်လာတယ်ဗျ။ ကျုပ်တို့ရောက်နေတာကို သိရက်နဲ့ မယ်ဗျောကြီး ချက်ချင်းမလာတာ အကြောင်းတစ်ခုခုရှိမယ်လို့ ကျုပ်တွေးမိတယ်။

"ဆရာ မယ်ဗျော ဘာလို့ ချက်ချင်းမလာတာတုံး ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီည လပြည့်ညကွဲ့ မောင်တာတေရဲ့၊ လထွက်အောင် စောင့်နေတာ၊ လထွက်ရင် သူတို့အားတွေက ပိုပြီးပြည့်တယ်။ ပြီးတော့ ကျုပ်နဲ့ယှဉ်ဖို့ သူ့ပညာတွေကို နှီးနေတာလည်း ပါမှာပေါ့။

ဟော လထွက်လာပြီဗျ။ အရှေ့ဘက်က တောင်တန်းကြီး ပေါ်ကို လကြီးကျော်တက်လာပြီ။ စုန်းရွာကြီးတစ်ရွာလုံး လင်း ထိန်သွားပြီဗျို့။

"ဂီး" "ဂီး" "ဂီး"

ဟော ရွာပေါ်မှာ လင်းတတွေ ဝဲနေပြီဗျို့။ အားလုံး ငါးကောင်ဗျ။ ကျုပ် မော့ပြီး ရှေကြည့်လိုက်တယ်။

"သတိထားတော့ မောင်တာတေ၊ မယ်ဗျောကြီး လာ တော့မယ်"

ဟော ရွာလယ်လမ်းအတိုင်း လူတွေ လာနေပြီဗျို့။ ယောကျ်ားတွေရော မိန်းမတွေပါဗျ။ ဒါ ဒီရွာကြီးက နာမည်ကျော် စုန်းတွေပဲပေါ့ဗျာ။ မယ်ဗျောကြီးရဲ့ တပည့်တွေပဲပေါ့။ အားလုံး မြေကွက်လပ်ကြီးထဲကိုဝင်ပြီး မတ်တတ်ရပ်လိုက်ကြတယ်။ သူတို့ က မြေကွက်လပ်ကြီးရဲ့ တစ်ဖက်မှာ ရပ်နေတာဗျ။ ကျုပ်နဲ့ ဆရာနွံဖက မြေကွက်လပ်ရဲ့ ဒီဘက်ထိပ်မှာ ရပ်လို့ပေါ့ဗျာ။ မြေကွက်လပ်ကြီးက အဝိုင်းလည်း မဟုတ်၊ လေးထောင့်လည်း မကျ၊ ဘဲဥပုံလိုလိုကြီးဗျ။



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်နေတဲ့ စုန်းတွေထဲက စုန်းမတစ်ယောက်က ရှေ့ကို ခြေနှစ်လှမ်းလောက် ထွက်လာပြီး ဆရာနွံဖကို လက်ညှိုးနဲ့ ထိုးပြီးပြောတယ်။

"ဟဲ့ ဆရာစုတ်၊ နင့်ကိုယ်နင် အထင်ကြီးပြီး နင့်သေတွင်းထဲကို ရောက်အောင်လာခဲ့တဲ့အကောင်။ နင်လိုအကောင်က ငါတို့မယ်တော်ကြီးကို စိန်ခေါ်ဝံ့သလား။ ပြီးတော့ ဘာတဲ့၊ မယ်တော်ကြီးကိုယ်တိုင် ဖြတ်ယူခဲ့တဲ့ စုန်းဖြူမကြီးရဲ့ ခေါင်းပြတ်ကိုတောင် လာတောင်းရဲ့၊ နင့်အတွက် အခုအချိန်ရှိသေးတယ်။ အခုချက်ချင်း ဒူးထောက်လိုက်။ ပြီးတော့ မယ်တော်ကြီးကို တောင်းပန်ပြီး ဒီရွာက ချက်ချင်းထွက်သွား၊ ဒါ နောက်ဆုံးအခွင့်အရေးပဲ"

ဆရာနွံဖက ဘာမှပြန်မပြောဘဲ လက်ပိုက်ပြီးတော့ပဲ ကြည့်နေတာဗျ။

"ဂီး၊ ဂီး၊ ဂီး၊ ဂီး"

ရွာအပေါ်မှာ ဝဲနေတဲ့ လင်းတကြီးတွေက အဆက်မပြတ်အော်နေကြတယ်ဗျို့။ ကျုပ်လည်း ဆရာကြီး ဦးမင်းအောင် ပေးထားတဲ့ သံကစေရုပ်ကလေးကို လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ရတာပေါ့ဗျာ။

ဟော မြေကွက်လပ်ရဲ့ ဟိုဘက်မှာ ရပ်နေတဲ့ စုန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက် ဒီဘက် တိုးကပ်လိုက်ကြတယ်ဗျ။ အလယ်မှာ လမ်းပေါက်ကြီး ပွင့်သွားတာပေါ့ဗျာ။

"ဂီး၊ ဂီး၊ ဂီး၊ ဂီး"

အပေါ်မှာ ဝဲနေတဲ့ လင်းတတွေက တဂီးဂီးနဲ့ အော်နေတဲ့ အချိန်မှာ...

"ဝေါင်း၊ ဝုန်း"

ကျားဟိန်းသံကြီး ပေါ်လာတာဗျို့။ ကျုပ်ဖြင့် ရင်တွေ တဒိန်းဒိန်းခုန်ပြီး ကြက်သီးတွေမှ တဖျန်းဖျန်း ထကုန်ရောဗျာ။ ဟာ ကျားကြီးဗျာ ကျားကြီး၊ ကျားနက်ကြီးဗျ၊ နည်းတဲ့အကောင်ကြီးမှ မဟုတ်တာဗျာ။ နွားတစ်ကောင်လောက်ကို မြင့်တာဗျ။ ခါးကြီး နွဲ့နွဲ့ နွဲ့နွဲ့နဲ့ မြေကွက်လပ်ထဲကို ဝင်လာတာဗျို့။ ကျားနက်ကြီးရဲ့နောက်မှာ ပါလာတဲ့ မိန်းမတစ်ယောက်က ခြေတံရှည်ရှည်နဲ့ ဘဲဥပုံစားပွဲခုံလေးတစ်လုံးကို မ,လာတယ်။ သူ့နောက်မှာတော့ အနက်ရောင်ဝတ်ရုံကြီး ခြုံထားတဲ့ မိန်းမတစ်ယောက်က ကျွန်းသေတ္တာလေး တစ်လုံးကို ပွေ့ပြီးယူလာတယ်။ အဲဒီကျွန်းသေတ္တာကို စားပွဲခုံအမြင့်လေးပေါ်မှာ တင်လိုက်တယ်။ ပြီးတော့ အဲဒီစားပွဲခုံဘေးမှာ မိန်းမနှစ်ယောက် ရပ်နေလိုက်တယ်။ ကျားနက်ကြီးက ခါးနွဲ့နွဲ့ကြီးနဲ့ ဟိုလျှောက် ဒီလျှောက် လုပ်နေတာဗျ။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



ဆရာနွံ့ဖကို ခေါင်းကြီးစောင်းကြည့်လိုက်၊ ဟိန်းဟိုး လုပ်နေတာဗျ။ ခဏနေတော့ ဆရာနွံ့ဖကို ကျောပေးပြီး တစ်ဖက်ကို လှည့်ထွက်သွားတယ်။ ဘေးမှာ ဝိုင်းကြည့်နေကြတဲ့ စုန်းမတွေရော၊ စုန်းထီးတွေရော အားလုံးပဲ ကျားနက်ကြီးကို လက်အုပ်ချီထားလိုက်ကြတယ်။

သြော်··လက်စသတ်တော့ ဒီကျားနက်ကြီးဟာ မယ်ဗျော ကြီးကိုးလို့ ကျုပ်တွေးလိုက်မိတယ်။ ကျားနက်ကြီး တစ်ဖက် အလှည့်မှာ ဆရာနွံ့ဖက တောက်တစ်ချက်ခေါက်ပြီး မြေကြီးကို ဖနောင့်နဲ့ ပေါက်လိုက်တယ်ဗျ။

"တောက်" "ဖျန်း"

ဟာ ကျားနက်ကြီး မြေကြီးမှာ လူးနေပြီဗျို့။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း"

ဟော ဟော ငြိမ်သွားပြီ။ ငြိမ်သွားပြီ။ ဟာ ဆံပင် ဖားလျားကြီး ချထားတဲ့ မိန်းမကြီး ဖြစ်သွားပြီဗျို့။ မယ်ဗျောကြီး မူလပြန်သွားတာဗျာ။

"ဖုန်း၊ ဖုန်း၊ ဖုန်း၊ ဖုန်း၊ ဖုန်း"

ဟာ ရွာပေါ်မှာ ဝဲနေတဲ့ လင်းတကြီးတွေလည်း မြေကွက်လပ်ထဲကို တဖုန်းဖုန်း ပြုတ်ကျလာကြပြီဗျို့။ ဟာ လင်းတကြီးတွေက ထမီခြုံထားတဲ့ စုန်းမကြီးတွေ ဖြစ်သွားပြီဗျို့၊ မြေကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ဆန့်ငင် ဆန့်ငင် ဖြစ်ကုန်ကြပြီဗျာ။

ဆရာနွံဖရဲ့ ဖနှောင့်တစ်ချက်က အားလုံးကို မူလပြန်ကုန်တော့တာဗျာ။ ဘေးကကြည့်နေတဲ့ စုန်းတွေတောင် ပါးစပ်ဟောင်းလောင်းဖြစ်ပြီး ဆရာနွံဖကို ကြည့်နေကြရောဗျို့။

မယ်ဗျောကြီးက မြေကြီးပေါ်ကနေ ထလာပြီး ဆရာနွံဖကို စိုက်ကြည့်နေတယ်။ ဒီအချိန်မှာပဲ ဝတ်ရုံအနက် ခြုံထားတဲ့ မယ်ဗျောရဲ့ သမီးဖြစ်ပုံရတဲ့ မိန်းမက ရွှေချထားတဲ့ လိမ်လိမ်ကောက်ကောက် တောင်ဝှေးတစ်ချောင်းကို မယ်ဗျောလက်ထဲ လာထည့်ပေးတယ်။

မယ်ဗျောက တောင်ဝှေးကောက်ကောက်ကြီးကို မြေကြီးမှာ ထောက်ပြီးရပ်နေရာက ဆရာနွံဖကို လှမ်းပြောတယ်။

"နင့်ပညာ မဆိုးပါဘူး၊ ငါတို့ရဲ့ ရုပ်ပြောင်း နာမ်ပြောင်း အတတ်ကို ဖျက်ဆီးပစ်နိုင်တာ အံ့ဩစရာပါပဲ။ အဲဒီပညာကို ဖျက်လိုက်ရင် အဲဒီအောက်နိမ့်တဲ့ ပညာတွေအားလုံး ပျက်သွားပြီ။ ဒီတော့ ငါ့မှာက ပညာအမြင့်တွေပဲ ကျန်တော့တာ၊ နင်ခံနိုင်ရင် ခံပေတော့။

ပြောပြောဆိုဆိုနဲ့ မယ်ဗျောက သူ့လက်ထဲက တောင်ဝှေးကို ဝှေ့လိုက်တယ်။ သူ့တစ်ကိုယ်လုံးက စက်တွေဟာ ဖြာပြီးထွက်လာလိုက်တာ ရောင်စုံပဲဗျို့။ လှတောင်လှသေးရောဗျာ။ စက်တွေ



www.burmeseclassic.com

www.burmeseclassic.com


က တန်းထွက်လာတာ မဟုတ်ဘူးဗျ။ စက်ဝိုင်းလို လည်ပြီး ရှေ့ကို တိုးလာတာ။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

စက်လည်သံကြီးက ကြောက်စရာကြီးဗျာ။ တဝီဝီနဲ့ကို ဖြစ်နေတော့တာဗျ။ တဖြည်းဖြည်းနဲ့ လည်နေတဲ့ စက်ကြီးက ဆရာနန္ဒဖဘက်ကို ရွေ့လာတယ်။ ဆရာနန္ဒဖက လွယ်အိတ်ထဲက အင်းတစ်ချပ် ထုတ်လိုက်တယ်။ ကျုပ်တစ်သက်မှာ ဒီစက်မျိုး တစ်ခါမှ မမြင်ဘူးတော့ ဆရာနန္ဒဖ ဘာအင်းပစ်မယ်ဆိုတာ တွေးလို့ကို မရဘူးဗျ။

"ကဲ ဟော့၊ ဟောဒါ ပထမံစက်အင်းကြီးကွ"

ပစ်ပြီ။ ဆရာနန္ဒဖ ရှေ့ကို ခြေတစ်လှမ်းတိုးပြီး အင်းနဲ့ ပစ်လိုက်ပြီ။ လည်နေတဲ့စက်ရဲ့ အလယ်တည့်တည့် အင်းဝင်သွားပြီဗျို့။

"အုန်း"

ဟာ စက်တွေ ထပေါက်ပြီဗျို့။ ဟာ မယ်ဗျောကြီး ဖင်ထိုင်ရက် လဲသွားပြီဗျ။

မယ်ဗျောက လဲနေရာက ထပြီး ခုံပေါ်မှာတင်ထားတဲ့ သေတ္တာကို ဖွင့်လိုက်တယ်။ ဟာ ခေါင်းပြတ်ကြီးဗျာ၊ မိန်းမကြီး တစ်ယောက်ရဲ့ ခေါင်းပြတ်ကြီးဗျ။


www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မယ်ဇံ နင့်စက်တွေ ခုလွှတ်စမ်း၊ ငါ့ဆီကို နင့်စက်တွေ ပို့လိုက်စမ်း"

မယ်ဗျောက ခေါင်းပြတ်ကြီးရှေ့မှရပ်ပြီး အမိန့်ပေးတယ်ဗျ။ ခေါင်းပြတ်ကြီးက ငြိမ်နေတာဗျ။ စက်လွှတ်ဖို့ နေနေသာသာ အရောင်ကလေးတစ်ရောင်တောင် မလက်ဘူးဗျ။

"ဟား၊ ဟား၊ ဟား၊ ဟား တော်ပါတော့ မမယ်ဗျော ရယ်၊ မမယ်ဇံ သွားလိုရာ သွားပါစေတော့ဗျာ၊ အနှစ် ၂၀ လုံးလုံး ခင်ဗျား သူ့ကို ချုပ်နှောင်ထားခဲ့တာ၊ တော်လောက်ပါပြီဗျာ၊ သူ့ပညာတွေကို စောစောကပဲ ကျုပ် ချုပ်ထားလိုက်ပြီဗျ"

"ဩော် လက်စသတ်တော့ နင့်လက်ချက်ကိုး၊ နင်က လက်ဦးသွားပြီကိုး၊ ဟဲ့အကောင်တွေ၊ ကောင်မတွေ နင်တို့ ရှိသမျှ စက်တွေလွှတ်ပြီး ဒီအကောင်ကို သတ်လိုက်စမ်း"

"ဟား၊ ဟား၊ ဟား၊ ဟား ရှင့်ရဲ့ စကြာစက်ကြီး အဖျက်ဆီးခံလိုက်ရတော့ ရှင့်စက်တွေကို ချက်ချင်းပြန်ထုတ်လို့ ရတော့ဘူးမို့လား။ ဟား ဟား ဟား ဟား၊ ဒီလိုအချိန်မျိုးကို ကျုပ်စောင့်နေခဲ့တာ၊ အနှစ် ၂၀ တောင် ရှိပြီ မယ်ဗျောရဲ့"

ကျုပ် လှည့်ကြည့်လိုက်တော့ မိန်းမတစ်ယောက်ဗျ။ ကျကျနနကို အလှအပ ပြင်ဆင်ပြီး ယဉ်ယဉ်ကျေးကျေးလေး ရပ်နေတာဗျ။ ဒါပေမဲ့ ဒီမိန်းမက မြေကွက်လပ်ထဲကို ဝင်မလာ



www.burmeseclassic.com

www.burmeseclassic.com


ဘူး။ မလှမ်းမကမ်းမှာပဲ ရပ်နေတာ။

"နင်က ဘယ်သူတုံး"

"ကျုပ်က ရှင်ခေါင်းဖြတ်ပြီး ရက်ရက်စက်စက် သတ်လိုက်တဲ့ မမယ်ဖံရဲ့သမီး မမင်းယုလေ၊ ရှင့်ကို သတ်ချင်လွန်းလို့ ပညာသင်လိုက်ရတာ၊ အခု တကယ်တမ်း သတ်တော့မယ်ဆိုတော့ ရှင်က စက်တွေ ကျိုးပဲ့ကုန်တဲ့အချိန် ဖြစ်နေတာ တော်တော်ကို စိတ်ပျက်စရာ ဖြစ်သွားတယ်တော်"

"ဟဲ့ မယ်ဖံသမီး၊ လာခဲ့စမ်း၊ နင် အခုချက်ချင်း ရှေ့ကို တိုးခဲ့စမ်း၊ နင့်အမေလိုပဲ ခေါင်းဖြတ်ပစ်မယ် လာခဲ့စမ်း၊ ကောင်မ စုတ်ကလေး"

"ဟား၊ ဟား၊ ဟား ကျုပ် ရှေ့တိုးလိုက်ရင် ရှင်တို့ပဲ ဟိုဆရာကြီးရဲ့ ပထမံစည်းထဲ ရောက်သွားမှာပေါ့၊ ပထမံစည်းထဲ ရောက်သွားတဲ့ စုန်းဟာ ဘယ်တော့မှ စုန်းအနေနဲ့ ပြန်ထွက်လို့ မရဘူးဆိုတာ တော်တို့ သိမှမသိကြတာ၊ ဟား ဟား ဟား ဟား"

ကျုပ်က မမင်းယုဆိုတဲ့ မိန်းမကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ ဒီမိန်းမကတော့ ခပ်အေးအေးပဲဗျ။ မယ်ဗျောကြီးကို ကြည့်တဲ့ သူ့မျက်လုံးကတော့ အစိမ်းလိုက် ဝါးစားတော့မလိုကို ကြည့်နေတာဗျို့။


www.burmeseclassic.com

www.burmeseclassic.com


မယ်ဗျောရဲ့သမီး မယ်သိန်းက ရှေ့ကို ထွက်လာပြီး စက်စလွှတ်တယ်။ ကျန်တဲ့စုန်းမ၊ စုန်းထီး လေးရာလောက်က လည်း သူတို့ရဲ့ စက်တွေကို ဝိုင်းလွှတ်ကြတယ်။ စက်တွေအားလုံး က အားတွေစုပြီး အလွန်တောက်ပတဲ့ အလင်းတန်းကြီးသုံးခု ဖြစ်သွားတယ်။ အဲဒီအလင်းတန်းကြီးတွေက မြေကွက်လပ်အပြင် မှာ ရပ်နေတဲ့ မမင်းယုဆီကို တန်းပြီးသွားနေရောဗျ။

မမင်းယုက ခေါင်းကို အပေါ်မော့ပြီး ပါးစပ်ဟထုတ် လိုက်တာ ပါးစပ်ထဲက စက်တွေ တလက်လက်နဲ့ မထွက်ဘဲ မီးတောက်တစ်ခု ထွက်လာတာဗျ။ ကျုပ်ဖြင့် ဒါမျိုး တစ်ခါမှ မမြင်ဘူးလို့ အံ့သြနေမိတာဗျာ။

"မောင်တာတေ သတိထား၊ အဲဒါ မီးစုန်းကွဲ့၊ အလွန် ရှားပါးတဲ့ ပညာပဲ"

ကျုပ်လည်း အံ့သြပြီး မော့ကြည့်နေမိတာပေါ့ဗျာ။

အပေါ်ကို မြင့်တက်သွားတဲ့ မီးတန်းလေးက ကြိမ်လုံး လေးတစ်လုံးစာလောက်ရှိတဲ့ မီးတန်းလေးဗျ။ ပေနှစ်ဆယ် သုံး ဆယ်လောက် တက်သွားပြီး အောက်ကို ထိုးစိုက်ပြီး ဆင်းလာ လိုက်တာ လှစ်ကနဲနေတာဗျို့။

ဟာ ပြတ်ကုန်ပြီဗျို့။ ပြတ်ကုန်ပြီ။ စုန်းလေးရာလောက် ပေါင်းပြီး လွှတ်ထားတဲ့ စက်တွေဗျာ မီးစုန်းပညာရဲ့ မီးတောက်


www.burmeseclassic.com

www.burmeseclassic.com


ကလေးနဲ့တွေ့တော့ အားလုံး အပိုင်းပိုင်းပြတ်ကုန်ရောဗျာ။ ဟာ စုန်းတွေ၊ မြေပြင်ပေါ်ကို လဲကုန်ပြီဗျို့။ မီးစုန်းပညာဟာ တော်တော်ကို အဆင့်မြင့်တာပဲဗျာ။

"ကဲ မဗျော၊ ရှင့်အလှည့်ပဲ၊ ကျုပ်အမေ ဘယ်လိုသေတယ်၊ ဘယ်လိုခံစားသွားရတယ်ဆိုတာ ရှင် မကြာခင် သိရတော့မှာပါ၊ ကဲ ရော့ မဗျော၊ ဒီမီးတောက်ကလေးကို ရှင် ရအောင်မြိမ်းပေတော့"

မမင်းယုက ပြောပြောဆိုဆိုနဲ့ သူ့ရဲ့လက်ညှိုးနဲ့ လက်မကို ပွတ်ပြီး မီးပွင့်သေးသေးလေးကို ထုတ်ပြီး မယ်ဗျောကြီးဆီကို ပစ်လိုက်တယ်။ မီးခြစ်ဆံခေါင်းလောက်ရှိတဲ့ မီးတောက်ကလေးက မယ်ဗျောကြီးဆီကို ပြေးသွားရောဗျို့။ စက်တွေထုတ်လို့မရတဲ့ မယ်ဗျောက သူ့ရဲ့တောင်ဝှေးနဲ့ ဆီးပြီးရိုက်တယ်။

ဟာ ထိတယ်ဗျို့။

"ဝုန်း"

ဟာ ထိသွားတော့မှ မီးတောက်သေးသေးလေးက လက်ဖက်ရည်ပန်းကန်လောက် မီးတောက်ဖြစ်သွားပြီး မယ်ဗျောကြီးဆီကို တန်းဝင်သွားတော့တာဗျို့။ မယ်ဗျောကလည်း သူ့ရဲ့ဆေးတောင်ဝှေးနဲ့ ဆီးပြီးရိုက်တာပဲဗျ။ မီးတောက်က ပိုပြီးကြီးလာတယ်။

အရှေ့ဘက်ကျောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်က ပြေးဝင်၊ မယ်ဖျောက ရိုက်၊ မီးတောက်က ပိုကြီးနဲ့ နောက်ဆုံးကျတော့ မယ်ဖျောကြီး တော်တော်မောနေရော ဗျို့။ ဒီမှာတင်ပဲ မမင်းယုက မီးတောက်ကို လက်ညှိုးနဲ့ ထိုးလိုက်တာ၊ မီးတောက်က ကြိုးတစ်ချောင်းလို ဖြစ်သွားပြီး မယ်ဖျောကြီးကို ရစ်တော့တာဗျို့။

"အား"

မယ်ဖျောရဲ့ နာလွန်းလို့ အော်လိုက်တဲ့အသံက စုန်းရွာကြီး တစ်ခုလုံး လွှမ်းသွားရောဗျာ။

ဟာ ခေါင်းကြီး ပြတ်ကျသွားပြီဗျို့။ ဟာ ကိုယ်လုံးကြီးလည်း နှစ်ပိုင်းပြတ်သွားပြီ။ မယ်ဖျောကြီး သုံးပိုင်းပြတ်ပြီး ဘဝဇာတ်သိမ်းသွားပြီပေါ့ဗျာ။ မြေကွက်လပ်ထဲမှာ လဲကျနေတဲ့ စုန်းတွေတော့ မလှုပ်ကြတော့ဘူးဗျ။ အားလုံး သေကုန်ပြီလို့ ကျုပ်ထင်တယ်။ မယ်ဖျောကို သတ်တဲ့ မီးစုန်းစက်ရဲ့အရှိန်နဲ့ အားလုံး သေသွားကြပြီဗျ။

ဆရာနန္ဒဖက အနှစ် နှစ်ဆယ်လုံး ဒုက္ခခံပြီး ပညာသက်နဲ့ နေခဲ့တဲ့ မမယ်ဖဲရဲ့ ခေါင်းပြတ်ကြီးထဲက ပညာသက်ကို နှုတ်ပစ်လိုက်တယ်။

တစ်ရွာလုံးမှာရှိတဲ့ ကလေးလူကြီး မှန်သမျှကို မြေကွက်လပ်ထဲကို တစ်ယောက်မကျန် လာခိုင်းပြီး ပညာတွေ အကျင့်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းတယ်။ တချို့က ပညာတွေ စွန့်ကြတယ်။ တချို့က မစွန့်ဘဲ မြေကြီးကို နဖူးနဲ့ဆောင့်ပြီး သတ်သေသွားကြတယ်။ ဘာပဲပြော ပြော ဒီရွာမှာ စုန်းတစ်ယောက်မှ မရှိတော့ဘူးပေါ့ဗျာ။

နောက်တစ်နေ့မနက်စောစောမှာ ဆရာနံ့ဖနဲ့ ကျုပ်နဲ့ စုန်းရွာကြီး မဟုတ်တော့တဲ့ ဖန်ခါးကုန်းရွာကနေ ပြန်လာခဲ့ကြတယ်။ မမင်းယုကတော့ လုံးဝအသက်မဲ့သွားတဲ့ သူ့အမေရဲ့ ခေါင်းပြတ်သေတ္တာလေးကို ရင်ဘတ်မှာပွေ့ပြီး မြင်းညိုကြီးတစ်ကောင်စီးလို့ အနောက်ဘက်ကို ထွက်သွားလေရဲ့။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# တောင်ပလဲကုန်း

**တာ**တေကိုယ်ပွား ထုတ်တတ်တာ ခင်ဗျား သိပါတယ်။ ကျုပ်ကို ကျုပ်သူငယ်ချင်း ဘချစ် သင်ပေးတာလေဗျာ။ ဘချစ်ကို မှတ်မိတယ်မို့လား။ လွှတ်စကားထစ်တဲ့ကောင်လေဗျာ။ ကျုပ်တို့

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



က ဒီကောင့်ကို ဘထစ်လို့ ခေါ်တာလေ။

ဒီကောင်က နေတော့လည်း သင်္ချိုင်းကုန်းက သုသာန်ကျောင်းမှာ။ သုသာန်ကျောင်းဆရာတော်က ဘချစ်ကို မွေးစားထားတာဗျ။

ဘချစ်ဆိုတဲ့ကောင်က ဘုန်းကြီးပေါင်းစုံ၊ လူပေါင်းစုံနဲ့တွေ့ပြီး ငယ်ငယ်လေးကတည်းက ပညာပေါင်းစုံ တတ်နေတဲ့ကောင်လေဗျာ။ ကိုယ်ပွားထုတ်တဲ့ပညာကို ဆရာတော်တစ်ပါးက သူ့ကို သင်ပေးတာလို့ ပြောတာပဲဗျ။ သူသင်ပေးလို့ ကျုပ်တတ်သွားတာ။ ကျုပ်ကလည်း ဘာမဆို လွတ်စပ်စုတတ်တဲ့အကောင်ဆိုတော့ ဘချစ် သင်ပေးတဲ့အတိုင်း လိုက်ပြီးလေ့ကျင့်နိုင်တော့ ကိုယ်ပွားထုတ်တဲ့ပညာကို ကျုပ် တတ်သွားတာပေါ့ဗျာ။

ဘချစ်နဲ့ ကျုပ်နဲ့ အတူတူတွဲပြီးတော့ ကိုယ်ပွားထုတ်ကြတဲ့အကြောင်းကို ကျုပ် ရေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကိုယ်ပွားမထုတ်တော့ပါဘူးလို့ အဘတို့ အမေတို့ကို ကျုပ် ကတိပေးခဲ့ရတဲ့အကြောင်းကိုတော့ ကျုပ် မပြောပြရသေးဘူးဗျ။

မျောက်လက်ကို သေနတ်ရောက်တယ်ဆိုသလိုပဲ တာတေ့လက် ကိုယ်ပွားပညာရောက်တော့ မျောက်ထက် ဆိုးတော့တာပေါ့ဗျာ။ မျောက်ကလည်း သူ့လက်ထဲရောက်တဲ့ သေနတ်ကို စမ်းသပ်တဲ့အနေနဲ့ ဟိုပစ် ဒီပစ်နဲ့ စွတ်ပြီးပစ်နေတော့တာဗျ။



www.burmeseclassic.com

www.burmeseclassic.com



တာတေဆိုတဲ့ကောင်ကလည်း မျောက်ရှုံးအောင်ဆော့တဲ့ အကောင်ဆိုတော့ ကိုယ်ပွားထုတ်ပြီး ဟိုသွား ဒီသွားနဲ့ စွတ်ပြီး သွားနေတော့တာပေါ့ဗျာ။ တာတေ ကိုယ်ပွားတွေ လွှတ်ထုတ်နေလို့ ဘချစ်ကတောင် တားယူရသဗျ။

"ဟေ့ကောင် တာတေ၊ မင်းကိုယ်ပွားတွေ စွတ်ထုတ်မနေနဲ့၊ တော်တော်ကြာ ပြန်လာလို့မရဘဲ ဖြစ်နေဦးမယ်"

ဒီကောင်က အ ထစ် အ ထစ်နဲ့ ကျုပ်ကို ပြောတာဗျ။

"မင်းလိုကောင် မျောက်မူးလဲကို ဒီပညာသင်ပေးလိုက်တာ ငါ မှားသွားပြီလားတောင် မသိဘူး"

"ဟာ ဘချစ်ရာ၊ မင်း မမှားပါဘူးကွာ၊ မင်းနဲ့ ငါက သူငယ်ချင်းပဲကွာ၊ မင်းတတ်တဲ့ပညာကို သင်ပေးတာ ဘာမှားစရာရှိလို့တုံးကွာ။ ဒါနဲ့ နေပါဦး ဘချစ်ရဲ၊ ငါကိုယ်ပွား ခဏခဏ ထုတ်ပြီး သွားလာနေတယ်ဆိုတာကို မင်း ဘယ်လိုလုပ် သိတုံး"

"ဟေ့ကောင် တာတေ၊ မင်းသွားလာနေတာတွေကို ငါကိုယ်တိုင် တွေ့တာကွ၊ မင်းက ငြင်းချင်သေးလို့လား"

"ဟေ…မင်းက ဘယ်လိုလုပ် မြင်တာတုံး"

"ငါလည်း မင်းလိုပဲ ကိုယ်ပွားနဲ့ သွားလာနေလို့ပေါ့ကွ"

"ဟား၊ ဟား၊ ဟား ဘချစ်ရာ မင်းကလည်း ငါ့ဆရာတော် ပြောသလို ဖြစ်နေပြီ။ ဟိုကောင် ငါးခိုးမျှားတာ နင်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်သိတုံးလို့ မေးလိုက်တော့ တပည့်တော်က တီကောင်တူးရင်း မြင်တာပါဘုရားတဲ့ကွ၊ ဟား ဟား ဟား။ နေပါဦးကွ၊ ဘချစ်ရ၊ မင်းကတော့ ငါ့ကို မြင်ရပြီး ငါက မင်းကို ဘာလို့ မမြင်ရတာတုံးကွ"

"ဟား ဟား ဟား ဟား၊ ဒါကတော့ ဆရာစား ချန်ထားတာပေါ့ကွ၊ ဆရာက တပည့်ကို ပညာကုန်ပေးမလားကွ"

ဒီကောင်က အ ထစ် အ ထစ်နဲ့ပြောပြီး ရယ်နေတာဗျ။

"ဟာကွာ ဘချစ်ရာ၊ မင်းကလည်း သူငယ်ချင်းအရင်းခေါက်ခေါက်ကိုများ ဆရာစား ချန်နေရသေးသလားကွာ"

ဒီတော့မှ ဘချစ်က ရယ်ရင်းပြောသဗျ။

"ငါ နောက်တာပါ တာတေရာ၊ မင်းကို အခုမှ ကိုယ်ပွားစပြီးထုတ်တာလေကွာ၊ ငါက ဒါကိုလုပ်နေတာ ကြာပြီကွ။ စလုပ်ခါစမှာတော့ ကိုယ်ရည်စူးတဲ့နေရာကိုပဲ တန်းရောက်သွားပြီး လမ်းမှာ ဘာကိုမှ မတွေ့ရဘူးပေါ့။ နောက်တော့ ကျွမ်းကျင်လာတဲ့အခါ လူတွေကို လိုက်ကြည့်လို့ရတယ်ကွ၊ မင်းလည်း ကြာလာရင် အဲဒီလို ဖြစ်လာမှာပေါ့ကွ။ ငါ စိုးရိမ်တာက ငွေကြိုးလေးအတိုင်း ကိုယ်ထဲကို ပြန်ဝင်တဲ့အချိန်မှာ အချိန်နောက်ကျနေတာမျိုးဖြစ်မှာ စိုးရိမ်လို့ပါကွာ"

"အဲဒီလိုမျိုး ဖြစ်နိုင်လို့လားကွ ဘချစ်ရ၊ ကိုယ်ပြန်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com


အချိန်ကို ကိုယ်သိနေတာပဲကွာ"

"တစ်ခါတလေ သတိလက်လွတ်ဖြစ်သွားမှာကို စိုးရိမ်တယ်လို့ ပြောတာကွ"

"သြော်...အေးပါကွ၊ ငါ သတိထားပါ့မယ်၊ ခဏခဏလည်း ကိုယ်ပွားမထုတ်တော့ပါဘူး ဘချစ်ရာ"

ဒီတော့မှ ဘချစ်က ကျေနပ်သွားတာဗျို့။ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ မကျေနပ်တာတစ်ခုက ဖြစ်ကျန်ခဲ့ရောဗျ။ ဘာလဲဆိုတော့ ဘချစ်ရဲ့ကိုယ်ပွားက ကျုပ်ကို မြင်ရပြီးတော့ ကျုပ်ကိုယ်ပွားက ဘယ်သူ့ကိုမှ မမြင်ရတာ ဘာသဘောတုံး။ ကျုပ်က ဒီလိုမျိုးတွေးစရာတစ်ခုရလာရင် အဖြေမရောက်မချင်း တွေးချင်တဲ့ကောင်ဗျ။

အခုလည်း ဒီကိစ္စကို ကျုပ်တွေးတယ်။ တွေးတယ်။ ဒါပေမဲ့ အဖြေက မရဘူးဗျ။ နောက်တော့ ကျုပ် တစ်ခုတွေးမိတယ်ဗျို့။ ကိုယ်ပွားထုတ်တယ်ဆိုတာ ဘယ်ကိုသွားမယ်ဆိုတဲ့ ဦးတည်ချက်တော့ ရှိရမယ်ဗျ။ အဲဒါမရှိဘဲနဲ့တော့ မရဘူး။ ဒီတော့ ကျုပ်က ဦးတည်ချက်ပြောင်းပြီး ကိုယ်ပွားထုတ်တယ်။

ဒီလိုဗျာ။ ဒီတစ်ခါ ကျုပ် ခါတိုင်းလို ဟိုသွား ဒီသွား မသွားတော့ဘဲ ဘချစ်ဆီကို သွားမယ်လို့ ဆုံးဖြတ်တယ်။ အဲဒီညက ကျုပ် ဘချစ်နေတဲ့ သုသာန်ကျောင်းကို ကိုယ်ပွားနဲ့ ရောက်


www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တယ်။

ကျုပ်က သုသာန်ကျောင်းရှေ့တည့်တည့်က ရေတမာပင်ကြီးနောက်မှာ ကပ်ပြီးစောင့်ကြည့်နေတယ်။ ကျုပ်ရောက်ပြီး ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်ကြာတဲ့အထိ ဘချစ်ရဲ့ ကိုယ်ပွား ထွက်မလာဘူးဗျ။

ကျုပ်မရောက်ခင်များ ဒီကောင် ထွက်သွားပြီလားလို့ တွေးလိုက်မိတယ်ဗျ။ ဒါတော့ မဖြစ်နိုင်ဘူး။ နောက်တော့ ကျုပ် သုသာန်ကျောင်းထဲကို ဝင်လာတယ်။ ဘချစ်တို့ကျောင်းထဲမှာ ခြင်ထောင်သုံးလုံး ထောင်ထားတာ တွေ့တယ်ဗျ။ ဒီကောင်က ဘယ်ခြင်ထောင်မှာ အိပ်မှန်းမသိဘူး။ ဒါနဲ့ပဲ ကျုပ်က လှေကား ပေါက်ဝနားက စောင့်ကြည့်နေလိုက်တယ်။

ဟော ထွက်လာပြီဗျို့။ ဘချစ် ခြင်ထောင်ကိုဖြတ်ပြီး ထွက်လာပြီ။ ကိုယ်ပွားက ခြင်ထောင်ကို မ,ဖွင့်ပြီး ထွက်စရာ မလိုဘူးလေဗျာ။

ဟာ ဒီကောင် ဘချစ် ကိုယ်တုံးလုံးကြီးဗျ။ ဒီတော့မှ ကျုပ်က သိသွားတာဗျ။ ကိုယ်ပွားဆိုတာ ကိုယ်ထဲက ထွက်လာ လာချင်းမှာ ကိုယ်လုံးတီးနဲ့ပဲဗျ။ ဟော ဘချစ်ကိုယ်ပေါ်မှာ အဝတ် ဝတ်ပြီးသား ဖြစ်သွားပြီ၊ အင်္ကျီနဲ့ ပုဆိုးနဲ့ဗျ။ ဒီတော့မှ ကျုပ် တွေးလိုက်မိတာဗျ။ ကျုပ်လည်း ကိုယ်ပွားထွက်လာကတည်းမှ



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်လုံးတီးပဲနေမှာလို့။

ဟော သွားပြီ၊ သွားပြီ။ ဒီကောင် ဘယ်သွားမှာတုံးဆိုတာ သိချင်တာနဲ့ သူ့နောက်က ကျုပ်လိုက်ခဲ့တာဗျ။ လေထဲမှာ ပေါလောမျောပြီး ရွေ့သွားတာဗျို့။ အောင်မာ၊ ဒီကောင် အရှိန် တော်တော့်ရလာပြီဗျို့။ တော်တော်ကို မြန်မြန်ရွေ့နေတာ။ ကျုပ် လည်း သူ့လို မြန်မြန်လိုက်ရတာပေါ့ဗျာ။

ဟာ ဒီကောင် ဘချစ်၊ တောင်တွေရှိတဲ့နေရာကို သွား တာဗျ။ တောင်တွေကိုကျော်ပြီး သွားနေတာဗျ။ ကျုပ်လည်း သူ့နောက် ခပ်လှမ်းလှမ်းက လိုက်ချလာရတာပေါ့ဗျာ။ ကျုပ် နောက်က ပါလာတာကို ဒီကောင် သိပုံမရဘူးဗျ။ ဒီတော့မှ ကျုပ်တွေ့ရတာဗျို့။ လေထဲမှာ ကိုယ်ပွားဝိညာဉ်တွေ သွားလာနေ တာပဲကိုဗျ။ တချို့ကိုယ်ပွားတွေက ဘယ်လိုသွားရမှန်း မသိဘူး ဖြစ်နေတာ။ ဒါဟာ လူ့သေပြီး ထွက်လာတဲ့ ဝိညာဉ်ကိုယ်ပွား တွေ ထင်တယ်ဗျ။

ဟော အရောင်ဖြူဖြူနဲ့ ဝိညာဉ်ကြီးတွေက အဲဒီဝိညာဉ် ကိုယ်ပွားတွေကို သွားရမယ့်နေရာကို ပြနေကြတာဗျို့။ ဒီတော့မှ ကျုပ် သဘောပေါက်သွားတာဗျ။ ခါတိုင်း ကျုပ်က တစ်နေရာကို ဦးတည်ပြီး ထုတ်လိုက်တော့ ကျုပ်ရဲ့ကိုယ်ပွားက ကျုပ်ဦးတည်တဲ့ နေရာကို တန်းပြီးရောက်သွားတာကိုး။ ဒီတော့ ကျုပ်က အခုလို


www.burmeseclassic.com

www.burmeseclassic.com



တခြားကိုယ်ပွားတွေကို တစ်ခါမှ မတွေ့ဖူးခဲ့ဘူးပေါ့ဗျ။ အခုလို တစ်နေရာကို ဦးတည်ချက်မထားဘဲ ဘချစ်နောက်က လိုက်လာတော့မှ တခြားကိုယ်ပွားတွေကို တွေ့ရတာဗျ။

ဒီတော့မှ ကိုယ်ပွားထုတ်တဲ့ ပညာဟာ တော်တော်ကို စိတ်ဝင်စားစရာကောင်းမှန်း သိသွားတာဗျ။ ဟာ ဒီတစ်ခါတော့ ကျုပ် ရှုံးသွားမတတ်ကို အံ့ဩမိတာဗျို့။ ကျုပ်ရှေ့ကသွားနေတဲ့ ဘချစ်၊ ဒီကောင် ပျောက်သွားတယ်ဗျ။ ဘချစ်နေရာမှာ ငှက်တစ်ကောင်ကို တွေ့ရတယ်။ ငှက်က ခပ်မှန်မှန်ပဲ ရှေ့ကို ပျံနေတာဗျ။ ကျုပ် သေသေချာချာ ကြည့်လိုက်တော့ ဗီးကွက်ဗျ။ ဒါကြောင့် ညဘက် ပျံနိုင်တာကိုး။ ဘချစ်က ဘယ်ရောက်သွားတုံး။ ကျုပ်တွေးရင်းနဲ့ ငှက်နောက်ကို လိုက်လာမိခဲ့ရောဗျ။ ဒီတုန်းမှာပဲ ကျုပ်စိတ်ထဲမှာ အတွေးတစ်ခု ဝင်သွားတယ်။ ဒီငှက်ဟာ ဘချစ် ပုံပြောင်းလိုက်တာများလား။ ကိုယ်ပွားက ပုံပြောင်းလို့ ရလို့လား။ နဂိုပုံ ပြန်ပြောင်းလို့ မရတော့ရင် ဒုက္ခပဲလို့ ကျုပ် တွေးလိုက်မိတယ်။

တာတေ့စိတ်လည်း ခင်ဗျား သိပါတယ်။ လွတ်စပ်စုတဲ့ ကောင်ပါဆိုမှဗျာ။ ကျုပ်စိတ်ထဲမှာ ကျုပ်ကိုယ်ကျုပ် ငှက်တစ်ကောင်ပုံစံ တွေးလိုက်တယ်။ ဟာ အံ့ဩလိုက်တာဗျာ။ ကျုပ်ပုံစံက ငှက်တစ်ကောင် ဖြစ်သွားပြီဗျို့။ သေချာတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရှေ့က ပျံနေတဲ့ ဇီးကွက်ဟာ ဘချစ်ပဲပေါ့။ ကျုပ်ကလည်း သူ့လိုငှက်မျိုး လိုက်ပြောင်းတာဆိုတော့ ကျုပ်ပုံစံကလည်း ဇီးကွက်ပေါ့ဗျာ။ ဘချစ်ဇီးကွက်က ရှေ့က ပျံပြီး တာတေဇီးကွက်က ခပ်လှမ်းလှမ်းက လိုက်ပျံတာပေါ့ဗျာ။

ဟာ အောက်မှာ လင်းနေတဲ့ ဂူပေါက်တစ်ခုဗျ။ အထဲက အလင်းရောင်တွေ အပြင်ကို ဖြာထွက်နေတာ။ ဟော ဟော ဘချစ်ဇီးကွက်က အောက်ကို နိမ့်ဆင်းသွားပြီ။ ကျုပ်လည်း သူ့လိုပဲ အောက်ကို နိမ့်ပြီး ပျံလိုက်တယ်။ ဟာ ဒီကောင် လင်းနေတဲ့ ဂူပေါက်ထဲကို ဝင်သွားပြီဗျို့။ ကျုပ်ကတော့ လိုက်ပြီးမဝင်တော့ဘူး။ ဂူပေါက်ဝမှာပဲ ရပ်နေလိုက်တယ်။ အဲ နားနေလိုက်တာပေါ့ဗျာ။ ဒီတော့မှ ကျုပ် သဘောပေါက်တယ်ဗျ။ ဂူပေါက်က ကျဉ်းကျဉ်းလေးကိုဗျ။ ငှက်တစ်ကောင်ပဲ ဝင်လို့ရတာ။ လူတစ်ယောက် ဝင်လို့မရဘူး။ ဒီထဲက လင်းနေတာ ဘာလဲဆိုတာ သိချင်တာနဲ့ ကျုပ် ဂူထဲကို ချောင်းကြည့်လိုက်တယ်။

ဟာ နတ်မိမယ်လေးတွေဗျ။ ဂူကြီးက အထဲမှာ အကျယ်ကြီးပဲဗျာ။ ဒါတောင် အခန်းကြီးတစ်ခုပဲ ရှိသေးတာ။ နတ်မိမယ်လေးတွေ ကစားနေကြတာဗျ။ ကြည့်စမ်း ကြည့်စမ်း၊ ဘချစ်ဇီးကွက်ရဲ့ ကိုယ်ကလည်း ဖျိုးဖျိုးပြက်ပြက် အရောင်တွေ ထွက်လာနေတယ်ဗျို့။ ဟော ဟော နတ်မိမယ်လေးတစ်ပါးက ဘချစ်



www.burmeseclassic.com

www.burmeseclassic.com



ကို သူ့နားလာဖို့ လက်ယပ်ခေါ်လိုက်တယ်။ ဒီကောင်က အဲဒီ နတ်မိမယ်လေးရဲ့ဘေးက ကျောက်တုံးကြီးပေါ်မှာ သွားပြီးနား လိုက်တယ်။ နတ်မိမယ်လေးက ဒီကောင်ရဲ့ ကျောကုန်းကို လက်နဲ့ ဖွဖွလေး သပ်ပေးလိုက်တယ်။ အောင်မာ ဒီကောင်က ငြိမ်ငြိမ်လေး နားနေတာဗျို့။ မျောက်မူးလဲအောင် ကမြင်းကြောထတဲ့ အ ထစ် အ ထစ်နဲ့ကောင်က နတ်မိမယ်လေးတွေ ချစ်အောင် ငြိမ်ငြိမ်လေး လုပ်နေတာဗျ။ သူ့ကိုယ်သူ မခုတ်တတ်တဲ့ကြောင် လိုလိုပေါ့ဗျာ။

ကျုပ်သာ ဒီကောင့်အနားမှာရှိရင် ကျောက်တုံးပေါ်ကနေ ဆောင့်ကန်ချပစ်လိုက်ပါတယ်။ နတ်မိမယ်လေးတွေရဲ့ ကစားနည်းက ဘယ်လိုတုံးတော့ မသိဘူးဗျ။ ဂူကြီးထဲမှာ ဟိုပြေး ဒီပြေး လုပ်ကြတယ်။ အောင်မာ၊ ကြည့်စမ်းဗျာ၊ ကြည့်စမ်း။ ဘချစ်ဖီးကွက်ကပါ နတ်မိမယ်လေးတွေနဲ့ရောပြီး ဟိုပျံ ဒီပျံ လုပ်နေတာဗျ။ ဒီကောင်ပါ ရောပြီးကစားနေတဲ့ပုံပဲ။ နတ်မိမယ်တွေကလည်း ဒီကောင့်ကို ခင်မင်တဲ့ပုံပဲဗျ။

ဘချစ်ရာ၊ ဒင်းတော့ နေနှင့်ဦးပေါ့လို့ ကျုပ်က စိတ်ထဲကနေ ကြိမ်းလိုက်တယ်။ ဘာပဲလုပ်လုပ် နှစ်ယောက်အတူတူ တွဲပြီးလုပ်နေတဲ့အကောင်က ဒီကိစ္စမျိုးကျတော့ ကျုပ်ကို နည်းနည်းမှ မဟာဘူးဗျ။ ပြီးတော့ ကိုယ်ပွားထုတ်တဲ့ပညာမှာ အခုလို



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တဲ့အသွင်ကို ပြောင်းလို့ရတယ်ဆိုတာ ဒီကောင် လျှို့ထား တာဗျ။ ဒီပညာမှာ နောက်ထပ် ဘာတွေလုပ်လို့ရသေးသလဲ မသိဘူးဗျို့။

ဒီလောက်ဆိုရင်တော့ ဒီကောင် ဘယ်သွားတယ်ဆိုတာ ကျုပ် သိပြီပေါ့ဗျာ။ ဒါပေမဲ့ ဒီနေရာက ဘယ်နေရာဆိုတာ ကျုပ် မသိဘူးဗျ။ ကျုပ် ဆက်ပြီးစမ်းသပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ကျုပ် တောင်ခြေကို ပျံပြီးဆင်းလာတယ်။ တောင်ခြေက တောထဲကိုရောက်တော့ ကျုပ်ကိုယ်ကျုပ် ကိုးတောင်ကျားကြီး တစ်ကောင်အဖြစ် ပြောင်းကြည့်လိုက်တယ်။ ဟာ ကျုပ် ကျားကြီး ဖြစ်သွားပြီဗျို့။ ကျုပ်က ခါးကြီး နွဲ့နွဲ့ နွဲ့နွဲ့နဲ့ တောထဲကို လျှောက် သွားကြည့်တယ်။

"တစ်၊ တစ်၊ တစ်၊ တစ်"

ဟော ကျုပ်ကို မြင်သွားတဲ့ ဂျီလေးတွေက တတစ်တစ်နဲ့ အော်ကြပြီဗျ။ ကျုပ်လည်း တောထဲမှာ ဟိုသွား ဒီသွား လုပ်ပြီး တော့ စီးကွက်တစ်ကောင်လို ပြန်ပြောင်းလိုက်တယ်။ ပြီးတော့မှ အပေါ်ကို ပျံတက်ပြီး နတ်သမီးတွေရှိတဲ့ ဂူပေါက်ကို တစ်ခါ သွားချောင်းကြည့်လိုက်တယ်။ နတ်သမီးရဲ့ ဂူထဲမှာက ပန်းပင် တွေ၊ စမ်းရေအိုင်လေးတွေနဲ့ တော်တော်လေး သာယာတာဗျ။ နတ်သမီးတွေရဲ့ကိုယ်ကထွက်တဲ့ အလင်းရောင်က ဂူကြီးတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြာထွက်နေတာဗျို့။

ဟော ဘချစ် ပျံတက်လာပြီဗျို့။ ဂူပေါက်ဝကနေ ဒီကောင် ပျံထွက်သွားတယ်။ ကျုပ်လည်း ဒီကောင့်နောက်က ပျံပြီးလိုက်ရတာပေါ့ဗျာ။

ဟာ အောက်မှာ မြို့ကြီးတစ်မြို့ဗျ။ ဘာမြို့တုံးတော့ ကျုပ် မသိဘူး။ မီးရောင်တွေ ထိန်ထိန်လင်းနေတာဗျ။ အောင်မာ ကြည့်စမ်း၊ ဘချစ်က ဇီးကွက်တစ်ကောင်ပုံစံကနေ လူပုံစံ ပြန် ပြောင်းလိုက်ပြီဗျို့။

ဆင်းသွားပြီ၊ ဆင်းသွားပြီ။ ဒီကောင် တရုတ်ကြီး တစ်ယောက်ပုံစံ ယူလိုက်ပြီး အောက်ကို ဆင်းလိုက်တယ်။ ဟာ ဒီကောင် တရုတ်ကြီးဘချစ် မြို့ထဲက လမ်းတွေပေါ်မှာ လျှောက် သွားနေတာဗျ။

ကျုပ်ကလည်း သူ့နောက်က မလှမ်းမကမ်းလေးက လိုက်လာတာပေါ့ဗျာ။ တစ်နေရာရောက်တော့ လမ်းဘေးက ပေါက်စီဆိုင်မှာ ရပ်ပြီး ဒီကောင် ပေါက်စီ ဝယ်စားတယ်ဗျ။ ပေါက်စီရောင်းတဲ့ တရုတ်မလေးက ချောသားဗျ။ ဒီကောင်ဘချစ် က အဲဒီတရုတ်မလေးနဲ့ ဘာတွေပြောနေမှန်းတော့ ကျုပ် မကြားရ ဘူးဗျ။

အငွေ့တထောင်းထောင်း ထနေတဲ့ ပေါက်စီကို ...းလိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို စကားပြောလိုက်၊ ကောင်မလေးကလည်း သူ ပြောတာတွေကို သဘောကျပြီး ရယ်လိုက်နဲ့ ဘချစ်က တော်တော် ကို ဟုတ်နေတာဗျ။

နောက် ဒီကောင် ပေါက်စီဆိုင်ကနေ ထွက်သွားပြန်ရော ဗျ။ ကျုပ်လည်း ဒီကောင့်နောက်က လိုက်ရပြန်တာပေါ့ဗျာ။ ပေါက်စီရောင်းတဲ့ တရုတ်မကလည်း သူ့ဆိုင်ရှေ့က ကျုပ်ဖြတ် သွားတော့လည်း ကျုပ်ကို တရုတ်လိုပြောပြီး ပေါက်စီကောင်း ကြောင်း ညွှန်းရောင်းနေရောဗျ။ ကျုပ်မှာ ဘချစ်ကို မျက်ခြေ မပြတ်ကြည့်နေရတာဗျ။ လမ်းပေါ်မှာက တခြားလူတွေကလည်း သွားလာနေကြတာ တော်တော်များတယ်ဗျ။

ဟော တရုတ်ကြီးဘချစ်က တစ်နေရာကိုရောက်တော့ လမ်းကျဉ်းလေးထဲကို ချိုးဝင်လိုက်တယ်ဗျ။ အဲဒီလမ်းလေးက မီးရောင်သိပ်မလင်းဘူးဗျ။ မီးရောင်မှိန်လေးပဲ လင်းနေတာ။

ဒီကောင် မှောင်ထဲကို ဘာလာလုပ်တာတုံးဆိုတာ သိချင် တာနဲ့ ကျုပ် လိုက်ကြည့်တာဗျ။ ရှေ့က မှောင်ရိပ်မှာ လူလေးငါး ယောက် ဝိုင်းထိုင်နေကြတယ်။ ဒီကောင် ဘချစ်က အဲဒီလူတွေဆီ ကို သွားနေတာ။ ဟိုလူတွေဆီကိုရောက်တော့ ဒီကောင်က အိတ် ထဲက ဖိုက်ခံ ထုတ်ပေးတယ်။ ပြီးတော့ ဝိုင်းထိုင်နေတဲ့လူစုထဲကို ဘချစ်တရုတ်ကြီးကပါ ဝင်ထိုင်ရောဗျာ။ ကျုပ်ကလည်း သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ပင်နောက်မှာ ကွယ်ပြီးကြည့်နေတာဗျ။

လား လား၊ လက်စသတ်တော့ ငနဲက ဝင်ပြီးဘိန်းရှူတာကိုးဗျ။ ပိုလူတွေက သူတို့ ရှူနေတဲ့ ဘိန်းပြောင်းကို ဒီကောင့်ဘက် ထိုးပေးတယ်။ ပြီးတော့ မီးခဲလေးကို ယပ်ခတ်ပေးတယ်။ ဒီကောင်က ဘိန်းပြောင်းကို ရှိုက်ရှိုက်ပြီး ရှူလို့ဗျ။

ခဏနေတော့မှ တရုတ်ဘချစ်က လူစုထဲက ထွက်လာပြီး ဆက်လျှောက်သွားတယ်။ ဟော ဒီကောင် ပြန်တော့မယ် ထင်တယ်ဗျ။ အပေါ်ကို ရိပ်ခနဲ မြင့်တက်သွားပြီး ဘချစ်ရဲ့ နဂိုရုပ် ပြန်ပေါ်လာတယ်။ ဟော ရိပ်ခနဲပဲဗျို့။ သုသာန်ကျောင်းကို ပြန်ရောက်လာတယ်။ ပြီးတော့ ကျောင်းထဲကို ဝင်သွားတယ်။ ကျုပ်လည်း ကျုပ်ရဲ့ နဂိုပုံစံအတိုင်း ကျုပ်ရဲ့ ကျန်ရစ်ခဲ့တဲ့ ခန္ဓာကိုယ်ကို စိတ်ညွှတ်လိုက်တယ်။ ရောက်ပြီ။ ရောက်ပြီ။ ကျုပ်ကိုယ်ထဲကို ကျုပ် ပြန်ရောက်ပြီ။

နောက်နေ့ ကျောင်းမှာ ဘချစ်နဲ့တွေ့တော့ ကျုပ်က မသိချင်ယောင်ဆောင်ပြီး ဒီကောင့်ကို ပြောတယ်။

"ငါ ညက ကိုယ်ပွားထုတ်သေးတယ်ကွ ဘချစ်ရ"

"မင်းကို ခဏခဏ မလုပ်ဖို့ ငါပြောထားရက်နဲ့"

"အေးပါကွာ၊ ငါ ခဏခဏ မလုပ်ပါဘူးကွာ၊ နေဦးကွ၊ မင်းကို ငါရောက်ခဲ့တဲ့နေရာတွေ ပြောချင်လို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ပြောစမ်းပါဦး၊ မင်းက ဘယ်တွေရောက်ခဲ့လို့တုံး"

"ငါ ပထမဆုံး ရောက်သွားတာက ဂူကြီးတစ်ခုထဲက နတ်သမီးလေးတွေဆီကိုကွ"

"ဘာကွ"

"အေး ဟုတ်တယ် ဘချစ်ရ၊ ငါ အထဲတော့ မဝင်ပါဘူးကွာ၊ ဂူပေါက်ဝကပဲ ကြည့်တာပါ၊ နတ်သမီးလေးတွေနဲ့ ပုံဆိုးဆိုး ဖီးကွက်ကြီးတစ်ကောင်ကို တွေ့တယ်ကွ"

"ဘာကွဲ၊ ပုံဆိုးဆိုးဖီးကွက် ဟုတ်လား"

"အေးကွ၊ နတ်သမီးလေးတွေက လှသလောက် ဖီးကွက်ကြီးက ကျက်သရေမရှိလိုက်တာကွာ"

ဘချစ်က ကျုပ်ကို တစ်ချက်စိုက်ကြည့်တယ်ဗျ။ ကျုပ်က မသိချင်ယောင်ဆောင်ပြီးတော့ ဆက်ပြောတယ်။

"နောက်တော့ ငါ တရုတ်မြို့တစ်မြို့ကို ရောက်သွားသေးတယ်ကွ။ အဲဒီမှာ တရုတ်ကြီးတစ်ယောက် တွေ့ခဲ့တယ်။ လူပုံက ခပ်ဆိုးဆိုးကြီးပါကွာ၊ ဒီတရုတ်က ပေါက်စီသည်မချောချောလေးဆီမှာ ပေါက်စီတစ်လုံး ဝယ်စားပြီးတော့ မှောင်ရိပ်ထဲ ဝင်သွားတာကွ၊ ဒီတရုတ် ဘာလုပ်မလို့တုံးဆိုတာ သိချင်တာနဲ့ ငါလိုက်ကြည့်တော့မှ သဘောပေါက်သွားတာပေါ့။ အဲဒီရုပ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကြီးက ဘိန်းသွားရှူတာကိုးကွ။ ဟား၊ ဟား၊ ဟား"

"ဟော့ကောင် တာတေ"

"နေပါဦး ဘချစ်ရ၊ ငါပြောပါဦးမယ်"

"တော်တော့ တာတေ၊ မင်း ညက ငါ့နောက်က လျှောက်လိုက်ကြည့်နေတယ်မို့လား"

"အေးပေါ့ ဘချစ်ရ၊ ကြည့်ရတာပေါ့၊ မင်းကမှ ငါ့ကို ကိုယ်ပွားပညာကို အကုန်သင်ပေးတာမှ မဟုတ်တာ၊ မင်းကို ကြည့်ပြီး ငါ့ဟာငါ လေ့ကျင့်ယူရတာပေါ့"

ဒီတော့မှ ကျုပ် သူ့ကို မကျေနပ်နေတဲ့အကြောင်းကို ဒီကောင် သဘောပေါက်သွားရောဗျို့။

"ဟာ တာတေရာ၊ ငါက မင်းကို အကုန်သင်မပေးတာ မဟုတ်ပါဘူးကွ၊ ဒါတွေက မင်း ကျွမ်းကျင်လာရင် အလိုလိုသိမယ့်ကိစ္စတွေမို့လို့ပါကွာ"

"ဒီလိုတော့ ဘယ်ဟုတ်မလဲကွ ဘချစ်ရ၊ မင်းကလည်း ပြောပြဆိုပြမှ ငါက သိမှာပေါ့"

"ပြောစရာ မလိုတော့ပါဘူးကွာ၊ မင်းက အခု ပညာ ကုန် တတ်သွားပြီပဲ တာတေရာ"

ဘချစ်ပြောလိုက်တော့ ကျုပ်စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသလို ဘာလို ဖြစ်မိသားဗျ။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ဘချစ်ရ၊ မင်းသွားတဲ့နေရာတွေကို မင်း ဘယ်လိုသိတာတုံးကွ၊ အရင်က ရောက်ဖူးလို့လား"

"ငါ လျှောက်သွားရင်းနဲ့ တွေ့တာကွ၊ ငါနေရာ တော်တော်များများကို ရောက်ဖူးတယ်။ မင်းလည်း နောက်တော့ ငါ့လိုပဲ အနှံ့ရောက်ဖူးမှာပါ။ အေး မင်း သတိထားရမှာ တစ်ခုပဲရှိတယ်၊ ရောက်တဲ့နေရာမှာ မင်းစိတ်ကို မျောပါမနေဖို့ပဲကွ၊ သတိအမြဲ ရှိရမယ်၊ မင်းကိုယ်ပွားနဲ့ လာတာကို မမေ့မသွားစေနဲ့"

"မေ့သွားရင် ဘာဖြစ်မှာတုံးကွ"

"ဟာ မင်း ပြန်ရောက်မလာရင် မင်းရဲ့ကိုယ်ကြီးက တောင့်တောင့်ကြီးဖြစ်ပြီး လူတွေ သိသွားမှာပေါ့ကွ"

"ဪ...အေး ဟုတ်သားပဲ"

အဲဒီနောက် စာမေးပွဲတွေ နီးလာတော့ ကျုပ်လည်း ကိုယ်ပွားတွေဘာတွေ မထုတ်ဖြစ်တော့ပါဘူးဗျာ။ ဒီလိုနဲ့ စာမေးပွဲပြီးလို့ နွေရာသီကျောင်းရက်ရှည်ပိတ်တော့ ကျုပ် အိမ်ပြန်ခဲ့တယ်။ ဘချစ် လည်း သူ့ကို မွေးစားတဲ့ သုသာန်ကျောင်းဆရာတော်နဲ့ လိုက်သွား မယ်လို့ ပြောတယ်ဗျ။ ဘယ်ကိုသွားကြမှာတုံးတော့ ကျုပ်လည်း မသိဘူးဗျ။

ကျောင်းနေတဲ့အရွယ်ဆိုတော့ အဘကိုလည်း ဘာမှကူညီ ပြီး မလုပ်တတ်သေးဘူးလေဗျာ။ ရွာထဲ ဟိုသွား ဒီသွား လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ဆော့၊ မောရင် အိမ်ပြန်ပြီး ထမင်းစား၊ မျက်စိသျောင်းရင် ခဏ အိပ်ပေါ့။

ဒါပေမဲ့ ကျုပ်က နေ့ခင်းဘက် သိပ်မအိပ်ဘူးဗျ။ ဘာဖြစ် လို့တုံးဆိုတော့ ညဘက် အိပ်မပျော်မှာစိုးလို့ဗျ။ ညဘက်ဆိုရင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မှ ကျုပ်ကိုယ်ပွားကို ထုတ်လို့ကောင်း တာဗျ။

ကိုယ်ပွား စထုတ်ခါစကတော့ တစ်နေရာကို ဦးတည်ပြီး ထုတ်ရတာဗျ။ အခုလို ကျွမ်းကျင်လာပြီဆိုတော့ ဦးတည်ချက် မထားတော့ဘဲ ကိုယ်ပွားကို ဒီအတိုင်းထုတ်ယူလို့ ရနေပြီဗျ။ ပြီးတော့မှ ကိုယ်သွားချင်တဲ့နေရာကို အာရုံစိုက်လိုက်ရင် ချက်ချင်း ရောက်နေတော့တာပေါ့ဗျာ။

ဒါပေမဲ့ အမှန်အတိုင်း ပြောရရင် ကျုပ်က ကျုပ်ဆရာ မျောက်မူးလဲ၊ မျောက်ရှုံး၊ မျောက်အော့ကြော်လန် ဘချစ်လောက် တော့ မမီသေးဘူးဗျ။ ဘချစ်က နတ်သမီးတွေနဲ့တောင် သွားဆော့ တဲ့အကောင်ဗျ။ တရုတ်ပြည်သွားပြီး ဘိန်းတွေ ဘာတွေတောင် ရှုတဲ့ကောင်လေဗျာ။ ကျုပ်ကတော့ အဲဒီလောက်လည်း မသွား တတ်ဘူးဗျ။ ပြီးတော့ အဲဒီလောက်လည်း မသွားရဲပါဘူးဗျ။ ကျုပ်တို့ရွာနဲ့ အနီးအနားလောက်ပဲ ကျုပ်သွားတာပါ။

ဒါပေမဲ့ အခုတလော ကျုပ် သွားသွားဆော့တဲ့ ရွာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာ ရှိတယ်ဗျ။ ရွာနာမည်က တောင်ပလဲကုန်းတဲ့ဗျ။ ကျုပ်တို့ အညာရွာတွေဆိုတာက ကုန်းမြင့်နေရာလေးမှာ ရွာတည်ထားရင် ဘာကုန်း ညာကုန်းနဲ့ ခေါ်ကြတာလေဗျာ။ ကျုပ်တို့ရွာဆိုရင် ထနောင်းကုန်းလေ။ ကျုပ်တို့နားမှာက ဘန့်သွေးကုန်းတို့၊ ထိန်ကုန်းတို့၊ မီးလောင်ကုန်းတို့၊ ငွေတွင်းကုန်းတို့ ခေါ်ကြတာဗျ။

အခု ကျုပ်ပြောမယ့်တောင် ပလဲကုန်းဆိုတာက ကျုပ်တို့ ရွာရဲ့ တောင်ဘက်ကျတယ်ဗျ။ နည်းနည်းတော့ လှမ်းသား။ အဲဒီမှာ တောင်ပုပုကြီးတစ်လုံး တုံးလုံးလဲနေသလိုပုံစံ တောင် တစ်တောင်ရှိတယ်။ အဲဒီတောင်ကြီးကို အဲဒီဒေသက လူတွေက တောင်ပုလဲတောင်လို့ ခေါ်ကြတယ်ဗျ။ အဲဒီနားက ရွာကြီးကို လည်း တောင်ပုလဲကုန်းရွာလို့ ခေါ်တယ်။ ဒါပေမဲ့ ဘယ်သူကမှ တောင်ပုလဲကုန်းလို့ မခေါ်ပါဘူးဗျာ။ တောင်ပလဲကုန်းပဲ ခေါ်ကြ တာပါ။ မသိရင်တော့ မိန်းမတွေ ပုတီးလုပ်ပြီးဆွဲတဲ့ ပုလဲလုံးနဲ့ မှားနိုင်တာပေါ့ဗျာ။

ကျုပ်ကိုယ်ပွားနဲ့သွားရင်း ဒီရွာကို ရောက်တာဗျ။ အဲဒီရွာ ထဲမှာ လသာသာနဲ့ ကလေးတွေ ဆော့ကစားနေတဲ့အသံ ကြားတာ နဲ့ ကျုပ်က ရွာထဲကို ဝင်ကြည့်တာဗျို့။ ဒီမှာတင်-

"ဟဲ့ နင်ရော ပါမလား လာလေ"

လို့ ခပ်ကြီးကောင်မလေးတစ်ယောက်က ခေါ်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သိတာက ဒီကောင်မလေးရဲ့ နာမည်က 'ရွှေရွှေ'တဲ့။ သူနဲ့ ရုပ်ချင်းချွတ်စွပ်တူတဲ့ သူ့ညီမက 'ငွေငွေ'တဲ့ဗျ။ သူတို့ ညီမနှစ်ယောက်စလုံး ကျုပ်ကို လွှတ်ခင်တာဗျ။ အကြီးမ ရွှေရွှေက ပိုသွက်တယ်။ အငယ်မ ငွေငွေက ရွှေရွှေလောက် မသွက်ဘူး အေးတယ်။

သူတို့ ငှားတဲ့နေရာက ရွာလယ်ပိုင်းမှာဗျ။ ကလေးတွေ ဆော့ဖို့ ကွင်းကြီးကို လုပ်ထားတာဗျ။ အတော်ကို ကျယ်တာ။ အဲဒီထဲမှာ လသာတဲ့ညဆိုရင် ထုပ်ဆီးတိုးကြ၊ ထွေ ခင်းကြ၊ ကုလား မစည်းနင်း ဆော့ကြ၊ ဘောလုံးကန်ကြ၊ ဖန်ခုန်ကြ၊ ခြင်းလုံးခတ်ကြနဲ့ တကယ့်ကို ပျော်စရာပါဗျာ။

ပထမတော့ ကျုပ်က ရွှေရွှေတို့ညီအစ်မနဲ့ ခင်သွားတာ။ နောက်တော့ ကျုပ်နဲ့ ရွယ်တူကောင်လေးတွေနဲ့ ခင်တော့တာပေါ့ ဗျာ။

အဲဒီထဲမှာ ကျုပ်နဲ့ အခင်ဆုံး လေးယောက်ရှိတယ်။ နှစ်ယောက်က တောင်ပလဲကုန်းကဗျ။ မိုးဦးနဲ့ လေပွေတဲ့ဗျို့။ နောက်နှစ်ယောက်ကတော့ တောင်ပလဲက မဟုတ်ဘူးဗျ။ တခြား ကနေ ကျုပ်လိုပဲ လာဆော့တာ။ ပိန်ပိန်ရှည်ရှည်ကောင်က စောသိန်းတဲ့။ အသားဖြူဖြူ ချောချောကောင်လေးက အောင်ဗိုလ်။ စောသိန်းက သူ့ကိုယ်သူ တောစိမ်းက စောသိန်းလို့ ပြောသဗျ။



www.burmeseclassic.com

www.burmeseclassic.com



အောင်စိုက သူ့ကိုယ်သူ တောင်ညိုက အောင်စိုလို့ ပြောတယ်။

ဒီကောင်တွေ ကျုပ်ကို လွတ်ခင်တာဗျ။

တစ်ခါတော့ မိုးဦးက ပြောတယ်။

"ဟေ့ကောင် တာတေ၊ မင်း လေပွေတို့အိမ် ရောက်ဖူး လား"

"ဟေ့အေး၊ ငါ ဘယ်သူ့အိမ်ကိုမှ မရောက်ဖူးဘူးကွ"

"ဒါဆိုရင် မင်း အခုလိုက်မလား တာတေ"

လေပွေက ကျုပ်ကို အိမ်လယ်ဖိတ်နေတာဗျ။ ကျုပ်က လည်း ပြုံနှဲချိန်စောသေးတာနဲ့ လိုက်မယ်လို့ ပြောလိုက်တယ်။

"နို့ မင်းတို့အိမ်က ဘယ်မှာတုံး လေပွေရ"

"တောင်ပလဲမှာလေကွာ"

ဒီကောင် ကျုပ်ကို နောက်ပြောနေတယ်လို့ ကျုပ်က ထင်သွားတာဗျ။ ကျုပ်မေးတာက တောင်ပလဲတောင်ပိုင်းမှာလား၊ မြောက်ပိုင်းမှာလားလို့ မေးတာဗျ။

"လာ တာတေ၊ မင်း ငါ့အင်္ကျီကို ကိုင်ထား"

ဟင် ဘယ်လိုတုံးလို့ ကျုပ်တွေးလိုက်မိတာဗျ။ သူတို့ အိမ်သွားမှာကို ကျုပ်က သူ့အင်္ကျီကို ဘာအတွက် ကိုင်ရမှာတုံး။ ဒါပေမဲ့ ကျုပ်အတွေးကို ကျုပ်စိတ်ထဲမှာထားပြီး လေပွေအင်္ကျီကို ကျုပ် ကိုင်ထားလိုက်တယ်။ ကျုပ်အင်္ကျီကို အောင်စိုက



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တယ်။ အောင်စိုးအင်္ကျီကိုကျတော့ မိုးဦးက ကိုင်တယ်။ မိုးဦး အင်္ကျီကို စောသိန်းက ကိုင်တယ်။ ငါးယောက်တန်းကြီးပေါ့ဗျာ။ ဒီကောင်တွေ ဘယ်လိုလုပ်မှာတုံးဆိုတာ ကျုပ်က ကြည့်နေတာဗျ။

"ကဲ အားလုံး မျက်စိမှိတ်ထားကြ"

လို့ လေပွေက ပြောတော့ ကျုပ် မျက်စိမှိတ်လိုက်တယ်။ ကျုပ်နဲ့တွဲကောင်တွေတော့ မှိတ်လားမသိဘူးဗျ။ ဒါပေမဲ့ ဒီကောင်တွေလည်း မှိတ်မှာပါ။

"ကဲ ရောက်ပြီဟေ့"

မြန်လိုက်တာဗျ။ မျက်စိမှိတ်လိုက်တယ်ဆို ချက်ချင်း ရောက်တာဗျ။ ဖယောင်းတိုင်မီးတွေအောက်မှာ လင်းနေတာပဲဗျာ။ ဒါ ဘယ်လိုအိမ်တုံးဗျ။ ရှေးဟောင်းတိုက်ကြီးတစ်လုံးလား၊ ဘုန်းကြီးကျောင်းကြီးလား။ ကျုပ်က တွေးရင်းနဲ့ အိမ်အတွင်းပိုင်းတွေ လိုက်ကြည့်တယ်။ လက်ရာတော်တော်ကောင်းတဲ့ အိမ်ကြီးဗျ။ တစ်အိမ်လုံး ကျောက်ဖြူသားနံရံနဲ့ ဆောက်ထားတာ ထင်တယ်။

ကျုပ် ငေးနေတုန်းမှာပဲ...

"တာတေ လာ၊ ထိုင်လေကွာ"

ဧည့်ခန်းဆောင်ကြီးထဲကို လေပွေက ခေါ်လာတာဗျ။ ဟာ ကြက်သွေးရောင်ခန်းဆီးတွေ ကာထားတာဗျ။ ကျောက်ဖြူ သားနံရံမှာ ပန်းချီကားကြီးနှစ်ချပ် ချိတ်ထားတယ်။ တစ်ချပ်က



www.burmeseclassic.com

www.burmeseclassic.com


ဘုရင်တစ်ပါး မြို့ထဲကို တိုင်းခန်းလှည့်တဲ့ပုံဗျ။ နောက်ပန်းချီကား က ဘုရင်က ပန်းဥယျာဉ်ကြီးထဲမှာ လက်ပိုက်ပြီး ရပ်နေတဲ့ပုံ။ ဘေးမှာ မှူးမတ်တွေ၊ စစ်သူကြီးတွေ ခြံရံလို့ပေါ့ဗျာ။ လက်ရာ တော်တော်မြောက်အောင် ဆွဲထားတဲ့ ပန်းချီကားတွေဗျ။

ညှို့ခန်းမှာလည်း ပန်းကနုတ်တွေဖော်ထားတဲ့ ကုလားထိုင်တွေ ချထားတာ အများကြီးဗျ။ ဒီညှို့ခန်းမှာ လူတွေ အများကြီးစုပြီး စကားပြောပုံရတယ်ဗျ။

ခဏနေတော့ ညှို့ခန်းထဲကို အသက်လေးဆယ်လောက်ရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့ အသက်သုံးဆယ်ကျော်လောက်ရှိတဲ့ မိန်းမတစ်ယောက် ဝင်လာတယ်။ ကျုပ် တော်တော်ကို အံ့သြသွားတာဗျို့။ နှစ်ယောက်စလုံး တော်တော်ကို ခံ့ညားတဲ့ ရုပ်ရည်တွေဗျ။ ဝတ်စားထားတာက ဘုရင်တွေရှိစဉ်ခေတ်က ဝတ်တဲ့ အဝတ်အစားမျိုးတွေဗျ။ ကျုပ်တို့ ပွဲထဲမှာ မြင်ရတဲ့ အဝတ်အစားမျိုးတွေပေါ့ဗျာ။

"လေပွေလေးရဲ့ သူငယ်ချင်းတွေဆို၊ လာလည်ကြတာလား၊ ဒီအိမ်တော်ကြီးထဲမှာ ပျော်ပျော်ပါးပါး ဆော့ကြ။ ကလေးဆိုတာ ဆော့မှ ကျန်းမာတာကွဲ့၊ ဘဘုရားတို့ မယ်ဖုရားတို့ကို အားနာကြနဲ့၊ ဆော့ကြ၊ ဆော့ကြ။ ကဲ မယ်ဖုရားက လေပွေလေးရဲ့ သူငယ်ချင်းတွေကို အကျွေးအမွေးလေးနဲ့ ညှို့ခံလိုက်ပါကွယ်"


www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောပြီး ဧည့်ခန်းထဲက ထွက်သွားတယ်။ ကျုပ်လည်း ဘာပြန်ပြောရမှန်း မသိတာနဲ့ ပြုံးရုံပဲ ပြုံးနေလိုက်တယ်ဗျ။ အိမ်ကြီးထဲမှာ မောင်းထုတဲ့အသံ ကြားလိုက်ရတယ်။

"ဟာ လေပွေ၊ မောင်းထုတဲ့အသံပါလားကွ"

"အေး ဟုတ်တယ် တာတေရ၊ ငွေမောင်းထုတဲ့အသံပါကွာ၊ အိမ်တော်ထိန်းတွေကို ခေါ်တာပါ"

ကျုပ်တို့ငါးယောက်လည်း ကစားတဲ့အကြောင်းတွေ ဟိုပြော ဒီပြောနဲ့ လျှောက်ပြောကြတာပေါ့ဗျာ။ ကလေးတွေဆိုတော့လည်း ပြောစရာဆိုလို့ ကစားတဲ့အကြောင်းပဲ ရှိတာလေဗျာ။ ဟော ခြေသံတွေ ကြားတယ်ဗျ။ ကျုပ်ဧည့်ခန်းအဝင်ပေါက်ကို လှမ်းကြည့်လိုက်တော့ နန်းတွင်းအဝတ်အစားတွေနဲ့ ရုပ်တော်တော်ချောတဲ့ မိန်းမလေးငါးယောက် ရွှေလင်ဗန်းလေးတွေကိုင်ပြီး ရောက်လာကြတယ်ဗျ။ ကျုပ်တို့ကို ငှက်ပျောသီးတစ်လုံး၊ ဇီးသီးတစ်လုံးနဲ့ ဖျော်ရည်တစ်ခွက်စီ လိုက်ပေးတယ်။

ကျုပ်တို့လည်း ကစားလာကြတာဆိုတော့ ဗိုက်ဆာဆာနဲ့ ငှက်ပျောသီးကို အရင်ခွာစားလိုက်တယ်။ တော်တော်ကို မွှေးတာဗျ။ ဘာငှက်ပျောမှန်းကို မသိတာ။ ပြီးတော့ ဇီးသီးစားတယ်။ ဇီးသီးကလည်း မွှေးပြီးတော့ ချိုနေတာပါပဲဗျာ။ နောက်ဆုံး ငွေခွက်လေးလေးကလေးနဲ့ ထည့်ထားတဲ့ ဖျော်ရည်ကို သောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘာကိုဖျော်ထားမှန်း မသိပေမဲ့ တော်တော်ကို အရသာရှိတာဗျ။

ကျုပ်တို့လည်း လေပွေတို့အိမ်ကြီးထဲမှာ ဟိုလျှောက်ဒီလျှောက်လုပ်ပြီး ခဏကြတော့ တောင်ပလဲကုန်းရွာက ကစားကွင်းကြီးထဲကို ပြန်လာခဲ့ကြတယ်။ ပြန်လာတော့ သွားတုန်းကပုံစံမဟုတ်တော့ဘူးဗျ။ ကိုယ့်ဟာကိုယ် ပြန်ရတာ။ မျက်စိတစ်မှိတ်ဆို ရောက်တာပေါ့ဗျာ။ ဒါမျိုးတွေ တာတေလည်း ကျွမ်းကျင်ပြီးသားပါဗျ။ အဲဒီညက ကျုပ် အိမ်ပြန်ရောက်တော့ မနက်သုံးနာရီလောက် ရှိပြီဗျ။

အံ့ဩစရာဗျာ။ ကျုပ် အိမ်မှာ သုံးရက်တိတိ ထမင်းမဆာဘူးဗျ။ လေပွေတို့အိမ်က စားလာတဲ့ ငှက်ပျောသီးနဲ့ ဓိုးသီးက အာဟာရသိဒ္ဓိ ရှိနေသလားလို့ ကျုပ်တွေးမိတယ်။ သူတို့အိမ်က တောင်ပလဲမှာလို့ လေပွေက ပြောပေမယ့် ဘယ်နေရာမှာရှိမှန်း ကျုပ်သိတာ မဟုတ်ဘူးဗျ။

တောင်ပလဲကုန်းရွာကို ကျုပ်မရောက်တာတောင် ကြာပြီဗျ။ ဒီညတော့ အဲဒီဘက်ကို သွားမယ်လို့ ကျုပ် စိတ်ကူးထားတယ်။ ဒီည လပြည့်ညလေဗျာ။ ဒီလိုညမျိုးဆိုရင် တောင်ပလဲကုန်းမှာ လွတ်ပျော်ဖို့ကောင်းတာပေါ့ဗျာ။

ကျုပ်ကိုယ်ပွားထုတ်ပြီး သွားတယ်။

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



"ဟာ တာတေ လာကွ၊ မင်း မလာတာ တော်တော်ကြာပြီနော်"

မိုးဦးက ကျုပ်ကို ဆီးပြောတာဗျ။ ဒီကောင်တွေ လူစုံတက်စုံကို ဆော့နေကြတာဗျို့။ တောစိမ်းက စောသိန်းရော၊ တောင်ညိုက အောင်စိုးရော ရောက်နေကြတာဗျ။

ကျုပ်တို့ ဘောလုံးကန်ကြတယ်။ တောင်ပံလဲကုန်းကစားကွင်းမှာ ကလေးတွေမှ နည်းတာမဟုတ်ဘူးဗျ။ ကိုယ့်အုပ်စုနဲ့ကိုယ် ကစားနေလိုက်ကြတာ ကျွက်ကျွက်ကို ညံနေတာဗျာ။

ဘောလုံးကန်လို့ မောသွားတော့ လေပွေက ပြောတယ်။

"တာတေ ငါတို့ မင်းကို စောင့်နေတာကွ၊ မင်း ဒီတစ်ခါလာရင် စောသိန်းက သူနေတဲ့ တောစိမ်းကို အလည်ခေါ်သွားမလို့တဲ့ကွ"

"ဟေ…ဟုတ်လား၊ ဒါဆိုရင် သွားကြရအောင်လေကွာ"

"အေး သွားမယ်လေကွာ"

တောစိမ်းက စောသိန်း ပြောတာဗျ။ ဒီတော့မှ ကျုပ်က မေးလိုက်မိတာဗျ။

"နေပါဦးကွ စောသိန်းရဲ့ တောစိမ်းဆိုတာ ဘာကိုခေါ်တာတုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က မေးလိုက်တော့ စောသိန်းက ပြောပြတယ်။

"ဒီလိုကွ ငါနေတဲ့တောက သစ်ပင်မှန်သမျှဟာ ဘယ်တော့မှ အရွက်တွေ မကြွေဘူးကွ။ နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံးမှာ အမြဲတမ်း စိမ်းလန်းနေတယ်။ ပြီးတော့ လေဘယ်လောက်တိုက်တိုက် သစ်ရွက်တစ်ရွက် မကြွေဘူးကွ"

"ဟေ...ဘယ်လိုဖြစ်လို့တုံးကွ"

"ဘိုးဘိုးပြောတာတော့ ငါ့ရဲ့ ဘုန်းကံကြောင့်လို့ ပြောတယ်ကွ၊ ကဲ သွားကြစို့ကွာ၊ ဟိုရောက်တော့ မင်း တွေ့ရမြင်ရမှာပေါ့ကွာ"

ဟိုတစ်ခါလိုပဲဗျ။ စောသိန်းက ရှေ့ဆုံးက ရပ်တယ်။ ကျုပ်က သူ့အင်္ကျီကို ကိုင်တယ်။ ဟိုကောင်သုံးယောက်က နောက်က တန်းစီပြီး ကိုင်ကြတာပေါ့ဗျာ။

"ကဲ မျက်စိမှိတ်ထား၊ ရောက်ပြီ"

မြန်ပါ့ဗျာ။ မျက်စိမှိတ်လိုက်တာနဲ့ ရောက်တာဗျ။ အိမ်ကြီးဗျ။ သိပ်အကျယ်ကြီး မဟုတ်ပေမဲ့ တော်တော်တော့ ကျယ်တယ်။ အိမ်ကြီးထဲမှာ လင်းထိန်နေတာဗျ။ ဘယ်က လင်းနေတာလဲလို့ ကျုပ် လိုက်ကြည့်ပေမယ့် ဘာမှထွန်းထားတာ မတွေ့ရဘူးဗျ။

"မင်း အိမ်ထဲမှာ ဘာမှထွန်းထားတာ မရှိဘဲနဲ့ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



လင်းနေရတာတုံး စောသိန်းရဲ့"

"ဒါလည်း ဘိုးဘိုးပြောတာတော့ ငါ့ဘုန်းကံကြောင့်တဲ့ကွ"

ကျူပ်လည်း တော်တော်ကို မျက်စိလည်နေတာဗျို့။

"ဒါ ရွာတစ်ခုလားကွ စောသိန်းရဲ့"

"ဒါ ရွာမဟုတ်ဘူးကွ၊ တောကြီးတစ်တောထဲမှာကွ၊ ဒီတောကို ဘိုးဘိုးက တောစိမ်းလို့ ခေါ်လို့ ငါက တောစိမ်းပဲ ခေါ်ရတာ"

"နို့ မင်းအိမ်မှာ တခြားဘယ်သူမှ မရှိဘူးလား"

"ဟာ ဘယ်ရှိမှာတုံးကွ၊ ငါတစ်ယောက်တည်းပေါ့၊ ကဲ နေဦး၊ မင်းတို့ ဘာစားချင်ကြတုံး၊ စားချင်တာသာပြော ငါ အကုန်ကျွေးနိုင်တယ်"

"ဟေ တကယ်လား"

"တကယ်ပေါ့ကွ၊ ငါ မင်းတို့စားချင်တာ ကျွေးမယ်ကွာ"

"ဒါဆိုရင် ငါက ခေါက်ဆွဲကြော်ကွာ ဝက်သားနဲ့ ဖြစ်မလား"

မိုးဦးက စပြောတာဗျ။ ပြီးတော့ အောင်စိုးက ပြောတယ်။

"ငါ အုန်းထမင်းနဲ့ ကြက်သားကြော်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဆီထမင်းနဲ့ ကြက်သားကြော်ကွာ"

လေပွေက ပြောတာဗျ။ ကျုပ်ကတော့...

"ငါက မိုးဦးလိုပဲ၊ ဝက်သားနဲ့ ခေါက်ဆွဲကြော်ပဲကွာ"

"အေး ဒါဆိုရင် ငါက မင်းတို့နဲ့ မတူအောင် ဒံပေါက်စားမယ်ကွာ"

စောသိန်းကလည်း သူစားချင်တာကို ပြောသဗျ။ အဲဒီလိုပြောပြီး စောသိန်းက မျက်စိကို ခဏမှိတ်ထားလိုက်တယ်။

"ကဲ ရပြီ၊ လာကြ၊ ထမင်းစားခန်းထဲကို သွားကြမယ်၊ ပြောပြောဆိုဆိုနဲ့ စောသိန်းက လင်းနေတဲ့ အိမ်ကြီးထဲကို ဝင်သွားတယ်။ ကျုပ်တို့က သူ့နောက်က လိုက်ကြတယ်။

"ဟာ"

ကျုပ်ဖြင့် အံ့ဩပြီး 'ဟာ'ကနဲ အော်လိုက်မိသဗျ။ ဒါပေမဲ့ ကျန်တဲ့ကောင်တွေက ကျုပ်လို အံ့ဩတာမတွေ့ရဘူးဗျ။ ကျုပ်တို့ စားချင်တာတွေ အကုန်လုံး စားပွဲပေါ်မှာ အဆင်သင့်ပြင်ထားတာ တွေ့လိုက်ရလို့ဗျို့။

ကျုပ်တို့ ထမင်းစားပွဲမှာ ဝိုင်းထိုင်ပြီး အားရပါးရ စားကြတာပေါ့ဗျာ။ စားရင်းသောက်ရင်းနဲ့ စကားတွေ ဖောင်ဖွဲ့ပြောကြတာပေါ့။ အဲဒီညက ကျုပ်တို့ တောင်ပလဲကုန်းကို ပြန်မလိုက်တော့ဘဲ စောသိန်းနေတဲ့ တောစိမ်းကပဲ အိမ်ပြန်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



စောသိန်းကျွေးတဲ့ ခေါက်ဆွဲကြော် စားလိုက်တာ သုံးရက်တိတိ ကျုပ် ထမင်းမစားချင်ဘူးဗျ။

အဲဒီတစ်ခေါက်ပြီးတော့ ကျုပ်လည်း တောင်ပလဲကုန်းဘက်ကို မရောက်ဖြစ်ဘူးဗျ။ ကျုပ်စိတ်ထင် တစ်လလောက်ကြာသွားတယ်ထင်တယ်။

ကျုပ် ရောက်သွားတော့ လပြည့်ညပဲဗျ။

"ဟာ ဟော့ကောင် တာတေ လာကွ၊ မင်းလည်း တစ်ခါတစ်ခါ ပျောက်သွားရင် တော်တော်ကို ကြာတာပဲကွာ"

"အေးကွာ၊ ငါလည်း အလုပ်ကလေးတွေ ရှိနေလို့ကွ၊ ဒါထက် ဟိုကောင်တွေရော"

"အခုထိ မလာသေးဘူးကွ၊ ငါတစ်ယောက်ပဲ ရောက်သေးတာ"

တောင်ပလဲကုန်း ကစားကွင်းကတော့ ခါတိုင်းလိုပဲ ကျွက်ကျွက်ညံနေတာပေါ့ဗျာ။ ကျုပ်နဲ့ အောင်စိုက စကားထိုင်ပြောရင်းနဲ့ မိုးဦးတို့၊ လေပွေတို့၊ စောသိန်းတို့ကို စောင့်နေကြတယ်ဗျ။ အချိန်တော်တော်ကြာလာတဲ့အထိ ဒီကောင်တွေ ရောက်မလာကြဘူးဗျ။

"ကဲ တာတေ၊ ဒီကောင်တွေ ဒီည လာမှာမဟုတ်တော့ဘူးကွ၊ မင်း ငါတို့တောင်ညိုကို လိုက်လည်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



လို့ အောင်စိုက ခေါ်တယ်။ ကျုပ်ကလည်း လိုက်မယ်လို့ ပြောလိုက်တယ်။

"ဒါဆိုရင် ငါ့အင်္ကျီကို ကိုင်ထား"

"မျက်စိမှိတ်လိုက်၊ ရောက်ပြီ"

"ဟာ အောင်စို၊ ဒါ မင်းနေတဲ့ တောင်ညိုလား"

"အေးလေကွာ"

"ဟာ ဒီမှာ ဘုရားပွဲ ရှိတာလားကွ"

"ဟာ တာတောကလည်း ဘုရားပွဲ မဟုတ်ပါဘူးကွ၊ ဘာဖြစ်လို့တုံး"

လူတွေမှ စည်ကားလိုက်တာဗျာ။ လမ်းတွေကလည်း မီးတွေလင်းနေအောင် ထွန်းထားတာ။ ကျုပ်စိတ်ထဲမှာ ထင်ထားတာက တောင်ညိုဆိုတာ တောကြီးတောင်ကြီးတစ်ခုလို့ ထင်တာဗျ။ ခုလိုရွာကြီးတစ်ရွာလို့ မထင်မိဘူး။ ရွာထဲကအိမ်တွေမှာဗျာ တိုက်တွေချည်းပဲဗျ။ လက်ရာကတော့ တော်တော်ကို ရှေးကျတဲ့ လက်ရာဗျ။ အိမ်တိုင်း အိမ်တိုင်း မီးတွေထိန်နေအောင် ထွန်းထား ကြတာဗျ။ အိမ်ထဲမှာလည်း လူတွေထိုင်ပြီး စကားတွေပြောပြီး ရယ်မောနေတဲ့အသံတွေ ကြားနေရတာ။ လမ်းမှာလည်း လူတွေဗျာ ပြည့်နေတာပါပဲ။ လမ်းလျှောက်တဲ့သူကလျှောက်၊ မြင်းစီးတဲ့လူက စီးပေါ့ဗျာ။ ဝတ်စားဆင်ယင်ထားတာကတော့ ရှေးခေတ်က လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ပုံစားပုံမျိုးပဲဗျ။

တစ်နေရာရောက်တော့ အောင်စိုက တံ့ကနဲရပ်ပြီး ပြောတယ်ဗျ။

"တာတေ ဒါ ငါ့အိမ်ပဲကွ လာ"

ပန်းတွေ ဝေဆာနေအောင်ပွင့်နေတဲ့ ခြံဝင်းကြီးတစ်ခုထဲကို အောင်စိုက ဝင်လိုက်တယ်။

"လာ တာတေ"

ကျုပ်ကလည်း သူ့နောက်က ကပ်ပြီးလိုက်ရတာပေါ့ဗျာ။ ဟော မိန်းမလှလေးတွေ ပြေးထွက်ပြီး ကြိုဆိုကြတယ်ဗျ။ အောင်စို့ကို အရိုအသေပေးကြတယ်။

"ကဲ ဟေမာတို့၊ ဒေဝီတို့ ဧည့်ပါလာတယ်၊ ကျွေးမွေးဧည့်ခံဖို့ သွားယူခဲ့ကြ"

"ဟုတ်ကဲ့ပါရှင့် ကိုယ်တော်လေး"

ဟာ မိန်းမချောချောတွေက အောင်စို့ကို ကိုယ်တော်လေးတဲ့ဗျ။ တော်တော်လည်း ရိုသေကြတာဗျ။ အောင်စိုက ကျုပ်ကို ဧည့်ခန်းကြီးထဲ ခေါ်သွားတယ်။ ဧည့်ခန်းမှာ ရွှေကုလားထိုင်ကြီးတွေ ချထားတယ်ဗျ။

အောင်စိုက ရွှေကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်ပြီးတော့ ကျုပ်ဘက်ကို လှည့်ပြောတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင် သူငယ်ချင်း တာတေ"

ကျုပ်နဲ့ အောင်စိုက တောင်ပလဲကုန်းမှာ ကစားရတာ ပျော်တဲ့အကြောင်းတွေ ပြောကြတာပေါ့ဗျာ။

"ကိုယ်တော်လေး ဧည့်သည်အတွက် စားစရာတွေ ရှပါပြီရှင်"

"အေး ယူလာခဲ့၊ ယူလာခဲ့"

ကျုပ်တို့နှစ်ယောက်ကြားမှာ ချထားတဲ့ ရွှေသားစားပွဲခုံပေါ်မှာ တင်လိုက်တယ်။ ရွှေလင်ဗန်းကြီးနဲ့ ထည့်ထားတဲ့ သစ်သီးတွေဗျ။ အနံ့တွေမှ မွှေးကြိုင်နေတာဗျ။

"စား တာတေ၊ ကြိုက်သလောက်သာစား"

ကျုပ်လည်း ဆာဆာနဲ့ သစ်သီးတွေ တစ်မျိုးပြီး တစ်မျိုး စားတော့တာပေါ့ဗျာ။ ဘာသီးတွေမှန်းတော့ မသိဘူးဗျ။ ကျုပ်သိတာတော့ ငှက်ပျောသီးတစ်မျိုးပဲ ပါတယ်။ ကျုပ် သစ်သီးတွေစားသောက်ပြီးတော့ ရွာထဲကို ထွက်လာပြီး လမ်းတွေမှာ လျှောက်သွားတယ်။ တစ်နေရာရောက်တော့ လူအုပ်ကြီးတွေ့လို့ ဝင်ကြည့်ကြတယ်။ စောင်းတီးပြီး သီချင်းဆိုနေတာဗျ။ တော်တော်ကောင်းတဲ့ စောင်းသံပဲဗျာ။ လူတွေမှာ အုံကြည့်နေကြတာ နည်းတာမှမဟုတ်တာ။

ကျုပ်နဲ့ အောင်စိုနဲ့ စောင်းပွဲ ဝင်ကြည့်နေလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ အောင်စိုက ကျုပ်ကို တောင်ပေါ်တက်တဲ့လမ်းကလေးကို ခေါ်သွားပြီး တောင်ပေါ်တက်ခဲ့ကြတယ်။ တောင်ပေါ်ကနေ လသာနေတဲ့ မြင်ကွင်းကို ကြည့်ကြတာဗျ။

"ဟာ ဟိုဟာ ရေကန်လားကွ အောင်စိုရ"

"အေး ဟုတ်တယ် တာတေ၊ ရေပြာအိုင်လို့ ခေါ်တယ်ကွ"

လရောင်ထိုးဆင်းနေတဲ့ ရေပြာအိုင်က လှလိုက်တာဗျာ။ ရေပြာအိုင်ဘက်ကနေ လွင့်ပျံလာတဲ့ စောင်းသံလေးကို ကျုပ်နားထောင်ရင်း မိန်းမောနေမိတာဗျ။ ဒီတုန်းမှာပဲ ကျုပ်တို့ဘေးကနေ မိန်းကလေးနှစ်ယောက် ဖြတ်လျှောက်သွားတယ်။ ကျုပ်အမှတ်မထင် လှမ်းကြည့်လိုက်တော့ လှလိုက်တဲ့ ကောင်မလေးတွေဗျာ။ ပန်းတွေလည်း ခေါင်းမှာ ပန်ထားလိုက်တာ ဝေလို့ဗျာ။ ဘာပန်းတွေမှန်းတော့ မသိဘူးဗျ။ မွှေးကြိုင်နေတာ။ ကျုပ်နဲ့ အောင်စိုနဲ့ ရွာထဲမှာ လျှောက်လည်ပြီး တော်တော်ကြာတော့မှ ကျုပ်စိတ်ထဲမှာ အိမ်ကို သတိရသွားရောဗျ။ အောင်စိုကို ကမ္ဘာကယာ နှုတ်ဆက်ပြီး ခပ်သုတ်သုတ် ပြန်ချလာခဲ့ရတာပေါ့ဗျာ။

"ဟော လှုပ်လာပြီ၊ လှုပ်လာပြီ"

"ဟဲ့ တာတေ၊ တာတေ"

ကျုပ်အမေရဲ့ အသံဗျ။ ကျုပ် မျက်လုံးဖွင့်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးက ချက်ချင်းမပွင့်ဘူးဗျ။ တဖြည်းဖြည်းမှ ပွင့်လာတာ။ ဟင် ကျုပ်ကို လူတွေ ဝိုင်းကြည့်နေကြပါလား။ ဘိုးညီလေးရော၊ ဘိုးညိုတို့ရော၊ ရွာထဲကလူကြီးတွေ အကုန်လုံးလောက်ပဲဗျ။

"တာတေ သတိရရဲ့လား"

ကျုပ်အဘက ကျုပ်ကို မေးတာဗျ။

"ဗျာ၊ ကျုပ် ဘာဖြစ်လို့တုံး အဘရဲ့၊ ကျုပ် အိပ်နေတာပါ"

"ဟား၊ ဟား၊ ဟား နေပါဦး လူကလေးရဲ့၊ မင်းအိပ်နေတာက အိမ်မှာလား၊ သိုက်ထဲမှာလား"

ဒီအသံကို ကျုပ် မကြားဖူးဘူးဗျ။ ဒါနဲ့ ကျုပ်ခေါင်းရင်းဘက်ကို မော့ကြည့်ပြီး ထထိုင်လိုက်တယ်။ လူကြီးတွေက ကျုပ်ကို သေသေချာချာ စိုက်ကြည့်ပြီး အကဲခတ်နေကြတယ်ဗျ။

"တာတေရော ဟုတ်ရဲ့လား ဆရာ"

"ဗျာ၊ ကျုပ် တာတေပါ ဘိုးညီပုရဲ့"

ကျုပ်ခေါင်းရင်းမှာ ထိုင်နေတဲ့ သျှောင်ထုံးနဲ့ အဘိုးကြီး ကျုပ်ကို ပြုံးကြည့်ပြီး ပြောတယ်ဗျ။

"ဒါ ခင်ဗျားသား တာတေပါဗျ ကိုဉာဏ်ရဲ့၊ ဘာကောင်မှ ကပ်ပြီးပါမလာပါဘူး"

"ကျုပ်က ဘာဖြစ်လို့တုံး အဘရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က အဘကို မေးလိုက်တော့ အဘက ဘာမှမပြော ရသေးခင် အမေက ဝင်ပြောသဗျ။

"ဟဲ့ ဘာဖြစ်ရမှာတုံး၊ နင် သတိမေ့ပြီး တောင့်တောင့် ကြီးဖြစ်နေတာ သုံးရက်ရှိပြီဟဲ့ တာတေရဲ့၊ ဖအေနဲ့ မအေမှာ စိတ်တွေပူလိုက်ရတာ၊ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေကြတုန်း ဟောဒီဆရာကြီး ရွာထဲကို ကြွလာလို့သာပေါ့။ နင် သိုက်ထဲ ရောက်နေတယ်လို့ ဆရာကြီးကပြောပြီး နင့်ကို မနည်းပြန်ခေါ်ယူ ရတာ။ ဆရာကြီးကပြောတော့ နင် အိမ်ပြန်ဖို့ မေ့နေတာဆို ဟုတ်လား၊ တာတေ"

ကျုပ်အမေက ကျုပ်ကို တော်တော်စိတ်ဆိုးနေတဲ့ပုံပဲဗျ။ ကျုပ်က ဘာမှပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်တယ်။

"ကြည့်စမ်း၊ ကြည့်စမ်း၊ နင်က ဥစ္စာစောင့်တွေနေတဲ့ သိုက်ထဲကို ဘာသွားလုပ်ရတာတုံး"

"ကျုပ် သွားလည်တာပါဗျ၊ တောင်ညိုက ကျုပ်သူငယ် ချင်း အောင်စိုး ခေါ်သွားလို့ အလည်လိုက်သွားတာပါ အမေရ"

"ဘာ...အောင်စိုး ဟုတ်လား၊ ငါဖြင့် ဒီနာမည် တစ်ခါမှ မကြားဖူးပါလား"

"ကျုပ်တို့ တောင်ပလဲကုန်းရွာမှာ အတူတူဆော့ခဲ့ ခင်နေကြတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတင် ချောင်ထုံးနဲ့ ဆရာကြီးက ကျုပ်ကို ဝင်ပြီးမေးရောဗျို့။

"နေပါဦး လူကလေးရဲ့၊ မင်းပြောတဲ့ တောင်ပလဲကုန်းရွာဆိုတာ ဘယ်နားမတုံးကွဲ့"

"တောင်ကြီးလဲကျနေသလို ဖြစ်နေတဲ့ တောင်ပုလဲတောင်ကြီးနားက ရွာပါ ဆရာကြီး"

"ဟေ ဟုတ်လား၊ အဲဒီရွာကြီးက လွန်ခဲ့တဲ့ နှစ်လေးရာလောက်က ရှိခဲ့တဲ့ ရွာကွဲ့၊ အခုမှ မရှိတော့တာ"

"ဟာ ကြည့်စမ်း တောတော၊ နင် တော်တော်ပွေလီပါလား၊ ငါ ထတွယ်လိုက်ရရင်တော့နော်"

အမေက နွားရိုက်တဲ့ နကန်နဲ့ ကျုပ်ကို တွယ်တော့မလို့ဗျ။

"ဟဲ့ ငွေစိန် မလုပ်နဲ့လေ၊ ဆရာသမားရှေ့မှာ"

ဘိုးညီပု အဆွဲမြန်မပေလို့ပေါ့ဗျာ။ မဟုတ်ရင် တာတော့ ခေါင်းမှာ အာလူးထွက်ပြီပေါ့။

"နေပါဦး လူကလေးရဲ့၊ မင်းရောက်တဲ့နေရာတွေ ပြောပါဦးကွဲ့"

"ကျုပ် အဲဒီတောင်ပုလဲတောင်မှာရှိတဲ့ ကျုပ်သူငယ်ချင်းလေပွေတို့အိမ်ကြီးကို တစ်ခါသွားလည်ဖူးတယ်။ နောက်တစ်ခါ တောစိမ်းလို့ခေါ်တဲ့ တောကြီးထဲက ကျုပ်သူငယ်ချင်း စောသိန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးဆီကို တစ်ခါလိုက်ပြီးလည်ဖူးတယ်။ အခု တောင်ညို့က အောင်စိုတို့အိမ်ကို လိုက်လည်တာဗျ။ အချိန်ကြာသွားတာ ကျုပ် မသိလိုက်ဘူး"

"အချိန်ခြင်းမတူဘူး လူကလေးရဲ့၊ ဘုံဘဝတစ်ခုနဲ့ တစ်ခုက အချိန်ကာလ မတူကြဘူးလေ။ မင်းရောက်ဖူးတဲ့ လေပွေတို့နေတဲ့ တောင်ပုလဲသိုက်ရယ်၊ တောင်ညို့က အောင်စိုတို့ သိုက်ရယ်က ဘုံဘဝချင်း တူတာမဟုတ်ဘူးကွ၊ ဒါကြောင့် မင်း အချိန်မှန်းလို့ မရတာပေါ့။ အောင်စိုတို့ဆီမှာ မင်း ခဏနေပြီး မိုးမလင်းခင် ပြန်လာပေမယ့် ဒီမှာက အချိန်သုံးရက်ကျော်နေပြီ လူကလေးရဲ့။ နို့ နေပါဦး မောင်တာတေရဲ့၊ အဲဒီနေရာတွေကို မင်း ဘယ်လိုလုပ်ပြီး သွားတာတုံးကွဲ့"

"ကျုပ်ကိုယ်ပွားထုတ်ပြီး သွားတာပါ ဆရာကြီး"

"ဩော် ဒီလိုလား၊ မင်း အဲဒီလို ကိုယ်ပွားထုတ်တဲ့နည်း ကို ဘယ်လိုတတ်လာတာတုံး"

"ကျုပ်သူငယ်ချင်း ဘချစ် သင်ပေးတာပါ ဆရာ"

"ဘချစ် ဟုတ်လား၊ နင်နဲ့ မြို့ကျောင်းမှာ အတူတူတက် နေတဲ့ အ ထစ်ကောင်လေးလား"

"ဟုတ်တယ်"

"ကြည့်စမ်းတော်၊ ခန္ဓာကိုယ် တစ်ကိုယ်တည်းနဲ့ ဆော့ရ



www.burmeseclassic.com

www.burmeseclassic.com



တာ အားမရလို့ထင်တယ်၊ ကိုယ်ပွားပါထုတ်ပြီး ညဘက် ဆက်ဆော့ရတယ်လို့တော်။ ကိုညဏ် တော့်သားကို တော် မဆုံးမဘူးလား၊ ကျုပ် ထလုပ်ရရင်တော့ ဒီအကောင် အရိုးတခြား၊ အသားတခြား ဖြစ်သွားလိမ့်မယ်နော်"

"အေးပါ ငွေစိန်ရယ်၊ ငါ့သားငါဆုံးမပါမယ်ဟယ်၊ နင် အသာနေပါ"

"ဟား၊ ဟား၊ ဟား၊ ဟား တာတေတို့ကတော့ကွာ ကြွက်တွေ၊ သရဲတွေ၊ ဥစ္စာစောင့်တွေနဲ့တောင် ကစားတဲ့ကောင်ပဲကွာ"

ဆိုပြီး ကျုပ်ကို ဝိုင်းအုံကြည့်နေတဲ့ ရွာထဲက လူကြီးတွေက ရယ်ကြပါရောလားဗျာ။ ကျုပ်ကို ဆေးကုပေးနေတဲ့ ဆရာကြီးကိုယ်တိုင်လည်း ပြုံးပြုံးကြီး လုပ်လို့ဗျ။ ကျုပ်အမေကတော့ နကန်ကြီးကိုင်ပြီး ကျုပ်ကို မျက်စောင်းကြီးထိုးကြည့်နေသဗျ။ လူတွေ များနေလို့ပေါ့ဗျာ၊ မဟုတ်ရင် အမေက ကျုပ်ကို အမှုန့်တောင် ကြိတ်ပစ်မလားပဲဗျ။

နောက်တော့ လူကြီးတွေရှေ့မှာပဲ အဘနဲ့ အမေကို နောက် ဘယ်တော့မှ ကိုယ်ပွားထုတ်ပြီး လျှောက်မသွားတော့ပါဘူးဆိုတဲ့ ကတိကို ပေးလိုက်ရတော့တာပါပဲဗျာ။

ကျုပ်ကို ပြန်လာဖို့ သတိရအောင် လုပ်ပေးတဲ့ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့နာမည်က ဆရာကြီး ဦးမိုးကြိုးတဲ့ဗျ။ ဆရာကြီးပြောလို့ ကျုပ်သိတာပေါ့ဗျာ။ ကျုပ် သွားသွားပြီး ဆော့နေတဲ့ တောင်ပလဲကုန်းရွာဆိုတာက လူ့ရွာ မဟုတ်ဘူးတဲ့ဗျ။ ကျွတ်ရွာကြီးတဲ့ဗျာ။ ကျုပ်က သူတို့ကို လူတွေလို့ပဲ ထင်နေတာဗျ။ လေပွေက တောင်ပုလဲသိုက်ကြီးက ဥစ္စာစောင့်တဲ့ဗျာ။ တောစိမ်းက စောသိန်းဆိုတဲ့ကောင်က တစ္ဆေတဲ့ဗျ။ ဒါပေမဲ့ ဒီကောင်က ဘုန်းကံတော်တော်ကြီးတယ်ဆိုပဲ။ ဒါကြောင့် နတ်လို ဗိမာန်တွေဘာတွေနဲ့ နေရတာတဲ့ဗျာ။ တောင်ညိုက အောင်စိုကတော့ တကယ့်အမိကရ တောင်ညိုသိုက်ကြီးက ဥစ္စာစောင့်တဲ့ဗျို့။

အမေ မကြားအောင် အမှန်အတိုင်း ပြောရရင် ကျုပ်ဒီကောင်တွေကို လွှတ်ခင်တာဗျ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေ့ရင်သွေး

အသက်တစ်ရာ မနေရ၊ အမှုတစ်ရာတွေ့ရဆိုတဲ့ စကားက လွှတ်မှန်တာဗျ။

ဘာလိုလိုနဲ့ ပြာသိုလတောင် ကွယ်ပေါ့။

ကျုပ်တို့အညာမှာ ဒီနှစ် အေးချက်ကတော့ စံချိန်တင်

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com


လောက်ရဲ့ဗျာ။ သိမ်းထားတဲ့ နှမ်းရိုးတွေကောင် ညတိုင်း မီးလှုံရလို့ ကုန်ကာနီးပြီဗျ။ ဒီရာသီ ဒီလိုညမျိုးတွေမှာ ဝိုင်းတော်တော်များများ က မီးဖိုကြတာဗျ။ မီးဖိုတွေ့လို့ မီးဝင်ပြီး လှုံရင်လည်း လက်ဖက် ကျွေး၊ ရေနွေးကြမ်းတိုက်နဲ့ စကားဝိုင်းဖွဲ့ပြီး ရောက်တတ်ရာရာ ပြောကြတာဗျ။

ကျုပ်တို့ အညာမလေ့ထဲမှာ လွတ်အံ့ဩဖို့ကောင်းတဲ့ မလေ့တစ်ခု ရှိသေးသဗျ။ ရွာထဲက ဘယ်သူ့အိမ်မှာ ဧည့်သည် ရောက်လို့တဲ့ဆိုရင် အိမ်သားတစ်ယောက်က သွားပြီး မိတ်ဖွဲ့စကား ပြောပြီးရင် ကိုယ့်အိမ်ကို ထမင်းစား ဖိတ်ကျွေးတာဗျို့။ အနည်း ဆုံးတော့ အိမ်လည်ခေါ်ပြီး လက်ဖက်နဲ့ ရေနွေးကြမ်းတော့ ဧည့်ခံ တာဗျ။

ကိုယ့်ဆွေထဲမျိုးထဲက အိမ်တစ်အိမ်မှာ ဧည့်သည်ရောက် လို့ကတော့ အဲဒါ ကိုယ့်ဧည့်သည်လို့ကို သဘောထားကြတာဗျ။ ကျုပ်တို့အညာသားတွေရဲ့ ခင်ချက်ဗျာ။

"ဟ တာတေပါလား၊ တာတေ ဘိုးတို့ဝိုင်းဘက် မလာ တာတောင် ကြာပေါ့"

ဒီညတော့ ကျုပ်တို့ဝိုင်းဘက်မှာ မီးမလှုံဖြစ်ဘူးဗျ။ ကျောက်ခဲနဲ့ သံမဏိက…

"ကိုကြီးတာတေ၊ ဒီညတော့ ဘိုးလိပ်ပုတို့ဝိုင်းကို သွား


www.burmeseclassic.com

www.burmeseclassic.com



ကြရအောင်ဗျာ၊ ဘိုးလိပ်ပုကြီး ပြောပြတာတွေ နားမထောင်ဖြစ်တာ တော်တော်ကြာပြီဗျ"

"အေး ကောင်းသားပဲ၊ ငါလည်း နှမ်းပျစ်ထုပ်ကို ဘိုးလိပ်ပု ပေးဖို့ဟာ တစ်ခါမှ မရောက်ဘူးကွ"

"ဘယ်က နှမ်းပျစ်ထုပ်တုံး"

ကျောက်ခဲက မေးတာဗျ။

"ဟိုတလောက မြို့ရောက်လို့ ဝယ်လာတာကွ၊ နှမ်းနက်နဲ့ ထိုးထားတာ၊ ဆေးဘက်ဝင်တယ်ပြော်လို့ ဘိုးလိပ်ပုအတွက် ဝယ်လာခဲ့တာကွ"

"ဘိုးလိပ်ပုကိုတော့ ကျုပ်တို့ရွာသားတွေက ခင်ကြသားဗျ။ လူကြီးရော လူငယ်ပါ ဘိုးလိပ်ပုကို ခင်ကြတာ ကိုကြီးတာတေရ"

သံမဏိကလည်း ဘိုးလိပ်ပုကြီးကို လွတ်ခင်တဲ့ကောင်ဗျ။ ဒီတော့ ဒီကောင်က ဝင်ပြောတာ။ ဘိုးလိပ်ပုဆိုတာ ကျုပ်တို့ရွာမှာ အသက်အကြီးဆုံး ဘိုးတော်ကြီးဗျ။ အသက်ကိုးဆယ်ကျော်နေပြီ။ အရပ်က ပုပုလေးဗျ။ သျှောင်ထုံးလေးနဲ့။ ခုချိန်အထိ သတိကောင်းတုန်း။ ငယ်ငယ်ကအကြောင်းတွေကို သတိရနေတုန်းပဲ။ ဘာကိုမှ မမေ့ဘူးဗျ။

ဘိုးလိပ်ပုတို့ဝိုင်းထဲကို ကျုပ်တို့ ရောက်တော့ ဘိုးလိပ်ပု



www.burmeseclassic.com

www.burmeseclassic.com



က ကျုပ်ကို လှမ်းပြီးနှုတ်ဆက်တာဗျ။

"ဟုတ်တယ် ဘိုးရေ၊ ဟိုတလောက မြို့ကဘကြီးကို သွားကန်တော့တာဗျ။ ဟိုရောက်တဲ့ညပဲ ဘကြီး လေဖြတ်တာနဲ့ မြို့မှာ တော်တော်ကြာသွားတာ"

"ဩော်…ငွေစိန့်အစ်ကိုကြီးဆိုတာ ထင်တယ်"

"ဟုတ်တယ် ဘိုးရဲ့၊ ဘကြီးက လူပျိုကြီး၊ မြို့မှာ တစ်ယောက်တည်းနေတာ"

"အေးပေါ့ကွာ၊ ပြုစုမယ့်သူ မရှိတော့ ခက်သားလားကွာ"

"ရော့ ဘိုး၊ ဒါ ဘိုးစားဖို့၊ နှမ်းနက်နဲ့ ထိုးထားတဲ့ နှမ်းပျစ်မုန့်"

"ဟာ တာတေက ဘယ်သွားသွား ဘိုးကိုတော့ သတိတရ ရှိသားဗျ၊ အေး အေး၊ သာဓုဗျာ၊ သာဓု၊ သာဓု"

ကျုပ်တို့ရောက်တော့ ဘိုးက ဝိုင်းထဲမှာ မီးလှုံရင်း စကားပြောနေတာဗျ။

သူ့သားတွေ သမီးတွေက ဘိုးကို ထင်းမီးထည့်ပြီး မီးဖို ပေးထားတာ။ ရေနွေးနဲ့ လက်ဖက်သုတ်နဲ့ ရွာထဲက လူကြီးသုံး ယောက်လည်း ဘိုးနဲ့ စကားပြောဖို့ ရောက်နေကြတာဗျ။

"ဘိုးရေ၊ တာတေ ကြီးလာမှ ကျုပ်တို့ရွာမှာ အားကိုး တစ်ခုဖြစ်လာတာဗျို့"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ဟုတ်တယ်၊ ဟုတ်တယ်၊ မောင်ရှိန်ရေ၊ မင်းပြောတာ ဟုတ်တယ်"

"တာတေက ရပ်ရေးရွာရေးဆိုလည်း ရှေ့ကနေပြီး ဦးဆောင်တာ ဘိုးရဲ့၊ ပြီးတော့ တာတေက ပယောဂဆိုရင်လည်း ဆရာတစ်ပိုင်း ဖြစ်နေတာဗျ"

"ဟုတ်ပါ့၊ ဟုတ်ပါ့၊ အဲဒါလည်း ဘိုးကြားပါတယ်"

"ဟာ ဘိုး၊ ဆရာတစ်ပိုင်း မဟုတ်ပါဘူးဗျာ၊ ကျုပ်က စပ်စုတဲ့ကောင်ဆိုတော့ ထူးတာ ဆန်းတာတွေကို မြင်ချင်တွေ့ချင်တာနဲ့ ဆရာသမားတွေနောက် လျှောက်လိုက်တာပါ ဘိုးရဲ့"

"အေး၊ ဒါလည်း ကောင်းတာပဲ လူကလေးရဲ့၊ ဗဟုသုတပညာတွေ တိုးတာပေါ့ကွယ်၊ ပုဗ္ဗာရုံကျောင်း ဆရာတော် ဦးဂုဏကတော့ သူ့တပည့် တာတေကို လွတ်ချီးမွမ်းတာဗျ။ နို့ မောင်တာတေ၊ သင်္ချိုင်းစောင့် မဖဲဝါနဲ့ ခင်မင်တယ်ဆို"

"ခင်မင်တာတော့ မဟုတ်ဘူး၊ ဘယ်လိုကြောင့် ဆိုတာတော့ ကျုပ်လည်း မပြောတတ်ပါဘူး ဘိုးရဲ့၊ ကျုပ်က ပင့်ပြီး စားပွဲသောက်ပွဲပေးရင် မဖဲဝါကြီး လာစားသောက်တယ်ဗျ။ ကျုပ်မှာ အကြောင်းရှိရင်လည်း မဖဲဝါကြီးကို မေးလို့ရတယ်။ ဘာဖြစ်တယ်၊ ဘာလုပ်ရမယ်ဆိုတာကို မဖဲဝါက ကျုပ်ကို ပြောပြတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ တာတေရ၊ အဲဒါ ခင်တာပေါ့ကွ"

စကားဝိုင်းမှာ ထိုင်ပြီး နားထောင်နေတဲ့ ဦးမောင်ဆိုတဲ့ ဘိုးတော်က ကျုပ်ကို ပြောတာဗျ။

"မင်းကို မဖဲဝါ စောင့်ရှောက်တယ်လို့ ပြောလို့ရတာပေါ့ကွ"

ဘာမှမပြောဘဲ လက်ဝါးတွေ မီးလှုံနေတဲ့ ဘိုးတော် ဦးစိန်ညွှက်ကလည်း ဝင်ပြောသဗျ။

"ဘာပဲပြောပြော တာတေက အရွယ်နဲ့ မလိုက်အောင် အတွေ့အကြုံတွေက များသားဗျ"

ဘိုးလိပ်ပုက ကျုပ်ကိုပြောရင်း တစ်ခုခုကို တွေးနေပုံပဲဗျ။ အားလုံးကလည်း ဘိုးလိပ်ပု ဘာပြောမှာတုံးဆိုတာကို နားထောင်နေကြတယ်။ ကျောက်ခဲနဲ့ သံမဏိကလည်း ခေါင်းလေးတွေ မော့လို့ဗျ။

"ဘိုးအသက် ငါးဆယ်လောက်က ထူးထူးဆန်းဆန်း တစ်ခု ကြုံဖူးတာ ပြောပြရဦးမယ်၊ ဒီတုန်းက ဘိုးတစ်ယောက်တည်း တောတက်တာကွဲ့၊ အင်း စကားဖြတ်ပြီး ပြောရဦးမယ် တာတေရေ၊ ဘိုးက တောထဲတောင်ထဲမှာ ဒုက္ခရောက်နေတဲ့ တိရစ္ဆာန်လေးတွေကို ခဏခဏ ကယ်ဖူးတယ်ကွဲ့၊ ဝါးရုံကြားမှာ ညပ်နေတဲ့ ချေတို့၊ ဆတ်တို့ တွေ့ရင် အမြဲတမ်း လွှတ်ပေးတယ်၊ ဘယ်တော့မှ သတ်ဖြတ်ပြီး အိမ်ကို ယူလာတာမျိုး မလုပ်ဘူးကွ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတော့ ဘိုးကယ်ရတာ တိရစ္ဆာန် မဟုတ်ဘူးကွ၊ တစ္ဆေသားအမိကို ကယ်ရတာ”

“ဗျာ…တစ္ဆေသားအမိ ဟုတ်လား ဘိုး”

“ဟုတ်ပါ့ဗျာ၊ အလယ်ရိုးမအနောက်ဘက်ခြမ်းမှာ တောမီးတွေ လောင်ပါရောကွာ၊ တောမီးကလည်း ကူးတာမြန်ပါ့ကွာ၊ ဘိုးဆိုတာ တောခုတ်ဓားတစ်ချောင်းကိုင်ပြီး ဘယ်ဘက်က ထွက်ရမှန်းတောင် မသိဘူးဖြစ်နေတာဟော့။ တဖြည်းဖြည်းနဲ့ မိုးကလည်း ချုပ်သွားရော၊ ဘိုးလည်း တောထဲက ထွက်လို့မရအောင် ဖြစ်နေရောဟော့။ ဒီမှာတင် တောထဲက အော်သံကြားရတာကွ။

‘အီး၊ အီး၊ အီး၊ ဟီး၊ ဟီး’ဆိုတဲ့ အသံကြီးကွ။ ဘိုးလည်း ကြက်သီးတွေ တဖျန်းဖျန်းထသွားတာပေါ့ကွာ။ ဘာသံကြီးတုံးဆိုပြီး ဘိုးက သေသေချာချာ နားထောင်ကြည့်တော့ ‘အီး၊ အား၊ အား၊ ဟီး၊ အား၊ ဟား’ ဆိုတဲ့ အသံက ‘ကယ်ကြပါ၊ ကယ်ကြပါ’ လို့ အော်နေတာကွ။ ဒါနဲ့ တောမီးတွေလောင်တဲ့ကြားကပဲ အသံကြီးကြားတဲ့ဘက်ကို ဘိုး ပြေးသွားခဲ့တယ်။ ညာဘက်ကြီးဆိုပေမယ့် တောမီးကြီးလောင်နေတော့ တစ်တောလုံးကို လင်းထိန်နေတာဟော့။ တစ်နေရာရောက်တော့ တောမီးတွေ ဝိုင်းနေတဲ့ နေရာမှာ ဆံပင်ဖားလျားကြီးနဲ့ ထမီအင်္ကျီ စုတ်စုတ်ပြတ်ပြတ် သရဲမကြီးရယ် သူ့လက်ကိုကိုင်ပြီး ရပ်နေတဲ့ တစ္ဆေမလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို တွေ့လိုက်ရသဟေ့"

"ဟာ…ဘိုး ညရဲမြင်ရတယ် ဟုတ်လား"

"ဘယ်တုန်းကမှ မမြင်ရပါဘူးကွာ၊ အဲဒီညကမှ ဘယ်လို ဖြစ်ပြီး မြင်ရတာတုံးဆိုတာတော့ ဘိုးမပြောတတ်ဘူး တာတေရာ၊ ရှေးလူကြီးတွေ ပြောကြသလိုပဲ ကံနိမ့်လို့ မြင်ရတာနေမှာပေါ့ကွာ"

"ဒါနဲ့ ဘိုး ဘာလုပ်တုံးဗျ"

"ပထမတော့ ဘိုးလန့်သွားတာပေါ့ကွာ၊ တစ္ဆေသရဲဆို တာ ဘိုးတစ်သက်မှာ တစ်ခါမှ မြင်ခဲ့ဖူးတာမှ မဟုတ်တာ။ အခုလို တောနက်ကြီးထဲမှာ ညဘက်ကြီး တောမီးတွေကလည်း လောင်နေတာဆိုတော့ တော်တော်ကို လန့်သွားတာပေါ့ကွာ။ ဒါပေမဲ့ တောထဲမှာ ဒုက္ခရောက်တဲ့ တိရစ္ဆာန်လေးတွေကို ဘိုးက ကယ်နေကြဆိုတော့ သရဲမသားအမိကို ကယ်ဖို့ ဘိုးချက်ချင်း တွေးလိုက်တယ်။ အချိန်ကလည်း မရတော့ဘူးဆိုတော့ ဘိုးက လက်ထဲက တောခုတ်တဲ့ဓားနဲ့ သစ်ပင် ခပ်သေးသေးတွေကို ခုတ်ပြီး မီးလမ်းဖြတ်ပစ်လိုက်တယ်။ ဘိုးတစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်အောင် ခုတ်လိုက်တော့ တစ်နေရာမှာ မီးလမ်းပြတ်သွားရော ဟေ့။ ဒါပေမဲ့ တောမီးက အရှိန်ပြင်းနေတော့ မီးလမ်းက ခဏပဲ ပြတ်မှာ။ ပြီးရင် လှမ်းကူးပြီး လောင်မှာပဲ။ ဒီတော့ မီးလမ်းပြတ် တာနဲ့ ဘိုးက သရဲမသားအမိကို လှမ်းအော်လိုက်ရတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



'ပြေး ပြေး ဒီဘက်ကိုပြေး၊ မြန်မြန်ပြေးဟဲ့'

လို့ အော်လိုက်တော့မှ ဘိုးလုပ်နေတာတွေကို ငေးပြီး ကြည့်နေတဲ့ သရဲမက သတိဝင်သွားပြီး သူ့သမီးကို လက်ဆွဲပြီး ပြေးတော့တာဟေ့။ သရဲမကြီးရော သရဲမလေးရော ဆံပင်တွေ ဆိုတာ လေထဲမှာ လွင့်နေတာဟေ့။ သရဲမသားအမိ လွတ်သွားတော့ ဘိုးလည်း လေညာကိုတက်ပြီး မီးလွတ်အောင် ရှောင်ရတော့တာ ပေါ့ကွာ။ အဲဒီညတော့ တောထဲမှာပဲ တစ်ညအိပ်လိုက်ရတယ်။

မနက်မိုးလင်းလို့ ဘိုးလန့်နိုးလာတော့ ဘိုးအိပ်တဲ့ ဘေး နားမှာ ဝင်းမှည့်နေတဲ့ ငှက်ပျောသီးတွေကွ။ ဘိုးလည်း ငှက်ပျော သီးတွေခူးပြီး ဆာဆာနဲ့ စားပစ်လိုက်တာ ဗိုက်ကို ကားသွားရော ဗျာ။ နောက်မှတွေးမိတာကွာ ညက ဘိုး ကယ်ခဲ့တဲ့ သရဲမသား အမိများ ဘိုးစားဖို့ ငှက်ပျောသီးတွေ လာထားသွားသလားလို့"

"ဟာ…ဟုတ်မှာပေါ့ ဘိုးရဲ့"

ကျောက်ခဲက ဘိုးကို လှမ်းပြောတာဗျ။ သံမဏိကတော့ မျက်လုံးကြီးပြူးပြီး နားထောင်နေတယ်။

"စကားကြုံလို့ ကျုပ်လည်း ပြောရဦးမယ်၊ ကျုပ်က တော့ ဘိုးလို တစ္ဆေသားအမိကို တွေ့တာမဟုတ်ဘူးဗျ၊ မြင်းစီး လာတဲ့ လင်မယားနှစ်ယောက်ကို တွေ့တာဗျ"

"ဟ…စိန်ညွှက်ရဲ့ မြင်းစီးလာတဲ့ လင်မယားတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



များ အဆန်းလားဟဲ့၊ လင်မယားပဲ မြင်းစီးချင်လည်း စီးလာမပေါ့၊ ကားမောင်းချင်လည်း မောင်းလာမှာပေါ့"

"ဟာ ကိုရှိန်ရာ မထူးဘဲ ကျုပ်က ပြောမတဲ့လားဗျ။ ကျုပ်က ဒီတုန်းက ဘုရားပြိုကို သွားတာဗျ။ မန်ကျည်းတန်းအထိ ကားနဲ့လိုက်သွားပြီး ဟိုကျတော့ လှည်းငှားသွားရတာ"

"နို့ နေပါဦး စိန်ညွက်ရဲ့၊ မင်းက ဘုရားပျို့ရွာအထိ ဘာသွားလုပ်ရတာတုံး"

"ဒီလိုကွာ၊ ငမောင်ရဲ့၊ ဒီတုန်းက ရှေးဟောင်းဒင်္ဂါးပြား တွေ ခေတ်ထနေတာဟော့၊ ဒင်္ဂါးဟောင်းတွေကို ဈေးကောင်းပေး ဝယ်နေကြလို့ ငါက အဲဒီဘက်ကို ဒင်္ဂါးပြားတွေ ဝယ်ဖို့ သွားတာကွ"

"အလုပ်ကော ဖြစ်ရဲ့လား"

"ပထမတစ်ခေါက်ကတော့ ဖြစ်တယ်ကွ၊ နောက် တစ်ခေါက်ကတော့ ထင်သလောက် မဖြစ်တော့ဘူး၊ နေစမ်းပါဦး ကွာ၊ ငါ့စကားတောင် ဘယ်ရောက်သွားပြီတုံး မသိတော့ဘူး"

"မန်ကျည်းတန်းက လှည်းငှားသွားတာလေ ဘိုး"

ကျောက်ခဲက ဦးစိန်ညွက်ကို ဘုန်းကြီးတရားထောက် သလို ထောက်ပေးလိုက်တာဗျ။

ဩော်...အေး အေး၊ အဲဒါ လှည်းနဲ့ ဘုရားပြိုကိုအသွား ပြိုကျနေတဲ့ ဘုရားကြီးနား မရောက်တရောက်မှာ ကျုပ်တို့လှည်း



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်က မြင်းခွာသံတွေကြားလို့ လှည့်ကြည့်လိုက်တော့ မြင်းနှစ်စီးဗျ။ အသားကျ စီးလာတာ၊ ကျုပ်ကလည်း သေသေချာချာကို ကြည့်နေတာဗျို့။ မြင်းနှစ်စီးကို ရင်ဘောင်တန်းပြီးတော့ကို စီးလာတာ။ အနားနီးတော့မှ သေသေချာချာ မြင်ရတာကလား။ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ဗျ။ နှစ်ယောက်လုံး ဝတ်ထားတာ ဘုရင်တွေခေတ်က နန်းတွင်းသူ နန်းတွင်းသားတွေ ဝတ်တဲ့ ပုံစံမျိုးနဲ့ဗျ။ ယောကျ်ားက သျှောင်တွဲလေးနဲ့ ပုဝါပန်းရောင်လေးပေါင်းလို့။ မိန်းမကတော့ ချိတ်လုံချည်နဲ့ ခါးတောင်အင်္ကျီ ဝတ်လို့ဗျ။

ဒီခေတ်မတော့ ဒီအဝတ်အစားမျိုးကို ဇာတ်ထဲမှာပဲ တွေ့နိုင်တော့တာပေါ့ဗျာ။ ကျုပ်တို့လှည်းနဲ့ ငါးပေလောက်အကွာကနေပြီး ဖြတ်စီးသွားတာဗျ။ ကျုပ်လည်း သေသေချာချာ လိုက်ကြည့်နေတာပေါ့ဗျာ။ ကျုပ်တို့ လှည်းကိုလည်း တစ်ချက်ကလေးတောင် လှည့်ကြည့်မသွားကြဘူးဗျ။

လှည်းကိုကျော်သွားပြီး ပေနှစ်ဆယ်လောက်အကွာကို ရောက်တော့ ဖြုတ်ကနဲ ပျောက်သွားတာဗျ။ ဒီတော့မှ ကျုပ်က…

"ဟာ" ဆိုပြီး အော်လိုက်တာကိုဗျ။ ဒီမှာတင် ကျုပ်နဲ့အတူ အဖော်ပါလာတဲ့ ကျုပ်တူ အောင်သိန်းက…

"လေးလေး ဘာဖြစ်လို့တုံး"



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျုပ်ကို အလန့်တကြားမေးရောဗျ။ ကျုပ်ကလည်း ဒီကောင့်ကို အံ့ဩသွားပြီး…

“ဟကောင် အောင်သိန်း၊ ဟိုမြင်းတွေ ပျောက်သွားတာ မင်း မမြင်ဘူးလား”

လို့ ပြန်မေးတော့ အောင်သိန်းက ကျုပ်ကို ဖြူးတူးပြဲတဲ့နဲ့ ကြည့်ပြီး…

“ဘလေးစိန်ညွှက် ပြောတာ ဘယ်မြင်းတုံး၊ ကျုပ်တော့ ဒီနားမှာ မြင်းတစ်ကောင်မှ မမြင်ပါလား”

လို့ ပြောသဗျ။ ဒါနဲ့ ကျုပ်က လှည်းမောင်းတဲ့ ကလေးကို မေးရတော့တာပေါ့ဗျာ။

“ငါ့တူရာ ခုနက လှည်းကိုကျော်တက်သွားတဲ့ မြင်းနှစ်ကောင်နဲ့ မြင်းစီးလာတဲ့ ယောက်ျားနဲ့ မိန်းမကို မမြင်ဘူးလား”

“ကျုပ်လည်း မမြင်ပါဘူးဗျ”

လို့ လှည်းမောင်းတဲ့ ကောင်လေးကလည်း ပြောသဗျ။ ဒီမှာတင် ကျုပ်က ကျုပ်မြင်လိုက်တဲ့ မြင်းတွေအကြောင်း သူတို့ကို သေသေချာချာ ပြောပြရတော့တာပေါ့ဗျာ။ ဒီတော့မှ နွားလှည်းမောင်းတဲ့ ကောင်လေးက ပြောသဗျ။

“ဘကြီး မြင်တာတွေက ဥစ္စာစောင့်တွေ ဖြစ်နိုင်တယ်ဗျ။ ဒီဘုရားပြိုကြီးနားမှာ ဥစ္စာစောင့်တွေ သွားလာနေတတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့တော့ ပြောသံကြားဖူးတယ်ဗျ”

“ဒီတော့မှ ကျုပ်လည်း ကျုပ်မြင်လိုက်တာ ဥစ္စာစောင့်တွေပဲ ဖြစ်လိမ့်မယ်လို့ တွေးလိုက်မိတာပေါ့ဗျာ။ ဒါပေမဲ့ သုံးယောက်သားမှာ ကျုပ်တစ်ယောက်ပဲ မြင်ရတာကိုတော့ ကျုပ် ဒီနေ့အထိ တွေးလို့ကို မရဘူးဗျ”

“အင်း...စိန်ညွှက်က ပြောတော့ ကျုပ်အတွေ့အကြုံလေးလည်း ပြောပြရဦးမှာပေါ့ဗျာ”

ဘိုးရှိန်က စကားစလိုက်တာဗျ။

“နွားများ သရဲတစ္ဆေဆိုရင် လွတ်ကြောက်ကြတာဗျ”

“ဟာ ကိုရှိန်ကလည်း သူတို့က နာနာဘာဝကို မြင်ရတယ်လေဗျာ”

“အေးဗျ၊ ကိုမောင်ပြောတာ ဟုတ်လိမ့်မယ်၊ တစ္ဆေသရဲနဲ့ကြုံရင် လူထက် သူတို့က ကြောက်တာကလားဗျာ။ ဒီတုန်းက ကျုပ်က ကပ္ပလီစုမှာ နှမ်းမျိုးသွားဝယ်တာဗျ။ နှမ်းမျိုးဝယ်ရင်းနဲ့ ကပ္ပလီစုက ငစိမ်းတို့အုပ်စုက အတင်းဆွဲတာနဲ့ ထန်းတောမှာဝင်ပြီး ထန်းရည်သောက်တာနဲ့ မိုးကချုပ်ရောဗျ။ လရောင်လေးတော့ ရှိတာပေါ့ဗျာ။ ကျုပ်က လှည်းကို မှန်မှန်ပဲ မောင်းလာတာပါ။ မန်းကျည်းပင်အုပ်ကလေးနားရောက်တော့ နွားတွေက တုံ့ကနဲရပ်ပြီး ရှေ့ကို နည်းနည်းမှကို မတိုးတော့ဘူးဗျ။ နွားခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း တဖူးဖူးနဲ့ မှုတ်နေရောဗျာ။ ကျုပ်လည်း နွားတွေကို ပဲ ဖိမောင်းနေရတော့တာဗျို့။ နကန်နဲ့ထိုးလည်းမသွားဘူး၊ ပေကို ခံနေတာဗျ။ ဒါနဲ့ ကျုပ်လည်း ဟိုကြည့် ဒီကြည့်နဲ့ လိုက်ကြည့် တော့မှ သွားတွေ့တာဗျို့။ တစ်ကိုယ်လုံး မဲမှောင်နေတဲ့ကောင်ဗျ။ ဆံပင်တွေက အရှည်ကြီးဗျာ။ မျက်နှာကို အုပ်ကျနေတာ ရင်ဘတ် လောက်ကို ရောက်တယ်။ အောက်ပိုင်းမှာ ပုဆိုးတော့ ပါတယ်ဗျ။ ဒူးခေါင်းလောက်ကို တိုတိုကြီး ဝတ်ထားတာ။ မန်ကျည်းပင်အုပ် အောက်မှာ ရပ်နေတာဗျ။ ကျုပ်လည်း ဘာလုပ်ရမှန်း မသိတော့ ဘူးဗျို့။ သောက်ထားတဲ့ ထန်းရည်အရှိန်လေးလည်း ပျောက်သွား တော့တာပေါ့ဗျာ။

ဒီမှာတင် ကျုပ်စားဖို့ဆိုပြီး ငစိမ်းတို့ညီအစ်ကိုတွေ ထည့် ပေးလိုက်တဲ့ အမဲခြောက်ထုပ်ကြီးကို သတိရသွားပြီး ပေးလိုက်ရင် ကောင်းမလားလို့ စဉ်းစားနေတာဗျ။ ကျုပ်တွေးတာကို မဲနက်နေတဲ့ ဒီသရဲက သိပုံရတယ်ဗျ။

"အီး၊ အီး" လို့ အော်ပြီး သူ့ရဲ့လက်နှစ်ဖက်ကို ရှေ့တန်း ပြီး ဖြန့်ထားတယ်ဗျ။ တောင်းတဲ့သဘောပေါ့ဗျာ။

'မင်းစားဖို့ အမဲခြောက်တွေ ငါပေးခဲ့မယ်၊ ငါသွားမယ့် လမ်းကို မနှောင့်ယှက်နဲ့၊ ရှော့'

ဆိုပြီး ကျုပ်က ငစိမ်းတို့ ပေးလိုက်တဲ့ အမဲခြောက်ထုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပစ်ပေးလိုက်တယ်။ ဆံရှည်သရဲက အထုပ်ကို လှမ်းဖမ်းယူပြီး တစ်ခါတည်းကို ပျောက်သွားရောဗျို့။ ဒီတော့မှ ကျုပ်ရွာသားတွေလည်း သုတ်ခြေတင်တော့တာပေါ့ဗျာ။ ထနောင်းကုန်းကို ခဏလေးနဲ့ ရောက်လာတာဗျို့''

ကျုပ်တို့လည်း ဘိုးလိပ်ပု တည်တဲ့ လက်ဖက်ကလေးစားလိုက်၊ အကြမ်းလေးသောက်လိုက်နဲ့ နားထောင်လို့ကလည်းကောင်းပါ့ဗျာ။

တော်တော်လေးညဉ့်နက်တော့မှ ဘိုးလိပ်ပုတို့အိမ်ကနေကျုပ်တို့ ပြန်လာခဲ့ကြတာဗျ။

နောက်တစ်နေ့ ကျုပ် အိပ်ရာကနိုးတော့ အမေကကျုပ်ကို ဆီးပြောတယ်ဗျ။

''ဟဲ့ တာတေ၊ နင် ထမင်းကြမ်းစားချင်ရင်စားဖို့ ငါဝက်သားဟင်း ဖယ်ထားတယ်၊ ကျန်တာကတော့ ထမင်းကြီးစားတော့မှ စားမယ်''

''အမေက ဝက်သားဟင်း ဘယ်ကရလို့တုံး၊ ချက်တာလည်း မတွေ့ပါလား''

''ငါချက်တာ မဟုတ်ဘူး၊ နင့်ဒွေးလေးပြားကြည် လာပေးတာ၊ မနေ့က သူတို့ ပဲတွေအကုန်သိမ်းဆည်းပြီးသွားလို့ဆိုပြီးဘန်းဘွေးကုန်းမှာ ဝက်ဆုံသား မှာသတဲ့။ မနည်းဘူး။ သုံးပိဿာ



www.burmeseclassic.com

www.burmeseclassic.com



တောင်ကျော်တယ်တဲ့။ ဘုန်းကြီးကျောင်းလည်း ခွမ်းပို့သတဲ့။ ရပ်ထဲရွာထဲက လူကြီးသူမတွေကိုလည်း ဟင်းပို့သတဲ့။ ငါ့ဆီလည်း ပို့တာ ချိုင့်နဲ့တစ်လုံးပဲဟဲ့"

"ဩော် ဟုတ်လား၊ ဒွေးလေးတို့ ပဲတွေ ဘယ်လိုနေသတဲ့တုံး"

"တော်တော်လေးရတယ်ဆိုပဲ၊ ဈေးကောင်းလည်းရတော့ တစ်ခါတည်းကို ရောင်းပစ်လိုက်တာဆိုပဲ"

"ဩော် အဆင်ပြေတာပေါ့၊ သူတို့လင်မယားတွေ အလုပ်လုပ်တာတော့ တော်တော်ကို တက်ညီလက်ညီရှိတာဗျ။ မနက်အစောကြီး ထမင်းတောင်းထည့်ပြီး ယာထဲဆင်းကြတာ ဘလေးက လှည်းမောင်းလို့ ဒွေးလေးက သူတို့သမီး ပဲစိန်မကို သူ့ရင်ခွင်ထဲ ထိုင်ခိုင်းပြီး စောင်တစ်ထည်ခြုံခေါ်သွားတာ ပဲစိန်မကလည်း ငုတ်တုတ်ကလေးထိုင်ပြီး အိပ်လိုက်သွားတာဗျ"

"ပဲစိန်မကို ခေါ်သွားရတာပေါ့ဟဲ့၊ အိမ်မှာထားခဲ့လို့မှ မရတာ။ မအေ သွားလေရာကို ဒီကောင်မက တကောက်ကောက်လိုက်နေတာလေ၊ ယာထဲရောက်မှပဲ သစ်ပင်အောက်မှာ ဖျာတစ်ချပ်ခင်းပြီး ဆော့ခိုင်းထားတာဆိုပဲ။ ဆွဲခြင်းတောင်းထဲမှာ ပဲစိန်မ ကစားတဲ့ အိုးပုတ်တွေ၊ အရုပ်တွေ အကုန်ထည့်သွားဆိုပဲဗျ၊ အဲဒါ ဘန့်ဘွေးပင်ကြီးအောက်မှာ ဖျာခင်းပေးထားရင် တစ်နေ့ကုန်



www.burmeseclassic.com

www.burmeseclassic.com



တည်း စကားတပြောပြောနဲ့ ဆော့နေတာတဲ့ဟဲ့။ ကလေးကလည်း ကလေးအေးလေး ရထားတော့ အဖေ အမေတွေ အလုပ်မပျက် တော့ စီးပွားတက်တာပေါ့ဟယ်''

ညဘက်အေးလွန်းတော့ ကျုပ်တို့တွေ ဘယ်မှာကောင်း ကောင်းအိပ်နိုင်မှာတုံးဗျာ။ ခဏခဏနိုးတော့တာပေါ့။ မနက် ရောက်တော့ အိပ်ရာက စောစောမထနိုင်ကြဘူးဗျ။ ကျုပ်ဆိုရင် မနက်ကို ခုနစ်နာရီကျော်မှ နိုးတာချည်းပဲဗျ။

''ကိုကြီးတာတေ၊ ကိုကြီးတာတေ''

ကျုပ်က နိုးတော့နေပြီဗျ။ အိပ်ရာထဲမှာ စောင်ခြုံပြီး ကွေးနေတာ။ ဝိုင်းဝကနေ ကျုပ်ကိုခေါ်နေတာ ကျောက်ခဲအသံဗျ။ ကျုပ်အိပ်ရာကနေ ကပျာကယာထပြီး ဝိုင်းဝကို လှမ်းကြည့်လိုက် တယ်။ နှင်းတွေမှ ကျလိုက်တာ ဖိတ်နေတာဗျ။ ဝိုင်းဝကို မြင်ဖို့ နေနေသာသာ ရှေ့တစ်လံလောက်ကိုတောင် မမြင်ရဘူး။

''ကျောက်ခဲလား၊ လာလေကွာ၊ ဝင်ခဲ့၊ ဝင်ခဲ့''

ဟုတ်ပါ့ဗျာ။ ကျောက်ခဲဗျ။ စောင်ကြားကြီးတစ်ထည် ကိုယ်မှာပတ်လို့ဗျို့။ သိပ်အေးရင် လည်ပင်းနဲ့ နားကို လုံအောင် လုပ်ထားရတာလေဗျာ။

ကျောက်ခဲခုံတန်းမှာ ဝင်ထိုင်လိုက်တာနဲ့ ကျုပ်ပြောလိုက် တာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"စောစောစီးစီးပါလားကွ၊ ကျောက်ခဲရ"

"ဟာ မစောတော့ပါဘူးဗျ၊ ကိုကြီးတာတေက အိပ်ရာထနောက်ကျနေလို့ပါ။ ရှစ်နာရီပဲ ထိုးပေါ့"

"ဟော ဟုတ်လားကွ၊ ခဏစောင့်ကွာ"

ကျုပ်က မျက်နှာကို ကပျာကယာသစ်တယ်။ ပြီးတော့ အမေ အဆင်သင့်ထည့်ပေးထားတဲ့ ထမင်းကြမ်းပန်းကန်နဲ့ ခရမ်းချဉ်သီးပန်ထွေဖျော်ကို အိမ်ရှေ့ယူလာပြီး စားရင်းသောက်ရင်း ကျောက်ခဲနဲ့ စကားပြောရတာပေါ့ဗျာ။ ဗိုက်ကလည်း ဆာနေပြီလေဗျာ။

"ကျောက်ခဲ အကြောင်းတစ်ခုခုတော့ ရှိပြီထင်တယ်"

"ဟုတ်တယ်ဗျ၊ ကိုကြီးတာတေရ၊ ဒွေးလေးပြားကြည်တို့အိမ်ရှေ့မှာ ညက သရဲမကြီး မြင်လို့တဲ့"

"ဟော ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ဒွေးလေးပြားကြည်ရော၊ ဘလေးသိုးဖြူရော မြင်တာတဲ့ဗျ။ ဒီမနက်ကျတော့ ဘလေးတို့ မျက်နှာချင်းဆိုင် တည့်တည့်ဝိုင်းက အရီးဒေါ်ဆင်မကြီးကလည်း ညက သူလည်း မြင်တယ်လို့ ပြောတယ်ဗျ"

"ဟ ဒါဆိုရင် ဟုတ်လို့ပေါ့ကွ၊ သရဲမက ဘယ်လိုပုံ တုံး ကျောက်ခဲရ"



www.burmeseclassic.com

www.burmeseclassic.com



"အရပ်အရှည်ကြီးတဲ့ဗျ၊ ဆံပင်ကြီးဖားလျားချလို့တဲ့။ မျက်နှာရော ကိုယ်လုံးရော ဆံပင်က ဖုံးနေတာတဲ့ဗျ။ ဆံပင်က သရဲမရဲ့ ဒူးခေါင်းလောက်အထိ ဖုံးနေတာဆိုပဲဗျ"

"အဝတ်အစားကော ပါသတဲ့လား"

"ဟာ ကိုကြီးတာတေကလည်း ဆံပင်ကြီးက တစ်ကိုယ်လုံးဖုံးနေပါတယ်ဆိုမှတော့ အဝတ်အစားပါလား မပါလား ဘယ်သိမှာတုံးဗျ"

"အေး…ဒါလည်း ဟုတ်တာပဲ၊ နို့ သရဲမက ဒွေးလေးဖြားကြည်တို့ဝိုင်းရှေ့မှာ ဘာလုပ်တာတဲ့တုံး"

"သူတို့ပြောတာတော့ ဘာမှမလုပ်ဘူးတဲ့ဗျ၊ ဝိုင်းရှေ့မှာ ခေါင်တုန့်ခေါက်ပြန်လျှောက်လိုက်၊ အိမ်ထဲကို ကြည့်လိုက်ပဲ လုပ်နေတာတဲ့ဗျ။ ဝိုင်းစည်းရိုးကို ထိလိုက်ရင် မီးပူသလို တုံ့ကနဲ တုံ့ကနဲ ဖြစ်သွားတာဆိုပဲဗျ။ ဘလေးသိုးဖြူတို့ကလည်း ဒီနှစ်ပဲတွေအောင်လို့ဆိုပြီး မနေ့ကတင် ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်မတဲ့ဗျ။ ပုဗ္ဗာရုံကျောင်းဆရာတော်က သူတို့လင်မယားကို ပရိတ်ရေတစ်ပုလင်း ပေးတယ်ဆိုပဲ။ ပြီးတော့ ဆရာတော်က အမိန့်ရှိသေးသတဲ့ဗျ။

"ဒီပရိတ်ရေထဲမှာ ဆေးဝါးတွေပါတယ်၊ အိမ်ရောက်ရင် ရေနဲ့ပွားပြီး ဝိုင်းစည်းရိုးကိုပတ်ဖြန်းထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com


လို့ ဆရာတော် မှာတာနဲ့ ဘလေးသိုးဖြူက ဝိုင်းထဲရော ဝိုင်းစည်းရိုးရော ပရိတ်ရေဖြန်းထားတာဆိုပဲဗျ။

"အေး ဒါကြောင့် ဝိုင်းစည်းရိုးကို သရဲမ မကိုင်နိုင်တာ ဖြစ်မှာပေါ့ ကျောက်ခဲရ"

"ဟုတ်မယ်ဗျ၊ ကိုကြီးတာတေရ"

"နေပါဦး ကျောက်ခဲရဲ့၊ အဲဒီသရဲမက နောက်ဆုံးဘယ် ရောက်သွားတုံး"

"ခွေးလေးပြားကြည်တို့ ပြောတာကတော့ သူတို့အိမ်ရှေ့က မန်းကျည်းပင်ကြီးပေါ်ကို တက်သွားတယ်တဲ့ဗျ"

"ဟော ဟုတ်လားကွ၊ ဒါဆိုရင် နဂိုတည်းက ဒီအပင်မှာ နေတဲ့ သရဲမလားမှ မသိတာ"

"ဒါတော့ မပြောတတ်ဘူးဗျ"

ကျောက်ခဲနဲ့ ကျုပ်နဲ့ စကားကောင်းနေလိုက်ကြတာ ဆယ်နာရီထိုးလောက်ရှိမှ ကျောက်ခဲပြန်သွားတာဗျ။ ကျောက်ခဲ ပြန်သွားပြီး သိပ်မကြာဘူးဗျ။ အမေ ရွာထဲက ပြန်လာတယ်။ အဘကတော့ ပါမလာဘူး။

"ဟဲ့ တာတေ၊ နင် ဘယ်အချိန်မှ နိုးလာတုံး"

"ရှစ်နာရီလောက်မှ နိုးတာဗျ"

"တာတေတို့ကတော့ မအိပ်ရင်လည်း မအိပ်ဘူး၊ အိပ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လည်း မနိုးတော့ဘူး"

"ဒါတောင် ကျောက်ခဲ လာနှိုးလို့ နိုးသွားတာဗျ၊ ဒါထက် အဘရောဗျ"

"နင့်အဘနဲ့ ငါနဲ့ သာမောင်တို့၊ မိစိန်တို့အိမ်က ဆွမ်းကပ်ဖိတ်လို့ သွားကြတာ၊ နင့်အဘကတော့ အဲဒီအိမ်မှာ လူကြီးတွေ စုမိပြီး စကားကောင်းနေကြတာနဲ့ ပြန်လိုက်မလာသေးဘူး၊ နို့ ကျောက်ခဲက စောစောစီးစီး နင့်ဆီကို ဘာလာလုပ်တာတုံး"

"ညက ဒွေးလေးပြားကြည်တို့ဝိုင်းရှေ့မှာ သရဲတွေ့လို့တဲ့ အမေရေ"

"ပေါက်ပေါက်ရှာရှာပဲ၊ ဘယ်သူကများ မြင်တာတဲ့တုံး"

"ဒွေးလေးပြားကြည်ရော သူ့ယောက်ျား ဘလေးသိုးဖြူရော အရှေ့ဝိုင်းက အရီးဒေါ်ဆင်မကြီးရော မြင်တယ်တဲ့ဗျ"

"သရဲက အထီးလား၊ အမလား"

"သရဲမကြီးတဲ့ဗျ၊ ဆံပင်က တစ်ကိုယ်လုံးကို ဖုံးနေတာ ဆိုပဲ"

"ဘာတွေဖြစ်ကြပြန်ပြီတုံး၊ နင်ကတော့ စပ်စပ် စပ်စပ်နဲ့ ပါရဦးမှာပေါ့၊ ဟုတ်လား တာတေ"

"မပါလို့ ဘယ်လိုလုပ်မတုံး အမေရယ်၊ ဒါ ကိုယ့်ရွာပဲ မဟုတ်လား၊ ရွာမသန့်လို့ရှိရင် အားလုံးဒုက္ခရောက်ကြမှာလေဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒါလည်း ဟုတ်တာပဲ၊ ဒါကြောင့် ရွာသန့်အောင်ဆိုပြီး နှစ်တိုင်း လမ်းဆုံလမ်းခွမှာ ပရိတ်တွေ ရွတ်ကြတာပေါ့ဟဲ့။ ဒီကြားထဲမှာ မကောင်းဆိုးဝါးက ဘယ်ကနေများ ရောက်လာရတာတုံးဟယ်"

"အခြေအနေတော့ စောင့်ကြည့်ရဦးမှာပေါ့ အမေရာ၊ သူ့ဟာသူ ပျောက်ချင်လည်း ပျောက်သွားမှာပေါ့ဗျာ"

တစ်နေကုန် တလှုပ်လှုပ်နဲ့ လုပ်စရာရှိတာတွေ လုပ်ကြ၊ သွားစရာရှိတာတွေ သွားကြနဲ့ ညမိုးချုပ်တော့မှ နားကြပြီး မီးလှုံကြရတာပေါ့ဗျ။ မီးလှုံရင်း စကားစမြည်ပြော၊ တော်တော်လေးနွေးပြီဆိုတော့မှ အိပ်ရာဝင်ကြရောဗျို့။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

"ဟဲ့ တာတေ၊ ထစမ်း၊ ထစမ်း၊ မီးကင်းက သံချောင်းတွေခေါက်လို့၊ မီးများလောင်သလား"

ကျုပ်လည်း အိပ်ရာကနိုးလာပြီး ချက်ချင်းထလိုက်တယ်။ ပြီးတာနဲ့ ဝိုင်းထဲဆင်းပြီး တောင်မြောက်လေးပါးကို ကြည့်ရတာပေါ့ဗျာ။

"ဟိုဘက်ကို ပြေးပြီဟေ့၊ တောင်ဘက် တောင်ဘက်"

ရွာအရှေ့ပိုင်းက အော်သံတွေ ကြားသဗျ။ အင်း··ဒါဆိုရင်တော့ မီးလောင်တာ မဟုတ်ဘူး။ သူခိုးသူဝှက်မြင်လို့ ရှိမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တွေးပြီး အိမ်ပေါ်ပြန်တက်ခဲ့တယ်။

"မီးမဟုတ်ဘူး အမေ၊ သူခိုး လိုက်တာပါ"

"ဩော် သူခိုးနှယ်၊ ဒီလောက်အေးရတဲ့ကြားထဲ သူများ ပစ္စည်းကို ခိုးရတယ်လို့၊ အလုပ်လုပ်စားရင်တောင် ဒီထက် ဖိမ်ရှိဦးမယ်"

ကျုပ်အမေကတော့ သူ့ထုံးစံအတိုင်း ပွစိ ပွစိပြောနေတော့တာဗျ။ ကျုပ်ကတော့ အိပ်ရာထဲ ပြန်ဝင်ပြီး ကွေးနေလိုက်တယ်။ စောစောက မီးလှုံထားတဲ့ အရသာလေးတွေလည်း ပျောက်သွားရောဗျို့။ ကျုပ်လည်း အနွေးဓာတ်ကလေးပြန်ရပြီး မှေးကနဲ အိပ်ပျော်မယ် ရှိသေးသဗျ။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

"ဟဲ့ လုပ်ကြပြန်ပြီ၊ ဒီသူခိုးက ဘယ်လိုသူခိုးတုံး တာတေရဲ့၊ သူခိုးဆိုတာ လူမိရင် တစ်ခါတည်း ပြေးရောမို့လား၊ အခုတော့ သူခိုးက တစ်ကြော့ပြန်လာပြီး ခိုးတာလားဟဲ့"

"ကျုပ်လည်း မသိဘူး အမေရဲ့၊ ထူးတော့ ထူးသားဗျ"

အမေနဲ့ ကျုပ်နဲ့ပြောနေတာကို အဘကတော့ တစ်ခုမှ ဝင်မပြောဘူးဗျို့။ ခဏနေတော့ ကျုပ်လည်း အိပ်ပျော်သွားတယ်။ နောက်တစ်ခါတော့ သံချောင်းမခေါက်တော့ဘူး ထင်တာပဲဗျာ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဟေ ဘယ်သူတုံး"

ကျုပ် နိုးရုံရှိသေးတာဗျ။ ဝိုင်းဝက ခေါ်သံကြားလို့ ယောင်ပြီးထူးလိုက်တာ။

"တာတေ ထတော့၊ ဟိုမှာ ကျောက်ခဲနဲ့ သံမဏိနဲ့ ဝိုင်းထဲဝင်လာကြပြီ၊ တစ်ခုခုထူးလို့ လာတာပဲဖြစ်မယ်"

"ဟဲ့ ကျောက်ခဲလား၊ လာလေ၊ ဟိုဟာ သံမဏိမို့လား၊ လာကြ၊ လာကြ"

အမေကပဲ ဒီကောင်နှစ်ယောက်ကို လှမ်းခေါ်တာဗျ။ ကျုပ်လည်း မျက်နှာ ကပျာကယာသွားသစ်ပြီး ထွက်ခဲ့ရတာပေါ့ဗျာ။

"ကျောက်ခဲနဲ့ သံမဏိ ဘာထူးတုံး"

"ဟာ မနေ့က ကျုပ်လာပြောတဲ့ သရဲမကြီးပေါ့ဗျ၊ ညက ရွာထဲမှာ ဟိုပြေး ဒီပြေး လုပ်နေလို့ ကင်းသမားတွေ ကြောက်ပြီး ထွက်ပြေးကြတာ၊ မပြေးခင် သံချောင်းခေါက်ခဲ့ကြတာဗျ"

"ဟေ ဟုတ်လား၊ ငါက သူခိုးမှတ်နေတာ"

"ဟာ ဘယ်ဟုတ်လို့တုံးဗျာ၊ သူခိုးဆိုရင် သံချောင်းသံ တစ်ခါကြားကတည်းက ပြေးမှာပေါ့ဗျ။ အရှေ့ဘက်ကင်းက ခေါက်ပြီး ခဏကြာတော့ တောင်ပိုင်းကင်းကလည်း သရဲမကြီးကို မြင်လို့ဆိုပြီး ထခေါက်ကြတာဗျ။ ဒီညတော့ ရွာထဲမှာ ကင်းတိုးချမှ ဖြစ်မှာဗျ။ လူနည်းရင်တော့ ဘယ်သူမှ စောင့်ကြမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျ။ လွတ်ကြောက်သွားကြတာ"

ကျုပ်လည်း ဘာလုပ်ရင်ကောင်းမလဲလို့ တွေးနေတာဗျ။ ဘာဖြစ်တာတုံးဆိုတာ သေသေချာချာသိမှ ဖြစ်မှာလေဗျာ။

"ကဲ ကျောက်ခဲနဲ့ သံမဏိ၊ ဒီည မဖဲဝါကို စားပွဲပေးပြီး မေးကြဖို့ပဲရှိတယ်"

ကျုပ်ကပြောတော့ ဒီကောင်တွေ ခေါင်းကလေးတွေ ထောင်သွားသဗျို့။ ဒါမျိုးများဆိုရင် ဒီကောင်နှစ်ယောက်က လွတ်စိတ်ဝင်စားတဲ့ကောင်တွေဗျ။

"ထမင်းစားပြီးချိန်လောက်ကျရင် မင်းတို့နှစ်ယောက် ပြန်လာခဲ့ကြကွာ၊ ငါ ကြက်ဝယ်ဖို့ ပိုက်ဆံပေးလိုက်မယ်၊ ငှက်ပျော ဖက်ပါ တစ်ခါတည်း ခုတ်ခဲ့ကြ"

ဒီကောင်နှစ်ယောက်က စိတ်ချရတယ်ဗျ။ နေ့ခင်းပိုင်း ရောက်တော့ ကျုပ်ဆီကို ပြန်ရောက်လာတယ်။ ကြက်တစ်ကောင် လည်း အမွေးနုတ်ပြီးသား ပါလာတယ်။ ထမင်းတစ်အိုး၊ ကြက် သားတစ်အိုး ဝိုင်းချက်လိုက်ကြတာ ကျက်ကရောဗျ။

အားလုံးကျက်တော့မှ ကျုပ်က ပြောတာဗျ။

"ကဲ ကျောက်ခဲ၊ မီးလောင်ကုန်းက ဒေါ်တုတ်ကို သွား ခေါ်ကွာ"

"ဟာ ကိုကြီးတာတော၊ မြောက်ပိုင်းက အရီးမဖြူတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ဒေါ်ထွန်းကြီး ရောက်နေလို့ ကျုပ် အကျိုးအကြောင်း ပြောခဲ့ပြီးပြီဗျ။ ဒေါ်ထွန်း စောင့်နေလိမ့်မယ်၊ အချိန်ကျရင်သာ လာခေါ်လို့ ဒေါ်ထွန်းက မှာလိုက်တယ်"

"ဟော ဟုတ်လား၊ မင်းတောင် တော်တော်လုပ်တတ်နေပြီပဲ၊ ကဲ ဒီည ဒေါ်ထွန်းကို ခေါ်သွားပြီး သင်္ချိုင်းထဲမှာ မဖဲဝါကို ပင့်ကွာ၊ စားပွဲလည်းပေး၊ ပြီးတော့ ခါတိုင်း ငါလုပ်သလို ကိစ္စကို ပြောပြလိုက်"

"ဟာ မဟုတ်တာဗျာ၊ မဖဲဝါက ကျုပ်ပင့်လို့ လာမလားဗျ၊ မလုပ်ပါနဲ့ဗျာ၊ မဖဲဝါ မလာဘဲ တခြားသရဲတွေ ရောက်လာလို့ အသက်တောင် ဘယ်ကထွက်ရမှန်း မသိအောင် ဖြစ်သွားလိမ့်မယ်"

ကျုပ်က ရယ်စရာပြောလိုက်တော့ သံမဏိက ရယ်တော့တာပဲဗျို့။

ရှစ်နာရီထိုးတာနဲ့ ဒေါ်ထွန်းကို စင်ခေါ်ပြီး ကျုပ်တို့ ထနောင်းကုန်းသင်္ချိုင်းထဲကို ရောက်လာခဲ့တယ်။ စားပွဲတွေ ဂူပေါ်မှာပြင်ပြီး ခါတိုင်းလိုပဲ မဖဲဝါကို ကျုပ်က ပင့်တယ်။

"ဝူး၊ ဝူး၊ အာဝူး၊ အီး၊ အီး၊ အီး"

ဟော မကြာလိုက်ဘူးဗျ၊ မဖဲဝါရဲ့ ခွေးကြီးနက်ကျော် အူတဲ့အသံကို ကြားရတယ်။ မဖဲဝါရဲ့ ခွေးကြီးအူသံကို ကျုပ်တို့ ကြားရတာလေဗျာ။ ကျန်တဲ့လူတွေက ဘယ်ကြားမှာတုံးဟော



www.burmeseclassic.com

www.burmeseclassic.com



ဂူတွေအပေါ်က ဖြတ်ပြီးရွေ့လာတဲ့ ဖြူဖြူအရိပ်ကြီးက ဒေါ်ထွန်းကို ပြေးကပ်လိုက်တယ်။ ဆံပင်ဖားလျားချပြီး လက်အုပ်ကလေးချီထားတဲ့ ဒေါ်ထွန်းက လက်ကြီးတွေ ကောက်ကွေးပြီး ထလာတယ်ဗျ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ပါးစပ်ကလည်း အသံတွေ ထွက်နေသဗျ။ မတ်တတ်ရပ်ပြီးတာနဲ့ ဂူကြီးပေါ်က စားပွဲတွေကို လှမ်းကြည့်တယ်။ ဟောခုန်ပြီဗျို့။ မဖဲဝါ ခုန်ပြီ။ လွှားကနဲနေတာပဲဗျာ။ ဂူပေါ်မှာ အကျအနထိုင်ပြီး စားတော့တာဗျို့။ ခဏနေတော့ ကျုပ်ကို လှမ်းကြည့်တယ်။

"မဖဲဝါ ကျုပ်တို့ထနောင်းကုန်းရွာထဲကို ညဘက်ရောက်ရင် ဆံပင်အရှည်ကြီးနဲ့ သရဲမကြီး ရောက်ရောက်လာလို့ဗျ"

"ဟဲ့ တာတေ၊ အဲဒါ ဘန့်ဘွေးပင်က သရဲမသားအမိဟဲ့၊ သူ့ကလေးက ပြားကြည်ရဲ့ကလေးနဲ့ ယာထဲမှာ ကစားဖက်တွေ ခင်နေကြတာ၊ ပဲသိမ်းပြီးတဲ့နေ့က ပြားကြည်သမီးလေးက သရဲမလေးကို သူ့အိမ်လိုက်ခဲ့ဖို့ အတင်းချော့မော့ပြီး ခေါ်လာတာ၊ ဆံရှည်သရဲမက တခြားကို သွားနေတုန်း သူ့ကလေးက ပြားကြည်သမီးနဲ့ လိုက်လာတာ။ နောက်တစ်နေ့ရောက်တော့ ပြားကြည့်တို့လင်မယား ဆွမ်းကပ်တယ်၊ ဆရာတော်က ပရိတ်ရေပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီပရိတ်ရေထဲမှာ ဆေးဝါးတွေလည်း ပါတယ်၊ အဲဒါနဲ့ ပြားကြည်ယောက်ျားက ဝိုင်းစည်းရိုးတွေ ဖျန်းလိုက်ရော၊ ညရောက်လို့ ဆံရှည်မက သူ့ကလေး ဒီမှာရှိမှန်းသိတော့ လာခေါ်တယ်။ ဒါပေမဲ့ အထဲက ကလေးကလည်း တစ်ဝိုင်းလုံး ဖျန်းထားတဲ့ ပရိတ်ရေအစွမ်းကြောင့် ဝိုင်းပြင်ကို မထွက်နိုင်ဘူး။ အပြင်က အမေကလည်း ကလေးကို ဝင်ပြီးမခေါ်နိုင်ဘူး။ အဲဒါကြောင့် ဆံရှည်မက ဟိုပြေး ဒီပြေး လုပ်နေတာ။ ကြာလာရင် ဆံရှည်မ ဒေါသဖြစ်ပြီး နင်တို့ရွာကို ဒုက္ခပေးလိမ့်မယ်။ ဒီညပဲ နင် ကလေးကို ဆံရှည်မနဲ့ ပြန်ထည့်ပေးလိုက်''

''ဘယ်လိုလုပ်ပြီး ကလေးကို ထုတ်ရမှာတုံးဗျ''

''ခြံစည်းရိုးကို တစ်နေရာက ဖောက်လိုက်လေ၊ အဲဒီအပေါက်က ကလေးထုတ်ပေးလိုက်''

ကျုပ်တို့ ရွာပြန်ရောက်တော့ ကိုးနာရီခွဲနေပြီ။ ချက်ချင်းပြင်ကြရတာပေါ့ဗျာ။ ဘလေးသိုးဖြူနဲ့ ဒွေးလေးပြားကြည်ကို မဖဲဝါ ပြောတာတွေ ပြောပြရတာပေါ့။ ဘလေးရော ဒွေးလေးပါ အံ့သြကြတာပေါ့ဗျာ။

''ဟဲ့ ပဲစိန် လာစမ်း ဒီကို''

လို့ ဒွေးလေးက ပဲစိန်ကို ခေါ်လိုက်တော့ ပဲစိန်က ကုပ်ကုပ်ကလေးဗျ။ သူ့အမေရှေ့ကို ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒွေးလေး ခင်ဗျား ကျုပ်တူမကို မဆူ မငေါက်နဲ့၊ ကျုပ်ဘာသာ မေးမယ်"

လို့ ဒွေးလေးတို့ လင်မယားကို ကျုပ်က ဟန့်တားလိုက်ပြီးမှ ပဲစိန်ကို မေးရတာဗျ။

"ပဲစိန် နင် ယာထဲကအပြန်မှာ နင်နဲ့ ဘန့်ဘွေးပင်အောက်မှာ ကစားနေကျ ကောင်မလေးကို အိမ်ခေါ်လာတယ်ဆို"

ပဲစိန်က ဘာမှမပြောဘဲ ခေါင်းလေးပဲ ညိတ်ပြတာဗျ။

"ဘာလဲ၊ နင့်သူငယ်ချင်းကို ခင်လို့လား"

"ဟုတ်တယ်၊ သူနဲ့ ကစားရတာပျော်လို့"

"ဪ အေး အေး၊ နေဦး သူငယ်ချင်းနာမည်က ဘာတဲ့တုံး"

"သူ့မှာ နာမည်မရှိဘူးတဲ့၊ သူ့ကို မဲစိန်လို့ ခေါ်တယ်"

"ဘာ၊ မဲစိန် ဟုတ်လား၊ ဒီနာမည်ကို ဘယ်သူပေးထားတာတုံး"

"သမီး ပေးထားတာ၊ သမီးက ပဲစိန်ဆိုတော့ သမီးသူငယ်ချင်းက မဲစိန်ပေါ့ ကိုကြီးတာတေရဲ့"

"ဟား၊ ဟား၊ ဟား၊ ဟား"

အားလုံးဝိုင်းရယ်ကြတော့တာပေါ့ဗျာ။ ငိုအားထက် ရယ်အားသန်ဆိုတာ ဒါမျိုးပဲ ဖြစ်မယ်ဗျ။ ပဲစိန်ကို ဒေါသဖြစ်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွေးလေးပြားကြည်တောင် သူ့သမီးကိုကြည့်ပြီး ရယ်နေရောဗျို့။ ဘလေးသိုးဖြူကလည်း ရယ်တာပဲဗျ။

"ကဲ ပဲစိန်၊ နင့်သူငယ်ချင်း မဲစိန်ကို ပြောလိုက်၊ သူ့အမေ လာခေါ်လိမ့်မယ်လို့၊ ကိုကြီးတာတေ ပြန်ထည့်ပေးလိုက်မယ်၊ သိလား ပဲစိန်"

ပဲစိန်က မျက်လုံးပြူးလေးနဲ့ ခေါင်းညိတ်ပြတယ်ဗျ။ ပဲစိန် အသက်က အခုမှ ခြောက်နှစ် ရှိသေးတာဗျ။

"ဝူး၊ ဝူး၊ ဝူး၊ အူး၊ အူး"

ဟော ခွေးတွေအူပြီဗျို့။ နာရီကြည့်တော့ ညသန်းခေါင် ကျော်ပြီ။ ကျုပ်က ခြံစည်းရိုးကို နည်းနည်းဖျက်လိုက်တယ်။ လူတစ်ယောက် ဝင်သာရုံပေါ့ဗျာ။ ခြံစည်းရိုးဝါးဆယ်ချောင်း လောက် ခဏနုတ်ပစ်လိုက်တာပေါ့ဗျာ။ ပြီးတာနဲ့ နှမ်းထည့်တဲ့ ဂုန်နီအိတ်ခွံတွေကို အိမ်လှေကားကနေ ခြံစည်းရိုးအပေါက်ကို ရောက်တဲ့အထိ ဆက်ပြီးခင်းလိုက်တယ်။ ဂုန်အိတ်ကော်ဇောပေါ့ ဗျာ။ ဘာဖြစ်လို့တုံးဆိုတော့ ဝိုင်းမြေပေါ်မှာ ပရိတ်ရေတွေ ဖျန်း ထားတာလေဗျာ။ မဲစိန် နင်းလို့ဘယ်ရမတုံး။ ပြီးမှ ကျုပ်က မျက်ကွင်းဆေး ကွင်းလိုက်တယ်။

"ကဲ သမီး ပဲစိန်၊ နင့်သူငယ်ချင်း မဲစိန်ကို သွားခေါ်တော့"

ကျန်တဲ့လူတွေက အိမ်နံရံမှာ ကပ်ပြီး ထိုင်ပေးနေကြ တာဗျ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ပဲစိန်က အိမ်ပေါ်ထပ်ကိုတက်ပြီး ပြန်ဆင်းလာတယ်။ ဟော ပဲစိန်နောက်မှာ ပါလာပြီဗျို့။ ဆံပင်အရှည်ကြီးနဲ့ပဲဗျ။ မျက်နှာရော တစ်ကိုယ်လုံးပါ ဆံပင်ရှည်ကြီးအုပ်နေတာဗျ။ ဆံပင်က ဒူးခေါင်းတောင် ဖုံးတယ်။

"လာ ကလေး ဘာမှမကြောက်နဲ့၊ ကိုကြီးတာတေကိုယ်တိုင် နင့်အမေလက်ထဲအရောက် အပ်ပေးလိုက်မယ်"

လို့ပြောပြီး ကျုပ်က ရှေ့ကသွားတယ်။ ဆံပင်ရှည်သရဲမလေးက ကျုပ်နောက်က လှုပ်လှုပ် လှုပ်လှုပ်နဲ့ လိုက်လာတယ်ဗျို့။

ဟာ ရောက်နေပြီဗျို့။ ရွာလမ်းပေါ်မှာ ဆံရှည်သရဲမကြီး ရပ်နေတယ်ဗျို့။ အရပ်ကြီးမှ ဆယ်ပေ ကိုးပေလောက် ရှိတာဗျာ။ မဲစိန်လိုပဲ ဆံပင်က တစ်ကိုယ်လုံးကို အုပ်နေတာဗျို့။

ကျုပ်က မဲစိန်လေးကို ဂုန်နီအိတ်ခင်းထားတဲ့အပေါ်က ခေါ်လာတယ်။ ဒါတော့ သူလျှောက်လို့ရသားဗျ။ မဲစိန်က ကျုပ်နောက် ခပ်ခွာခွာက လှုပ်လှုပ် လှုပ်လှုပ်နဲ့ လျှောက်လာတာဗျ။ ကျုပ်က ခြံစည်းရိုးအပေါက်နားရောက်တော့ မဲစိန်ကို လက်ညှိုးထိုးပြတယ်။

"မဲစိန် နင် ဒီအပေါက်က ထွက်လို့ရတယ်၊ ထွက်သွား၊ မဲစိန်က ကျုပ်လုပ်ထားတဲ့ ခြံစည်းရိုးအပေါက်ကနေ ထွက်သွားတယ်။ ဟာ ရတယ်ဗျို့။ မဲစိန်လေး ထွက်လို့ရသွားပြီဗျာ။ ခြံအပြင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ မဲစိန်က ရပ်ပြီး နောက်ကို လှည့်ကြည့်တယ်။ ဟင် လှေကားရင်းမှာ မတ်တတ်ကလေးရပ်နေတာ ပဲစိန်ဗျ။ တလှုပ်လှုပ်နဲ့ ဝိုင်းထဲက ထွက်သွားတဲ့ သရဲမလေးကို ကြည့်နေတာဗျို့။ ကျုပ်က ပဲစိန်ကို အံ့သြပြီး ကြည့်နေလိုက်တယ်။

"မဲစိန်ရေ တာ့တာ့၊ နောက်တစ်ခါ လာခဲ့ဦးနော်၊ အတူတူဆော့ရအောင်"

ပဲစိန်က သူ့ရဲမလေးကို လှမ်းအော်ပြောလိုက်တာဗျ။

ဟော ဆံရှည်သရဲမကြီးက သူ့သမီး မဲစိန်လေးကို ဆွဲကနဲချီလိုက်ပြီး ရွာလယ်လမ်းအတိုင်း ရိပ်ကနဲပြေးပြီး ပျောက်သွားကြရောဗျို့။

ကျုပ်က လှေကားရင်းမှာ တွေတွေလေး ရပ်နေတဲ့ ပဲစိန်ကို ကောက်ချီပြီး သူ့မျက်နှာကို သေသေချာချာ ကြည့်လိုက်တော့ ပဲစိန် မျက်လုံးမှာ မျက်ရည်စလေးတွေနဲ့ဗျ။

တာတေ

□□□



www.burmeseclassic.com